# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ်၌ စတင်တည်ထောင်သည်။ Established in 1957

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 24 February 2021 ၁၀၂၉၈


**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ လူမှုရေး

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စီးပွားရေးရာကော်မတီအစည်းအဝေးအမှတ်စဉ်(၁/၂၀၂၁)သို့ တက်ရောက်အမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စီးပွားရေးရာကော်မတီအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၁)တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၃

စီးပွားရေးရာကော်မတီအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁) ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ စီးပွားရေးရာကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




# မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များအကြား တပ်ရင်းမှူးအဆင့် အလံတင်အစည်းအဝေး ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များအကြား တပ်ရင်းမှူးအဆင့် အလံတင်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံ မောင်တောမြို့ အမှတ်(၁) လူဝင်/ ထွက် စစ်ဆေးရေးစခန်း (POE) ၌ ကျင်းပသည်။

အဆိုပါ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များအကြား တပ်ရင်းမှူးအဆင့် အလံတင်အစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၄) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ဇော်လင်းအောင်ဦးဆောင်သော ကိုယ်စားလှယ် ခုနစ်ဦးနှင့် အမှတ် (၂) ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ် (တက္ကနာ့ဖ်)မှ တပ်ရင်းမှူး Lt.Col. Mohammad Faisal Hasan Khan ဦးဆောင်သော ကိုယ်စားလှယ် ၁၁ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နယ်စပ်ဖြတ်ကျော်၍ တရားမဝင် ဝင်/ထွက်သွားလာမှုများအား တားဆီးထိန်းသိမ်းပေးရေး၊ နယ်စပ်ဒေသနေပြည်သူများအား အသိပညာပေးရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ မဖြစ်ပေါ်စေရန်နှင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှုရှိစေရန်တို့အတွက် အပြန်အလှန် သတင်းဖလှယ်ပြီး ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းဥပဒေနှင့်အညီ အရေးယူခဲ့ပြီးဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၂၄ ဦးကို မြန်မာနယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်သို့ စနစ်တကျ ပြည်နှင် လွှဲပြောင်းပေးအပ်ခဲ့သည်။ ၎င်းတို့မှာ တရားမဝင် ဝင်ရောက်နေထိုင်သူ ၂၂ ဦး၊ တရားမဝင် ငွေကြေးလဲလှယ်သူ တစ်ဦးနှင့် တရားမဝင်ကုန်စည်ပို့ဆောင်သူ တစ်ဦးတို့ဖြစ်ပြီး ၁၉၈၀ ပြည့်နှစ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်ခြားအစီအစဉ်များနှင့် ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ် အပိုင်း (၂)၊ အပိုဒ် (၇) နှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၂၃-၂-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၃၀၀ | ၉,၃၀၀ | ၇၄၁ | ၆,၈၉၁,၃၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၅၀ | ၆၂ | ၂၁၇,၇၅၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၃ | ၂၄,၆၀၀ |
| FPB | ၂၁,၅၀၀ | ၂၁,၅၀၀ | ၀ | ၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၁၅ | ၄၂,၇၅၀ |
| EFR | ၃,၃၅၀ | ၃,၃၅၀ | ၁ | ၃,၃၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၃

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၃၀.၅ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၇၃၉.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၂၁.၄၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၇.၆၅၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၅၃.၈၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၇၇၁ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၃၁.၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၈၂.၉ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၅၉.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၈.၆၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့

## ကြေးမုံ

# အကောင်းမြင်ဝါဒကို ထာဝစဉ်ကျင့်သုံး

လောကကြီး ငြိမ်းချမ်းသာယာဝပြောစေရေးအတွက် အကောင်းမြင်ဝါဒ စိတ်ထားထားနိုင်မှသာ ဖြစ်နိုင်ပါသည်။ အကောင်းမြင်ဝါဒဆိုသည်မှာ မေတ္တာတရားကို အခြေခံသည့် ကောင်းသောစိတ်ထား ဖြစ်ပါသည်။ တစ်နည်းဆိုလျှင် ဒေါသမီးကို ငြိမ်းသတ်နိုင်သည့် ဆင်ခြင်တုံတရား ဖြစ်သည်။

အကောင်းမြင်ဝါဒ (ဝါ) အကောင်းမြင်စိတ်ထားကို positive thinking ဟုဆိုသည်။ လောကတွင် အမှန်နှင့် အမှား၊ တရားနှင့် မတရား၊ မိတ်ဆွေနှင့် ရန်သူ၊ လူဆိုးနှင့် လူကောင်း စသည်ဖြင့် အရာနှစ်မျိုးနှစ်စားသာ ရှိသည်။ အရာရာတွင် positive မဟုတ်လျှင် negative သာ ဖြစ်မည်။ negative မဟုတ်လျှင် positive သာ ဖြစ်မည်။ ၎င်းနှစ်မျိုးတို့သည် တစ်ခုနှင့်တစ်ခု အားသာရာလွန်ဆွဲနေကြသည်။

အမှန်တကယ်တွင် လူတို့သည် ငြိမ်းချမ်းသာယာသောဘဝကို ရရှိပိုင်ဆိုင်လိုကြသူချည်းသာ ဖြစ်သည်။ ယင်းသို့ဆိုလျှင် လူအများသည် positive အမြင်ထားဖို့လိုသည်။ positive အမြင်ကို အတိုင်းအတာ မည်မျှအထိ ထားရမည်နည်းဟူသည်ကို အောက်စ်ဖို့ဒ်ဆရာတော်၏ လမ်းညွှန်စကားကို မှတ်သားရသည်။ “ဘယ်အတိုင်းအတာအထိ positive thinking ကိုထားရမှာလဲဆိုရင် သေသည်အထိထားရမှာ”ဟူ၍ ဖြစ်သည်။

positive thinking မထားနိုင်ရင် negative thinking သာဖြစ်နေပြီး မည်သည့်အခါမျှ ရန်မီးငြိမ်းနိုင်မည်မဟုတ်ပေ။ အကောင်းမြင်စိတ်ထား မထားနိုင်လျှင် အဆိုးမြင်စိတ်များသာ လွှမ်းမိုးနေမည် ဖြစ်သည်။ မည်သူမှန်သည်ဖြစ်စေ၊ မည်သူမှားသည်ဖြစ်စေ အကောင်းမြင်စိတ်ထားဖြင့် နားလည်မှုပေးတတ်ရန် လိုအပ်သည်။ နားလည်မှုပေးခြင်းသဘောသည် အလျှော့ပေးခြင်းမဟုတ်ပေ။ နားလည်မှုပေးခြင်းသည် အကောင်းမြင်စိတ်ထား ထားလိုက်ခြင်းဖြစ်သည်။

သည်းခံသူနှင့် သည်းမခံသူ၊ ဒေါသဖြစ်သူနှင့် ဒေါသမဖြစ်သူ ခွဲခြားရှုမြင်လျှင် တစ်ခုက ကောင်းသောအမှုပြုသူဖြစ်ပြီး တစ်ခုက အကုသိုလ်အမှုကို ပြုသူကဲ့သို့ ဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ အကုသိုလ်ဖြစ်သည်နှင့် မကောင်းသည့်ကံများ ဆက်တိုက်ဖြစ်လာသည်ကို ကြုံဖူးမည်ဖြစ်သည်။ ထို့ကြောင့် အကုသိုလ်မဖြစ်အောင် ကောင်းသောစိတ်ထားမွေးမြူနိုင်ဖို့ လိုအပ်မည်ဖြစ်သည်။

ကောင်းသောစိတ်ထားမွေးမြူရေးသည် ဗုဒ္ဓဘုရားရှင်တော်မြတ်၏ အဆုံးအမတရားတော်အတိုင်းသာ ဖြစ်သည်။ မိမိစိတ်အတွင်း ညစ်နွမ်းနေသည့် မကောင်းသော စိတ်များကို ပြင်းပြသောလုံ့လဝီရိယဖြင့် ကောင်းသည့်အရည်အသွေးအဖြစ် ပြောင်းလဲလိုက်ခြင်းဖြစ်သည်။ ထိုအပြောင်းအလဲယုံကြည်မှုသည် ဗုဒ္ဓတရားတော်၏ အနှစ်သာရ၊ သစ္စာလေးပါးအဆုံးအမ၏ အနှစ်ဖြစ်သည်။ ပြောင်းလဲအောင် ပြုလုပ်ပုံနည်းမှာ မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းစဉ် မဂ္ဂင်ရှစ်ပါး ဖြစ်သည်။

မိမိတို့အပေါ် ပြစ်တင်ဝေဖန်တိုက်ခိုက်မှုများကို အကောင်းမြင်အောင် ရှာတွေးတတ်လျှင် မည်သည့်တုံ့ပြန်မှုမျှ ပေါ်ထွက်လာတော့မည်မဟုတ်ပေ။ ဒေါသ၊ မာနတို့လည်း ဖြစ်မလာတော့ပေ။ ယင်းကို မထီမဲ့မြင်ပြုသည်ဟု အပြစ်ရှာ၍လည်း ပြောလာတတ်သည်။ နှစ်ဖက်ပြဿနာကို မဇ္ဈိမပဋိပဒါနည်းဖြင့်သာ အဖြေရှာနိုင်ပေသည်။ ဖြေရှင်းနိုင်ပေသည်။ ဒုက္ခနည်းအောင် လုပ်နိုင်ပေသည်။ မည်သို့ပင် တုံ့ပြန်သည်ဖြစ်စေ ကောင်းကွက်ကိုရှာဖွေ၍ သင့်လျော်အောင်နေလိုက်ခြင်းသည် positive thinking ဖြစ်သည်။

ဒုက္ခချုပ်ငြိမ်းစေရန် ထွက်ပေါက်ရှာသည်ဟုလည်း ဆိုနိုင်သည်။ ဘာသာတရားတွင် တရားဘာဝနာ ပွားများအားထုတ်ခြင်းဖြစ်သည်။ လောကီပိုင်းတွင် စာပေဖတ်ရှုခြင်းမှအစ မိမိတို့ဝါသနာပါရာ ကောင်းသောအလုပ်များကို ပြုလုပ်ခြင်းဖြစ်သည်။ ခင်မင်ရင်းနှီးရာ မိတ်ဆွေအပေါင်းအသင်းများနှင့် အသိပညာ ဗဟုသုတများ မျှဝေဖလှယ်ခြင်းဖြစ်သည်။ မကောင်းသည့်အတွေးများ ဝင်မလာအောင် ကောင်းသည့်ဘက်များတွင် နှစ်မြှုပ်ထားခြင်းဖြစ်သည်။

သို့ဖြစ်ရာ ဒေါသ၊ မောဟ၊ ကြသာ၊ မစ္ဆရိယစိတ်များ လွှမ်းမိုးနေလျှင် မည်သည့်အခါမျှ ကောင်းသောစိတ်ထားများ ထားနိုင်မည်မဟုတ်ပေ။ တွေးမိလေတိုင်း တွေးမိတိုင်း ဒေါသများဖြင့် အကုသိုလ်ဖိစီးနေမည်သာ ဖြစ်သည်။ အကုသိုလ်ဖိစီးလျှင် အကုသိုလ်အလုပ်များသာ လုပ်ကိုင်ဖြစ်လာပြီး မိမိအတွက်သာမက မည်သည့်အခါမျှ ငြိမ်းချမ်းသာယာသောလောကကို ဖန်တီးနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် အကောင်းမြင်စိတ်ထားများကို ထာဝစဉ်ကျင့်သုံးပါဟု အကြံပြုလိုပါကြောင်း။ ။

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

**၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်း အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်။**

**၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။**

**၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။**

**၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။**

**၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။**

☆ **ရှေ့ဖုံးမှ**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် ဦးစိုင်းလုံးဆိုင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးချစ်နိုင်၊ ဦးတင်ထွဋ်ဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဒေါက်တာပွင့်ဆန်း၊ ဦးရွှေလေး၊ ဒေါက်တာသက်သက်ခိုင်၊ ဦးမောင်မောင်အုန်း၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် စီးပွားရေးရာကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စီးပွားရေး ကဏ္ဍသည် အလွန်ကျယ်ပြန့်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ အဓိကမောင်းနှင်အားတစ်ခုဖြစ်သည့် စီးပွားရေးမောင်းနှင်အားမှာ အရေးကြီးသည့်အတွက် ယခုကော်မတီသည် နိုင်ငံ၏ စီးပွားရေးဖြစ်ပေါ်ပြောင်းလဲမှုကို သက်ရောက်မှုရှိသည့် ကော်မတီဖြစ်ပါကြောင်း၊ စီးပွားရေးကောင်းမွန်ရေးအတွက် ဆောင်ရွက်ရန် မည်သည့်ကဏ္ဍကို အခြေခံစဉ်းစားရမည်ဆိုသည်မှာလည်း အရေးကြီးကြောင်း၊ တိုင်းပြည်၏ စီးပွားရေးကောင်းမွန်ရန် အခြေခံကောင်းများ ရှိရန်လိုအပ်ကြောင်း၊ စီးပွားရေးကောင်းမွန်ရန် အတွက် ဆောင်ရွက်သူများ၏ မူဝါဒချမှတ်မှုနှင့် စွမ်းဆောင်မှုအပေါ်မူတည်ကြောင်း။

လုပ်ငန်းများဆောင်ရွက်ရာတွင် တစ်ဦးတစ်ဖွဲ့တည်းဖြင့် ဆောင်ရွက်၍မရပါကြောင်း၊ ဝိုင်းဝန်း ပူးပေါင်း ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနတို့၏ အချက်အလက်များကို ကြည့်ရှုရာတွင် ကုန်သွယ်မှု လိုငွေပြမှုများရှိကြောင်း၊ ထို့အတူ **ပြည်ထောင်စု၏ စုစုပေါင်း လိုငွေ**လည်းပြနေကြောင်း၊ သို့ဖြစ်၍ ကုန်ထုတ်လုပ်မှုနှင့် ပို့ကုန်တင်ပို့မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းပြည် စီးပွားရေးကောင်းမွန်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် လူဦးရေ ၅၄ သန်းကျော်ရှိကြောင်း၊ မြေ၊ လူသားအရင်းအမြစ်နှင့် သယံဇာတများစွာရှိသည့်အတွက် အလုပ်လုပ်နိုင်သည့် အခြေခံကောင်းများရှိကြောင်း၊ ကုန်ထုတ်လုပ်မှုများဆောင်ရွက်ရာတွင် မည်သည့်အချက်အပေါ် အခြေခံမည်ဆိုသည်ကိုလည်း စဉ်းစားဆောင်ရွက်ရန် လိုကြောင်း၊ ရေရှည်အတွက် သဘာဝသယံဇာတများကို လွယ်လွယ်ကူကူ ထုတ်ယူရောင်းချ၍ မရကြောင်း၊ တိုင်းပြည်အနာဂတ်အတွက် ထိန်းသိမ်းသိုလှောင်ပြီး အရေးပေါ်အတွက် အရန်ထားရန် လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် သယံဇာတထုတ်လုပ်မှုကို လျှော့ချသွားရန်လိုအပ်ကြောင်း။

တစ်ဖက်ကလည်း သွင်းကုန်အစားထိုးလုပ်ငန်းများကို ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စားသောက်ကုန်ပစ္စည်း တင်သွင်းမှုကို လျှော့ချသွားရန်လိုအပ်ပြီး မိမိတို့နိုင်ငံ၌ပင် ထုတ်လုပ်နိုင်ရန် လိုအပ်ကြောင်း၊ ထို့အပြင် ပြည်တွင်းထုတ်လုပ်မှုကို တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် အဓိကလိုအပ်ချက်မှာ လျှပ်စစ်စွမ်းအင်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ကြိုးစားရမည်ဖြစ်ကြောင်း၊ သို့မှသာ လူမှုစီးပွားဘဝတိုးတက်ပြီး ကုန်ထုတ်လုပ်မှု တိုးတက်လာမည်ဖြစ်ကြောင်း၊ လူဦးရေ ၅၄ သန်းတွင် အခြေခံပညာနှင့် တက္ကသိုလ်ပညာ ပြီးမြောက်သူတို့၏ လုပ်အားများကို ကဏ္ဍအလိုက် အသုံးချနိုင်ရေးအတွက် နည်းလမ်းရှာရမည်ဖြစ်ကြောင်း၊ အလုပ်သမားများနှင့် အလုပ်ရှင်များအတွက်လည်း ထည့်သွင်းစဉ်းစားပေးရမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှု လုပ်ကိုင်သူများအတွက်လည်း အာမခံချက်နှင့် ဆွဲဆောင်မှုများပေးရမည်ဖြစ်သကဲ့သို့ ယုံကြည်မှုရှိရန်လည်း လိုအပ်ကြောင်း။

စီးပွားရေးသည် အပြောကျယ်ပြီး ငွေကြေးနှင့် ပတ်သက်နေကြောင်း၊ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုရာတွင် လိုအပ်သည့် အကျိုးအမြတ်ရရှိမည်ဟုဆိုသည့် မက်လုံးဖြင့် ကျေနပ်မနေသင့်ကြောင်း၊ အခွန်ကောက်ခံမှုအပိုင်းတွင်လည်း အခွန်တိုးမြှင့်ရရှိရေး ထက် အခွန်ပေးဆောင်သူ ဦးရေတိုးတက်မှုရရှိအောင် ကြိုးစားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ရရှိရန်လိုကြောင်း၊ စက်ရုံ၊ အလုပ်ရုံကဏ္ဍတွင်လည်း လုပ်ငန်းများ ပုံမှန်လည်ပတ်နေရေးအတွက် အားပေးရမည်ဖြစ်ကြောင်း၊ ၎င်းတို့၏ အခက်အခဲများရှိပါကလည်း ဝိုင်းဝန်းဖြေရှင်းပေးရမည်ဖြစ်ကြောင်း၊ ထို့အပြင် လည်ပတ်နေသည့်စက်ရုံများမှ ထွက်ရှိလာသည့် ကုန်ပစ္စည်းများ၏ အရည်အသွေး မြင့်မားရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက မူဝါဒများချမှတ်ပြီး ကူညီဆောင်ရွက်ပေးရန်လိုကြောင်း။

စက်မှုဝန်ကြီးဌာနသည် နိုင်ငံတကာတွင် ရှိပါကြောင်း၊ စီးပွားရေးလုပ်ငန်းများတွင် နိုင်ငံသူ နိုင်ငံသားများက အဓိကဖန်တီးနိုင်သည့်ကဏ္ဍတွင် ပါဝင်နေရန်လိုအပ်ကြောင်း၊ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ခွင့်ပြုရာတွင် ကော်မတီအနေဖြင့် သဘောကောင်းရန်မလိုအပ်ဘဲ စေတနာကောင်းရန်သာလိုအပ်ပါကြောင်း၊ နိုင်ငံသူ၊ နိုင်ငံသားများ နစ်နာမှုမရှိစေရေးအတွက် စဉ်းစားဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ယခုစီးပွားရေးကော်မတီသည် တိုင်းပြည် စီးပွားကောင်းမွန်ရေးအတွက် မောင်းနှင်ရန် အဓိကကျသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ သို့ဖြစ်၍ တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆုံးဖြတ်ချက် မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ဆုံးဖြတ်၍ ရင်းနှီးမြှုပ်နှံသူများ လုပ်သာကိုင်သာရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးကော်မတီ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က စီးပွားရေး ကော်မတီဖွဲ့စည်းဆောင်ရွက်ခဲ့မှုများ၊ ကော်မတီ အစည်းအဝေးများ ကျင်းပခဲ့မှုနှင့် ဆုံးဖြတ်ဆောင်ရွက်ရန် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ခွင့်ပြုပေးရန် ကိစ္စရပ်များ၊ မှတ်တမ်းတင်ပေးရန်ကိစ္စရပ်များ၊ အမိန့်ကြေညာစာ ထုတ်ပြန်ပေးရန်ကိစ္စရပ်များ၊ ငွေကြေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်အဖွဲ့ဝင်များ ခန့်အပ်ရေးနှင့် ချီးမြှင့်ငွေ တိုးမြှင့်ပေးရန်ကိစ္စရပ်များ၊ နားလည်မှုစာချုပ်နှင့် သဘောတူစာချုပ်များ လက်မှတ်ထိုးရန်ကိစ္စရပ်များ ခွင့်ပြုနိုင်ရေးအတွက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတကာနှင့် ချုပ်ဆိုထားသည့် နားလည်မှုစာချွန်လွှာများ၊ သဘောတူစာချုပ်များနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ နိုင်ငံတကာ အကူအညီပေးရေးကိစ္စရပ်များနှင့် ပတ်သက်၍ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်က ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ လုပ်ငန်းစဉ်များနှင့် ပြုပြင်ပြောင်းလဲရန် ဆောင်ရွက်နေမှု၊ စိစစ်တွေ့ရှိချက် အစီရင်ခံစာများနှင့် ဆက်လက်စစ်ဆေးရမည့် စာရင်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက နိုင်ငံပိုင် ကြေးနီနှင့် ကျောက်မျက်ရတနာများ စုစည်းထားရှိမှုနှင့် ရတနာပြပွဲများကျင်းပရေးကိစ္စတို့နှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် စီးပွားရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယခုကော်မတီတွင် တာဝန်ထမ်းဆောင်နေကြသူများအနေဖြင့် အတွေ့အကြုံရှိသူများဖြစ်၍ မိမိတို့တာဝန်ကို အကောင်းဆုံးဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ COVID – 19 ကာလတွင် ယိုင်နဲ့နေသည့် စီးပွားရေးကို အမြန်ဆုံးပြန်လည်တည့်မတ်စေရေး ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ သက်ဆိုင်ရာ လုပ်ငန်းများအလိုက် ဌာနဆိုင်ရာ တာဝန်ရှိသူများ အနေဖြင့် မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးရန်လိုကြောင်း၊ အချိန်အား လေးစားရန်နှင့် အလုပ်ကို အကြွေးမထားရန်လိုကြောင်း၊ တင်ပြသင့်သည်များကို အမြန်ဆုံးတင်ပြရန်နှင့် ဌာနဆိုင်ရာများအချင်းချင်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန်လိုကြောင်း၊ ပံ့ပိုးမှုပေးရမည့်ဝန်ကြီးဌာနများနှင့် ပုဂ္ဂိုလ်များအနေဖြင့် မျှတရန်လိုအပ်ပြီး လေးလေးနက်နက် စဉ်းစား၍ ဆောင်ရွက်ပေးရန် လိုကြောင်း၊ မူဝါဒများနှင့်ပတ်သက်၍ ခိုင်ခိုင်မာမာ ဖြစ်ရန်လိုအပ်ပြီး ရပ်တည်ချက် မှန်ကန်ရန် လိုကြောင်း၊ ယခု ကော်မတီအစည်းအဝေးသည် တိုင်းပြည်စီးပွားရေး ပြန်လည်တိုးတက်လာစေရေး အတွက် အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

**လူဦးရေ ၅၄ သန်းတွင် အခြေခံပညာနှင့် တက္ကသိုလ်ပညာပြီးမြောက်သူတို့၏ လုပ်အားများကို ကဏ္ဍအလိုက် အသုံးချနိုင်ရေးအတွက် နည်းလမ်းရှာရမည်ဖြစ်ကြောင်း၊ အလုပ်သမားများနှင့် အလုပ်ရှင်များအတွက်လည်း ထည့်သွင်းစဉ်းစားပေးရမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှု လုပ်ကိုင်သူများအတွက်လည်း အာမခံချက်နှင့် ဆွဲဆောင်မှုများပေးရမည်ဖြစ်သကဲ့သို့ ယုံကြည်မှုရှိရန်လည်း လိုအပ်**

**တိုင်းပြည်စီးပွားရေးကောင်းမွန်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် လူဦးရေ ၅၄ သန်းကျော်ရှိကြောင်း၊ မြေ၊ လူသားအရင်းအမြစ်နှင့် သယံဇာတများစွာရှိသည့်အတွက် အလုပ်လုပ်နိုင်သည့် အခြေခံကောင်းများရှိကြောင်း၊ ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင် မည်သည့်အချက်အပေါ် အခြေခံမည်ဆိုသည်ကိုလည်း စဉ်းစားဆောင်ရွက်ရန် လိုကြောင်း၊ ရေရှည်အတွက် သဘာဝသယံဇာတများကို လွယ်လွယ်ကူကူ ထုတ်ယူရောင်းချ၍ မရကြောင်း၊ တိုင်းပြည်အနာဂတ်အတွက် ထိန်းသိမ်းသိုလှောင်ပြီး အရေးပေါ်အတွက် အရန်ထားရန် လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် သယံဇာတထုတ်လုပ်မှုကို လျှော့ချသွားရန်လိုအပ်**

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၈၄ /၂၀၂၁
၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးဇော်အေးမောင်အား တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် အစားထိုးခန့်အပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၈၅ /၂၀၂၁
၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

**စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် အစားထိုးခန့်အပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးလှဟန် အစား ဦးတင်သန်းဝင်းအား အစားထိုး ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ အစားထိုးခန့်အပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၈၆ /၂၀၂၁
၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ အစားထိုးခန့်အပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်နှစ်ဦးအား အောက်ပါအတိုင်း အစားထိုးခန့်အပ်တာဝန်ပေးလိုက်သည်-

(က) ဦးသောင်းတင် (အစား) ဦးအောင်မိုးမြင့်
(ခ) ဦးကျော်က် (အစား) ဦးအောင်လွင်ဦး

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၈၇ /၂၀၂၁
၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(က) ဒေါက်တာဇော်မြင့်
(ခ) ဦးဇော်ဝင်း

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ရေစီးရေလာနှင့် ရေဆိုးသန့်စင်မှုစနစ် ကောင်းမွန်စေရေး ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေး၊ ဒုတိယမြို့တော်ဝန် ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေတို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီတွင် လမ်းမတော်မြို့နယ် ကမ်းနားလမ်း ရွာသစ်ချောင်း ရေထိန်းတံခါးသို့ သွားရောက်၍ ရေထိန်းတံခါး ကြံ့ခိုင်ရေး၊ ရန်ကုန်မြစ်ရေတက်ချိန် မြို့တွင်းရေဝင်ရောက်မှုကာကွယ်ရေးအတွက် သတိပေးရန် ဆက်သွယ်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ကြပ်မတ်ညွှန်ကြားသည်။

ရေစီးရေလာနှင့် ရေဆိုးစီမံခန့်ခွဲမှု လုပ်ငန်းတာဝန်ခံအဖွဲ့အနေဖြင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းကြီးများ၊ မြေအောက်မြောင်းများအား စဉ်ဆက်မပြတ် ရှင်းလင်းလျက်ရှိကြောင်း၊ မိုးရာသီကာလအတွင်း မိုးသည်းထန်စွာရွာသွန်းပါက မြို့တွင်းရေလျှံမှု မဖြစ်စေရန် ရေထိန်းတံခါးဖွင့်၍ ရန်ကုန်မြစ်အတွင်း စီးဆင်းစေသကဲ့သို့ ရန်ကုန်မြစ်ရေတက်ခြင်းကြောင့် မြို့တွင်း ရေစီးဝင်မှု မဖြစ်စေရန် ရေထိန်းတံခါးပိတ်၍ ရေလျှံမှုမှ ကာကွယ်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းရှိ ရေဆိုးသန့်စင်စက်ရုံသို့ရောက်ရှိပြီး ရေဆိုးသန့်စင်မှုစနစ်၊ သန့်စင်ပြီးရေဆိုးအား ရန်ကုန်မြစ်အတွင်း စွန့်ထုတ်မှုစနစ်၊ ကြွင်းကျန်သည့် အနည်အဖတ်များမှ ဓာတ်မြေဩဇာထုတ်လုပ်မှုစနစ်၊ ဓာတ်ခွဲခန်းတွင် စစ်ဆေးတိုင်းတာသည့် စနစ်များကို လိုက်လံကြည့်ရှုစစ်ဆေး၍ စက်ပစ္စည်းများ၊ ရေဆိုးကန်များ ကြံ့ခိုင်ရေး၊ ပြုပြင်ထိန်းသိမ်းမှုများကို နေ့စဉ်၊ အပတ်စဉ်၊ လစဉ် လုပ်ငန်းများ သတ်မှတ်ဆောင်ရွက်ရေး၊ ဝန်ထမ်းများလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် မှာကြားသည်။

အဆိုပါ ရေဆိုးသန့်စင်စက်ရုံသည် ရန်ကုန်မြို့ မိလ္လာပြွန်စနစ် ဧရိယာဖြစ်သည့် မြို့တွင်း ခြောက်မြို့နယ်တွင် နေထိုင်သည့် လူဦးရေ သုံးသိန်းမှ နေ့စဉ် စွန့်ထုတ်သည့် မိလ္လာ ၁၄၇၇၅ ကုဗမီတာအား သန့်စင်နိုင်ရန် တည်ဆောက်ထားခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ်မှစ၍ မြို့တွင်းခြောက်မြို့နယ်မှ ၂၄ လက်မနှင့် ၃၆ လက်မ မိလ္လာပိုက်များဖြင့် ဝင်ရောက်သည့် ရေဆိုးများအပြင် ရေပုပ်စုပ်ယာဉ် အစီး ၈၀ ဖြင့် သယ်ဆောင်သည့် မိလ္လာရည်များကိုပါ နေ့စဉ် သန့်စင်ပေးလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ဗိုလ်တထောင်မြို့နယ် မဟာဗန္ဓုလလမ်းရှိ လေမှုတ်စက်ရုံ လည်ပတ်နေမှု၊ ရပ်နားထားသည့် ကျောက်မီးသွေးလောင်စာသုံး ဘွိုင်လာများနှင့် လက်ရှိလည်ပတ်နေသည့် လျှပ်စစ်လေမှုတ်စက်များ လုပ်ငန်းဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လေမှုတ်စက်ရုံသည် မြို့ပြအမွေအနှစ် အဆောက်အဦဖြစ်သဖြင့် ရှေးမူမပျက် ထိန်းသိမ်းရေး၊ ပြည်တွင်းပြည်ပ ဧည့်သည်များ လေ့လာနိုင်သည့် ပြတိုက်အဖြစ် ခင်းကျင်းပြသရေး၊ စက်များ စနစ်တကျ ပုံမှန်လည်ပတ်ရေးနှင့် စက်များ ကြံ့ခိုင်ရေးတို့အတွက် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။



အဆိုပါ လေမှုတ်စက်ရုံကို ၁၈၈၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ကျောက်မီးသွေးလောင်စာသုံး ဘွိုင်လာသုံးလုံးဖြင့် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၆၁-၁၉၆၂ ခုနှစ်မှစ၍ လျှပ်စစ်လေမှုတ်စက်များ အားဖြည့်တပ်ဆင်ပြီးနောက် ၁၉၆၃-၁၉၆၄ ခုနှစ်တွင် ကျောက်မီးသွေးလောင်စာသုံးဘွိုင်လာစနစ်ဖြင့် လည်ပတ်မှုအား ရပ်နားခဲ့ကြောင်း၊ ရန်ကုန်မြို့တော် မိလ္လာပြွန်စနစ် ဧရိယာအတွင်းရှိ စွန့်ပစ်မိလ္လာများကို ရေဆိုးသန့်စင်စက်ရုံသို့ စနစ်တကျရောက်ရှိစေရန် မိလ္လာပိုက်လိုင်းကြီး နှစ်လိုင်းနှင့် လေဖိအားသုံး မိလ္လာတွန်းစက်များအတွက် လေဖိအားကို လေမှုတ်စက်ကြီးများဖြင့် ထုတ်လွှတ်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပါတီစုံ ဒီမိုကရေစီလမ်းကြောင်းကို မပြောင်းလဲ

**နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးအတွက် တာဝန်ရှိသူများ အနေဖြင့် ညင်ညင်သာသာ ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ တာဝန်ယူချိန်မှစပြီး ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို မပြောင်းလဲကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ငြိမ်းချမ်းရေးနှင့် နိုင်ငံတကာဆက်ဆံရေးတို့နှင့်စပ်လျဉ်း၍ မူဝါဒများပြောင်းလဲခြင်း မရှိကြောင်း၊ ပကတိအခြေအနေများသည် ရွေးကောက်ပွဲမဲစာရင်းများ မှားယွင်းမှုကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်တို့တွင် အရပ်ဘက်မှ အများကြည်ညိုလေးစားသည့် ပုဂ္ဂိုလ်များနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိအနေဖြင့် အရပ်ဘက်အုပ်ချုပ်ရေးကို အလေးထား ကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၁၅-၂-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)


# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးအား ဗီဒီယိုကွန်ဖရင့်ဖြင့် လက်ခံတွေ့ဆုံ

**နေပြည်တော်  ဖေဖော်ဝါရီ ၂၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Don Pramudwinai အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်ဖြင့် လက်ခံဆွေးနွေးသည်။

ထိုသို့ ဆွေးနွေးစဉ် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးအား မြန်မာနိုင်ငံ၏ လတ်တလောဖြစ်ပေါ်တိုးတက်မှုအခြေအနေကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နှစ်နိုင်ငံဝန်ကြီးများသည် ရှိရင်းစွဲ နှစ်နိုင်ငံ ဆက်ဆံရေး၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု၊ နယ်စပ်ဒေသတည်ငြိမ် အေးချမ်းရေးကိစ္စအပါအဝင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ တရားဝင်လုပ်ကိုင်နိုင်ရေးအတွက် လိုအပ်သည့်အကူအညီများ ပေးအပ်ရေးတို့ကို ဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံဝန်ကြီးများသည် အာဆီယံ ပေါင်းစည်းညီညွတ်ရေးစိတ်ဓာတ်ကိုအခြေခံလျက် အာဆီယံလုပ်ငန်း မူဘောင်များအတွင်းမှ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန်လည်း ဆွေးနွေးခဲ့ကြ သည်။

**သတင်းစဉ်**

# ၂၀၂၁ ခုနှစ်အတွက် အာဆီယံဆု (ASEAN Prize 2021) လျှောက်ထားနိုင်ကြောင်းကြေညာ

၁။ အာဆီယံအသိုက်အဝန်းတည်ဆောက်မှု ပိုမိုအားကောင်းစေရေး၊ ဒေသတွင်းပေါင်းစည်းမှု မြှင့်တင်ရေး၊ အားလုံးပါဝင်မှုနှင့် ပြည်သူလူထုအကြား အာဆီယံနှင့်ပတ်သက်သည့် အသိအမြင်ဗဟုသုတ မြှင့်တင်ရေးတွင် စံနမူနာအဖြစ် စွမ်းစွမ်းတမံဆောင်ရွက်ပေးကြသော လူပုဂ္ဂိုလ်/အဖွဲ့အစည်းများ၏ အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ဂုဏ်သိက္ခာကြီးမားသည့် ဒေသဆိုင်ရာဆုတစ်ခု ဖြစ်သော ၂၀၂၁ ခုနှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန်အတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်။

၂။ အဆိုပြုလျှောက်ထားသူများအနေဖြင့် သက်ဆိုင်ရာအာဆီယံဥက္ကဋ္ဌမှ သတ်မှတ်ထားသည့် ဆောင်ပုဒ်နှင့်အညီ အောက်ဖော်ပြပါနယ်ပယ်များတွင် တစ်ဖက်တစ်လမ်းမှ အားဖြည့်ဆောင်ရွက်နေသူ များဖြစ်ရပါမည် -

(က) အာဆီယံ အဖွဲ့ဝင်နိုင်ငံများအကြား စွမ်းစွမ်းတမံပူးပေါင်းဆောင်ရွက်မှုများ

( ခ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား စွမ်းစွမ်းတမံပူးပေါင်းဆောင်ရွက်မှုများ

(ဂ ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ

(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုများ

(င) အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးအတွက် အထောက်အကူဖြစ်စေသည့် အခြား စွမ်းစွမ်းတမံ ဆောင်ရွက်ချက်များ

၃။ လက်ရှိ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများ အပါအဝင် ထင်ရှားသည့် အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသည့် အကဲဖြတ်ဒိုင်အဖွဲ့က ဆုရရှိသူကိုရွေးချယ်၍ အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀,၀၀၀ ကို ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ ဘန်ဒါဆရီဘီဂါဝန် မြို့၌ ကျင်းပမည့် (၅၄) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် ချီးမြှင့် ပေးအပ်သွားမည်ဖြစ်ပါသည်။

၄။ အဆိုပါဆုအားလျှောက်ထားသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အာဆီယံအခြေစိုက်အဖွဲ့အစည်း ဖြစ်ရမည်ဖြစ်ပြီး ပြည်သူဗဟိုပြုအာဆီယံအသိုက်အဝန်း တည်ဆောက် ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူဖြစ်ကြောင်း အထောက်အထားတင်ပြနိုင်သူဖြစ်ရပါ မည်။

၅။ ၂၀၂၁ ခုနှစ် အာဆီယံဆုအတွက် အဆိုပြုလျှောက်လွှာများကို ယခုကြေညာသည့်အချိန်မှစ၍ ဧပြီလ ၂၃ ရက်နေ့အထိ လက်ခံသွားမည်ဖြစ်ပြီး ပြည့်စုံစွာဖြည့်စွက်ထားသည့် လျှောက်လွှာများကို အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၉)၊ နေပြည်တော် (သို့မဟုတ်) dgasean@gmail.com သို့ သတ်မှတ်ရက်ထက်နောက်မကျစေဘဲ ပေးပို့လျှောက်ထားနိုင်ပါသည်။

၆။ လျှောက်ထားမည့် လူပုဂ္ဂိုလ် အဖွဲ့အစည်းများသည် အာဆီယံအသိုက်အဝန်းတည်ဆောက်ရေး နှင့် အာဆီယံဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို စာမျက်နှာ (၃) မျက်နှာမှ (၅)မျက်နှာအကြား အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ်ရေးသားဖော်ပြရမည် ဖြစ်ပါသည်။ လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https://asean.org/asean-prize-/ တွင် ရယူနိုင်ပါသည်။

၇။ ၂၀၁၈ ခုနှစ်တွင် အာဆီယံဆုစတင်ချီးမြှင့်ခဲ့သည့်အချိန်မှစ၍ ဖိလစ်ပိုင်၊ မလေးရှားနှင့် စင်ကာပူ နိုင်ငံတို့မှ ဆုများကိုအသီးသီးဆွတ်ခူးရရှိခဲ့ပါသည်။ မြန်မာနိုင်ငံသားများ (သို့မဟုတ်) မြန်မာနိုင်ငံအခြေစိုက် အဖွဲ့အစည်းများအနေဖြင့်လည်း အာဆီယံအသိုက်အဝန်းတည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတို့၏ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ချက်များကို ဖော်ထုတ်ပြသနိုင်ရန်အတွက် အခွင့်အရေးကို အမိအရ ယူကြဖို့ တိုက်တွန်းအပ်ပါကြောင်းနှင့် အသေးစိတ်ကို ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

# တန်ဖိုးကြီးလှ လူ့ဘဝ

**လေးလေးနွယ်**

လူ့ဘဝဟူသည်ကား ရခဲပေစွ။ “မနုဿတ္တ ဘာဝေါ ဒုလ္လဘော”ဟု ဘုရားရှင် ဟောကြားတော်မူခဲ့သည်။ ကောင်းကင်မှ အပ်တစ်စင်း၊ မြေပြင်မှာထောင်ထားသော အပ်တစ်စင်း၊ အပ်ဖျားချင်းဆုံမိအောင် ကျလာထိမိဖို့ရာ ခဲယဉ်းသည့်ပမာ လူ့ဘဝက ရခဲလှစွာ ဖြစ်နိုင်ခြေ နည်းပါးလွန်းလှသည်ဟု အဆိုရှိပါ၏။

မြတ်စွာဘုရားရှင်က လူ့ဘဝရခဲပုံကို ဟောကြားတော်မူရာတွင် လူ့ဘဝမှ သေလွန်ပြီး နောက်လူ့ဘဝကို ပြန်ရောက်ရသည့် ပုဂ္ဂိုလ် အရေအတွက်မှာ ငါ့ဘုရားလက်သည်းခွံပေါ်မှ မြေမှုန်လောက်သာရှိပြီး လူ့ဘဝမှ သေလွန်ကာ အပယ်လေးဘုံကျရောက်ရသည့် ပုဂ္ဂိုလ်များ ကတော့ မဟာပထဝီမြေကြီး အထုလောက်ရှိသည် ဟူ၍ ဖြစ်ပါသည်။

ထို့ပြင် အပယ်ဘုံသားတို့ လူ့ဘဝပြန်ရဖို့ ခဲယဉ်းပုံနှင့်ပတ်သက်၍လည်း မဟာသမုဒ္ဒရာကြီး ထဲမှာ အပေါက်တစ်ပေါက်သာ ဖောက်ရသေးသည့် နွားလှည်းမှ ထမ်းပိုးတုံးကြီးတစ်ခု အရပ်လေးမျက်နှာ မျောချင်ရာ မျောနေ၏။ လိပ်ကန်းကြီးတစ်ကောင် နှစ်တစ်ရာနေလို့ ရေပေါ်သို့ ပေါ်လာသည့်အချိန်နှင့် ဆိုက်ဆိုက်မြိုက်မြိုက် တိုက်တိုက်ဆိုင်ဆိုင် အဆိုပါလိပ်ကန်းကြီး၏ ဦးခေါင်းက ယင်းထမ်းပိုးတုံးကြီး၏ အပေါက်ထဲသို့ ဝင်စွပ်မိရန်မှာ ခက်ခဲသော တိုက်ဆိုင်မှုမျိုး မဟုတ်ပါလား။ အပယ်ဘုံသားတို့ လူ့ဘဝပြန်ရရန် အလွန်ပင် ခက်ခဲလှကြောင်း ဟောကြားတော်မူခဲ့ပါသည်။ ထို့ကြောင့် လူ့ဘဝကိုလေးစားကြရမည်။

မြတ်စွာဘုရား၏ အဆုံးအမ တရားတော် အပါအဝင် ရတနာသုံးပါးထွန်းကားသော ဤမြန်မာနိုင်ငံတွင် လူဖြစ်လာရခြင်းက ပို၍ မြတ်၏။ လူလူချင်း မေတ္တာအရင်းခံကာ ကူညီဖေးမ စာနာရိုင်းပင်းတတ်ကြသော တိုင်းရင်းသားများ ဖြစ်ကြသဖြင့် ပတ်ဝန်းကျင်သည် အေးချမ်းသည်။ လုံခြုံသည်။ စိတ်ထားကောင်းသူများသဖြင့်သာယာသည်။ မိမိက သူတစ်ပါးကို ထိပါးနှောင့်ယှက်တားဆီးခြင်းမပြုရသလို လူလူချင်း စာနာထောက်ထားစိတ်ရှိရမည်။

**ဦးတည်ရာ**

လူသားတစ်ယောက်၏ ဘဝခရီးသည် မည်သည့်လမ်းညွှန်မှုဖြင့် ရွေ့လျားနေသနည်း။ သူ၏ အမြင်၊ သဘောထား၊ ခံယူချက်၊ ဘဝအဘိဓမ္မာ၊ အတွေးအခေါ်စေစားရာ လိုက်ပါနေခြင်းဖြစ်၏။ မနောကံဟုခေါ်သော စိတ်၏တွေးတောမှု၊ စဉ်းစားပုံ၊ ဆင်ခြင်ပုံ၊ ရှုမြင်ပုံအပေါ်တွင်မူတည်၍ သမ္မာဒိဋ္ဌိ မှန်ကန်သည့်အမြင်ရှိလျှင် သူ၏ဘဝခရီးလမ်းသည် ဖြောင့်တန်းမည်။ ဆင်းရဲဒုက္ခနည်းမည်။

အဝိဇ္ဇာမသိမှု သို့မဟုတ် မှန်ကန်သည့် အသိအမြင် ကင်းလွတ်လွဲချော်ခဲ့သော် ဆင်းရဲပင်ပန်းခြင်း၊ အန္တရာယ်များခြင်း၊ ဘဝတစ်ခုလုံးဆုံးရှုံးရခြင်းအထိ အလွယ်တကူ ပျက်စီးနစ်နာနိုင်လေသည်။

**တိမ်တစ်ခဲနက် ကြည့်ရင်းပျက်သို့**

လူ့အသက်သည် မြေအိုးမြေခွက်၊ ကြွေအိုး ကြွေခွက်၊ ဖန်ခွက်၊ ဖန်ပန်းကန်ကဲ့သို့ ဖျတ်ခနဲ လွတ်ကျကွဲ၍ ပျက်စီးတတ်ပေသည်။ အသိဉာဏ် နည်းသူသည် အသက်တိုတတ်၏။ လူတစ်ယောက် မွေးဖွားရပ်တည်လာပြီဟုဆိုသည်နှင့် ဘဝတာဝန်များ ထမ်းရွက်ရင်းနှင့် အချိန်တစ်ခု (ကံ၊ ကံ၏အကျိုး ခွင့်ပြုသည့်အလျောက်) လွန်မြောက်သွားသောအခါ နာခြင်း၊ သေခြင်းတို့က ရောက်ရှိသွား၏။ မည်သူမျှ တားဆီး၍မရ။ မည်သူမှလွန်ဆန်၍ မရနိုင်။ ကယ်တင်နိုင်သော တန်ခိုးရှင်လည်းမရှိ။ အစရှိက အဆုံးလည်းရှိရစမြဲပင်ဖြစ်ရာ မသေမီမှာ တန်ဖိုးရှိအောင် မှန်ကန်စွာရွေးချယ်တတ်၊ ဆုံးဖြတ်တတ်ဖို့ လိုလေသည်။

**လမ်းမှန်ပါစေ**

သေရမည့် ဘဝတစ်ခု၌ နေရစဉ်ကာလအတွင်းလေးတွင် တန်ဖိုးရှိအောင် လုပ်ဆောင်ကြရန် တာဝန်သိအပ်ပါ၏။

**“မြိုင်ဝေတောကြီး၊ ဤခရီးဝယ်၊**
**ချည်းနှီးသက်သက်၊ သေသော့ထက်ကား၊**
**ဆက်လက်တညီ၊ တစီတလျဉ်၊**
**သားစဉ်မြေး,မြစ်၊ ပြောထုံးဖြစ်အောင်၊**
**တစစ်,တမက်၊ ကိုယ်နှင့်သက်ကို၊**
**နှင်းဆက်တိုက်မည်၊ အားသံရည်၍၊**
**ဦးလည်မသုန်၊ ထမ်းပါကုန်လော့။ ။”**

ဟုကုန်းဘောင်ခေတ်စာဆို လက်ဝဲသုန္ဒရဦးမြတ်စံ (၁၇၂၇ ခုနှ် - ၁၇၉၉) က ရေးဖွဲ့ခဲ့သည်။

သားစဉ်မြေးဆက် အနာဂတ်ကောင်းကျိုး အတွက် ရှေးရှုဦးတည်ကာ စေတနာထားလျက် အသက်ကိုနှင်းဆက်ပြီး ရှေ့ကမြန်မာများ တာဝန်ကျေခဲ့ကြပေသည်။ ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်ရပေမည်။ လူဖြစ်လာကြ လူ့ဘဝမှာ တာဝန်သိစွာ ထမ်းဆောင်ကြရမည့် လူ့တာဝန်၊ လူ့ဝတ္တရားများ ရှိနေပါသည်။

**ရည်ရွယ်ချက်မှန်ကန်ပါစေ**

လောကကောင်းကျိုး၊လူသားများ၏ကောင်းကျိုး ကို တိုးတက်ဖွံ့ဖြိုးအောင် အပြုသဘောဘက်မှ မေတ္တာ၊ စေတနာတို့ဖြင့် ပါဝင်ရွက်ဆောင်သယ်ပိုးသူသည် လောကတ္ထစရိယာကို ဖြည့်ကျင့်ခြင်းပင် ဖြစ်သည်။

ပြည်ထောင်စုဖွားတိုင်းရင်းသား၊ မိမိနိုင်ငံသူ၊ နိုင်ငံသား၊ မိမိတို့ လူ့အဖွဲ့အစည်း၏ ကောင်းကျိုးကို ဆောင်ရွက်ခြင်းသည် ဉာတတ္ထစရိယာ ဖြစ်သည်။ ဆန့်ကျင်တိုက်ခိုက်ခြင်း၊ ငါနှင့်မတူ ငါ့ရန်သူဟု ရန်လိုမုန်းတီးခြင်း၊ ရူးသွပ်မိုက်မဲစွာ မင်းမဲ့စရိုက်သို့ လိုက်ပါလျက် အချင်းချင်း တိုက်ခိုက်ဖျက်ဆီးမှုများကို အသိတရားဝင်၊ စဉ်းစားသုံးသပ်ရမည့်အချိန်လည်း ဖြစ်သည်။

လူ့အဖွဲ့အစည်း၏ အေးချမ်းရေး၊ လုံခြုံရေး၊ တည်ငြိမ်ရေး၊ တိုးတက်ရေးအတွက် ရေးဆွဲချမှတ်ထားသော ဥပဒေ၊ စည်းကမ်း၊ ကျင့်ဝတ်၊ နီတိများကို မနာယူဘဲ ချိုးဖောက်ဖျက်ဆီးခြင်း၏ နောက်ဆုံးရလဒ်သည် နိုင်ငံနှင့် လူမျိုးအတွက် အဘယ်မှာလျှင် ကောင်းကျိုးဖြစ်နိုင်ပါမည်နည်း။

“မကူညီလျှင်နေပါ၊ မနှောင့်ယှက်ပါနှင့်”ဟူသော ဆိုရိုးစကားရှိပါ၏။ ရှေ့က ပုဂ္ဂိုလ်များက ဥပဒေနှင့် အညီ အကြိမ်ကြိမ်ညှိနှိုင်းစည်းဝေး ဆွေးနွေးဆုံးဖြတ်ခဲ့ကြသော ဥပဒေများ ရှိပါသည်။ ပြည်သူလူထုများက အေးချမ်းလုံခြုံစွာ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆန္ဒရှိကြပါသည်။

ဆူဆူပူပူ ဖျက်ဆီးဆန့်ကျင်စေလိုသည့် နိုင်ငံခြားမှ နည်းနာများဖြင့် ပြိုကွဲကျရှုံးသော ဒီမိုကရေစီတိုက်ပွဲများသည် ကမ္ဘာအဝှမ်း ၈၅ ရာခိုင်နှုန်း ကျရှုံးပျက်သုဉ်းကာ ဖရိုဖရဲ ဆင်းရဲဒုက္ခရောက်ခဲ့ကြသော မျက်မှောက်ခေတ် အာရပ်နွေဦး၏ သင်ခန်းစာကို ယူရမည်။ နိုင်ငံရေးအရွေ့က ခေတ်ပြောင်းဖို့မှာ သိမ်မွေ့ပါသည်။

ရှေ့က ခေါင်းဆောင်များ အမြော်အမြင်ကြီးမားခဲ့ပါ၏။ လွဲချော်ပျက်သုဉ်း၍ မရပါ။ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ၊ ပါတီစုံဒီမိုကရေစီစနစ်သို့ သိမ်မွေ့ညင်သာစွာဖြင့် အောင်မြင်စွာ ကူးပြောင်းခဲ့သော အတိတ်ကာလတိုးတက်မှုများကို မဖျက်ဆီး မဟန့်တားသင့်ပေ။ ပကတိအမှန် အခြေအနေကို ကြည့်မြင်ပါ။ ဒီမိုကရေစီအရေ ခြုံပြီး “မင်းမဲ့စရိုက်လမ်းကြောင်း လှုပ်ရှားစေခြင်း” ကို အဘယ်ကြောင့် နားယောင်မိရမည်နည်း။ ကိုယ်ပိုင်သုံးသပ်ဆုံးဖြတ်ပါလေ။

မင်းမဲ့စရိုက်ကို နိုင်ငံအကျိုး၊ ပြည်သူ့အကျိုး လိုလားသော မျိုးချစ်စိတ်ရှိသူတိုင်းက မလိုလားကြပါ။ အန္တရာယ်ဖြစ်လာမည်ကို နားလည်ကြပါသည်။ မင်းမဲ့စရိုက်ဝါဒလှုပ်ရှားမှု လုပ်ဆောင်ချက်သည် တိုင်းပြည်နှင့် ပြည်သူပြည်သားများ၏ အကျိုးကိုလည်းကောင်း၊ ဒီမိုကရေစီလမ်းကြောင်း ကိုလည်းကောင်း ဖျက်ဆီးနှောင့်ယှက်မှု၊ အဖျက်လမ်းစဉ် သက်သက်မျှသာ အမှန်တကယ်ဖြစ်သဖြင့် လောကတ္ထစရိယာနှင့်မညီ၊ ဉာတတ္ထစရိယာ လမ်းကြောင်းနှင့်လည်း ဖီလာဆန့်ကျင်ပါသည်။

လူညီရင် ‘ဤ’ ကို ‘ကျွဲ’ ဖတ်ဆိုသလို လူအုပ်စုက လုပ်ဆောင်တိုင်း လမ်းမှန်မဟုတ်။ ဆိုးသော အတွေးကြောင့် ဆိုးသောလှုပ်ရှားမှုမျိုးသာ ဖြစ်ပေါ်သည်။ ဆိုးရွားမှားယွင်းသော အကုသိုလ်လှုပ်ရှားမှု များသည် ပြုလုပ်သူအတွက် ပျက်စီးနစ်နာရဖို့သာ (ကိုယ်ပြုကိုယ်ခံ) သဘာဝနိယာမအတိုင်း သွားပါလိမ့်မည်။

သမိုင်းမသိသူသည် အမှားကို ထပ်ပြုမိတတ်သည်။ အမှားဆိုသည်မှာ မည်သူမျှမကင်း။ မှားခြင်းကိုသိလျှင် အချိန်မီပြင်ကြရမည်။ မှားလျှင်ဝန်ခံ၊ အမြန်ပြုပြင်။ ပြုပြင်ဖို့ရာ ခေါင်းမမာနှင့်။ ကောင်းရာကောင်းမှု၊ ကုသိုလ်လမ်းကြောင်းကြီး ထင်ထင်ရှားရှားရှိနေသော၊ ဘာသာ၊ သာသနာ အလွန်တရာထွန်းကားခဲ့သော လူ့အဖွဲ့အစည်း ဖြစ်ပါသည်။ ယဉ်ကျေးသူများ၏ တိုက်တွန်းချက်ကို နာယူကြပါ။ မေတ္တာကို ခံယူကြပါ။ အမှန်မြင်ပါစေ။

မိမိကိုယ်ကို ပြန်လည်ဖျက်ဆီးတတ်သည့် နိယာမအမှန်တရားကို နားလည်သိမြင်ကာ မိမိနှင့်တကွ နိုင်ငံနှင့် လူမျိုးအကျိုးမဲ့စေမည့် မှားယွင်းသော မင်းမဲ့စရိုက် အဖျက်လုပ်ရပ်ကို ရပ်ဆိုင်းပြောင်းလဲကြပါစို့။ တန်ဖိုးကြီးမားလှသော အနာဂတ်ခေါင်းဆောင် ချစ်စွာသော လူငယ်အပေါင်းတို့ အမှားအမှန်၊ အဆိုးအကောင်း၊ အကျိုးအကြောင်းကို မှန်ကန်စွာ သိမြင်ကြပါစေ။

လောကကို နှောင့်ယှက်ဖျက်ဆီးမိသည် ရှိသော် တန်ဖိုးရှိသော မိမိ၏လူ့ဘဝပါ ပျက်စီးတတ်ပါသည်။ အမှားသိမြင် အမှန်ပြင်၍ တရားဥပဒေ၊ စည်းကမ်းကျင့်ဝတ်များကို လိုက်နာခြင်း၊ တရားနှင့်အညီ လုပ်ကိုင်ပြုမူဆောင်ရွက်ခြင်းဖြင့် ဘေးကင်းနိုင်ကြပါစေ။ မိမိဘဝကို တန်ဖိုးထားကြပါလေ။ လောကကို အလှဆင်နိုင်ကြပါစေ။ လောကကို ဖျက်ဆီးသော အမှားသည် အဝေးသို့ ဟွန်း အားလုံးဘေးရန်ကင်းကွာ လုံခြုံပါစေ။ ရန်မရှိကြပါစေနှင့် သင်ရော မိမိပါ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။ သူတစ်ပါးကို ရန်လုပ်သူများ၏ ဘေးမှ ကင်းဝေးကြပါစေ။ ။

**ဆူဆူပူပူ ဖျက်ဆီးဆန့်ကျင်စေလိုသည့် နိုင်ငံခြားမှ နည်းနာများဖြင့် ပြိုကွဲကျရှုံးသော ဒီမိုကရေစီတိုက်ပွဲများသည် ကမ္ဘာအဝှမ်း ၈၅ ရာခိုင်နှုန်း ကျရှုံးပျက်သုဉ်းကာ ဖရိုဖရဲ ဆင်းရဲဒုက္ခရောက်ခဲ့ကြသော မျက်မှောက်ခေတ် အာရပ်နွေဦး၏ သင်ခန်းစာကို ယူရမည်။ နိုင်ငံရေးအရွေ့က ခေတ်ပြောင်းဖို့မှာ သိမ်မွေ့ပါသည်။**

**သမိုင်းမသိသူသည် အမှားကို ထပ်ပြုမိတတ်သည်။ အမှားဆိုသည်မှာ မည်သူမျှမကင်း။ မှားခြင်းကိုသိလျှင် အချိန်မီပြင်ကြရမည်။ မှားလျှင်ဝန်ခံ၊ အမြန်ပြုပြင်။ ပြုပြင်ဖို့ရာ ခေါင်းမမာနှင့်။ ကောင်းရာကောင်းမှု၊ ကုသိုလ်လမ်းကြောင်းကြီး ထင်ထင်ရှားရှားရှိနေသော၊ ဘာသာ၊ သာသနာ အလွန်တရာထွန်းကားခဲ့သော လူ့အဖွဲ့အစည်းဖြစ်ပါသည်။ ယဉ်ကျေးသူများ၏ တိုက်တွန်းချက်ကို နာယူကြပါ။ မေတ္တာကို ခံယူကြပါ။ အမှန်မြင်ပါစေ။**

# ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုသည့် ဆန္ဒမဲလက်မှတ်ရိုက်နှိပ်မှုနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက် ထုတ်ပြန်ခြင်း

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆန္ဒမဲလက်မှတ်ရိုက်နှိပ်မှုအား စစ်ဆေးခဲ့ပါသည်။ ဆန္ဒမဲလက်မှတ်များကို ပြန်ကြားရေးဝန်ကြီးဌာနသို့ လုပ်ငန်းအပ်နှံရိုက်နှိပ် ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ၁ - ၉ - ၂၀၂၀ ရက်နေ့တွင် ကနဦးဆန္ဒမဲလက်မှတ်ပေါင်း **၁၃၈၄၆၀၂၇၀ ရွက်**ရိုက်နှိပ်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ လိုအပ်ချက်အရ ထပ်မံ၍ **၉ ကြိမ်** ရိုက်နှိပ်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် အထွေထွေရွေးကောက်ပွဲကျင်းပရန် **တစ်ရက်**အလို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ၂ ကြိမ် ထပ်မံမှာကြားချက်အရ ဆန္ဒမဲလက်မှတ် ရိုက်နှိပ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၂။ ဆန္ဒမဲလက်မှတ်ရိုက်နှိပ်မှုစုစုပေါင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| | | |
|---|---|---|
| (က) | ပြည်သူ့လွှတ်တော် | ၄၄၁၆၉၃၄၄ |
| (ခ) | အမျိုးသားလွှတ်တော် | ၄၄၁၄၈၂၂၉ |
| (ဂ) | တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော် | ၄၃၂၉၅၃၇၄ |
| (ဃ) | တိုင်းရင်းသားလူမျိုး | ၇၇၁၈၁၇၃ |
| | **စုစုပေါင်း** | ၁၃၉၃၃၁၁၂၀ |

၃။ ဆန္ဒမဲလက်မှတ်များ၏ ကနဦးရိုက်နှိပ်မှုနှင့် ထပ်မံရိုက်နှိပ်မှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲအတွက် ဆန္ဒမဲလက်မှတ် ကနဦးရိုက်နှိပ်မှုနှင့် ထပ်မံရိုက်နှိပ်မှုအခြေအနေ

| စဉ် | ရက်စွဲ | မှာကြားသည့် တိုင်းဒေသကြီး/ပြည်နယ် | ဆန္ဒမဲလက်မှတ် | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | ပြည်သူ့ | အမျိုးသား | တိုင်း/ပြည်နယ် | တိုင်းရင်းသား | ပေါင်း | |
| ၁ | ၁-၉-၂၀၂၀ | တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံး | ၄၄၀၁၁၅၄၄ | ၄၄၀၀၁၆၂၉ | ၄၃၀၄၂၄၇၄ | ၇၄၀၄၆၂၃ | ၁၃၈၄၆၀၂၇၀ | ကနဦးရိုက်နှိပ်မှု |
| ၂ | ၁၃-၁၀-၂၀၂၀ | ကယားပြည်နယ် | ၁၂၅၀ | ၁၇၅၀ | ၁၇၅၀ | - | ၄၇၅၀ | ထပ်မံရိုက်နှိပ်မှု |
| | | ကရင်ပြည်နယ် | ၂၆၂၅၀ | ၂၆၀၅၀ | ၂၆၈၅၀ | ၅၉၅၀ | ၈၅၁၀၀ | |
| | | မွန်ပြည်နယ် | - | - | - | ၁၁၀၆၀၀ | ၁၁၀၆၀၀ | |
| | | ရခိုင်ပြည်နယ် | - | - | - | ၂၂၅၀ | ၂၂၅၀ | |
| | | ကချင်ပြည်နယ် | ၃၇၄၅၀ | ၃၇၆၅၀ | ၄၆၆၀၀ | ၁၃၇၂၀၀ | ၂၅၈၉၀၀ | |
| ၃ | ၁၆-၁၀-၂၀၂၀ | ပဲခူးတိုင်း | ၁၈၈၀၀ | ၁၃၇၀၀ | ၃၄၄၀၀ | - | ၆၆၉၀၀ | ထပ်မံရိုက်နှိပ်မှု |
| | | ရှမ်းပြည်နယ် | - | - | ၄၈၅၀ | - | ၄၈၅၀ | |
| ၄ | ၂၁-၁၀-၂၀၂၀ | ကရင်ပြည်နယ် | ၅၇၅၀ | ၅၈၀၀ | ၅၈၀၀ | ၇၂၅၀ | ၂၄၆၀၀ | ထပ်မံရိုက်နှိပ်မှု |
| | | ရှမ်းပြည်နယ် | ၄၁၅၀ | ၂၂၅၀ | ၇၉၅၀ | ၂၄၅၀ | ၁၆၈၀၀ | |
| | | မန္တလေးတိုင်း | ၃၃၉၅၀ | ၁၉၈၀၀ | ၄၃၅၀၀ | - | ၉၇၂၅၀ | |
| | | ကချင်ပြည်နယ် | ၁၃၈၀၀ | ၁၂၈၅၀ | ၁၇၁၅၀ | ၉၃၅၀ | ၅၃၁၅၀ | |
| | | ရန်ကုန်တိုင်း | ၄၀၅၀ | ၅၂၀၀ | ၁၀၁၅၀ | ၉၇၅၀ | ၂၉၁၅၀ | |
| | | တနင်္သာရီတိုင်း | ၇၅၀၀ | ၇၅၀၀ | ၉၄၅၀ | - | ၂၄၄၅၀ | |
| ၅ | ၂၂-၁၀-၂၀၂၀ | ဧရာဝတီတိုင်း | ၂၅၅၀ | ၁၂၅၀၀ | ၁၄၅၀၀ | ၁၀၃၀၀ | ၃၉၈၅၀ | ထပ်မံရိုက်နှိပ်မှု |
| ၆ | ၂၃-၁၀-၂၀၂၀ | ရှမ်းပြည်နယ် | ၇၅၀ | - | ၁၆၀၀ | - | ၂၃၅၀ | ထပ်မံရိုက်နှိပ်မှု |
| ၇ | ၂၆-၁၀-၂၀၂၀ | ရှမ်းပြည်နယ် | ၅၅၀ | ၅၅၀ | ၅၅၀ | ၄၅၀ | ၂၁၀၀ | ထပ်မံရိုက်နှိပ်မှု |
| ၈ | ၃၀-၁၀-၂၀၂၀ | ရန်ကုန်တိုင်း | - | - | ၃၄၀၀ | - | ၃၄၀၀ | ထပ်မံရိုက်နှိပ်မှု |
| ၉ | ၇-၁၁-၂၀၂၀ | ရန်ကုန်တိုင်း | ၁၀၀၀ | ၁၀၀၀ | ၂၂၉၀၀ | ၁၂၅၀၀ | ၃၇၄၀၀ | ထပ်မံရိုက်နှိပ်မှု |
| ၁၀ | ၇-၁၁-၂၀၂၀ | ရန်ကုန်တိုင်း | - | - | ၁၅၀၀ | ၅၅၀၀ | ၇၀၀၀ | ထပ်မံရိုက်နှိပ်မှု |
| | ထပ်တိုးပေါင်း | | ၁၅၇၈၀၀ | ၁၄၆၆၀၀ | ၂၅၂၉၀၀ | ၃၁၃၅၅၀ | ၈၇၀၈၅၀ | |
| | စုစုပေါင်း | | ၄၄၁၆၉၃၄၄ | ၄၄၁၄၈၂၂၉ | ၄၃၂၉၅၃၇၄ | ၇၇၁၈၁၇၃ | ၁၃၉၃၃၁၁၂၀ | |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ဖယ်ခုံမြို့နယ်၌ လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ဖယ်ခုံ ဖေဖော်ဝါရီ ၂၃**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ရှမ်းပြည်နယ် (တောင်ပိုင်း) ဖယ်ခုံမြို့နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စုရန်ပုံငွေကျပ် ၁၀၅၇ ဒသမ ၆၁၀ သန်းဖြင့် မြေလမ်း(၅/၀)မိုင်၊ ကျောက်လမ်း(၆/၀)မိုင်၊ ကွန်ကရစ်တံတားတစ်စင်းနှင့် Box Culvert ခြောက်စင်းတို့အား အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဖယ်ခုံမြို့နယ်တွင် ဆောင်ရွက်လျက်ရှိသောလမ်းပိုင်းများတွင် ခေါင်းအိ-ကောင်ဝုပ်လမ်း(၇/၀)မိုင်အနက် (၄/၀)မိုင် ကျောက်ခင်းပြီး ကျန်(၃/၄)မိုင်မှ (၂/၀)မိုင် ကျောက်ခင်းခြင်းလုပ်ငန်းကို နယ်စပ်ရေးရာဝန်ကြီးဌာနက ထောက်ပံ့သောကတ္တရာဖြင့် ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်းနှင့် ယင်းလမ်းပေါ်တွင် ၃၅ ပေ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ပြီးစီးနိုင်ရေးအတွက် ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများနှင့်အဖွဲ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ဖယ်ခုံမြို့နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ **ငွေကြယ်**

## မြစိမ်းရောင်စီမံကိန်း အရင်းမပျောက် မတည်ငွေပေးအပ်

မြဝတီ ဖေဖော်ဝါရီ ၂၃

ကရင်ပြည်နယ် မြဝတီမြို့နယ် ရေပူ/မွေးမြူရေးဇုန် ကျေးရွာသို့ မြစိမ်းရောင်စီမံကိန်း (ငါးကဏ္ဍ) အရင်းမပျောက် မတည်ငွေကျပ် ၄၉၆ သိန်းကို ထုတ်ပေးနိုင်ရန်အတွက် ဖေဖော်ဝါရီ ၂၃ ရက်တွင် မြဝတီခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးတင်နိုင်ဝင်းက ကျေးရွာမြစိမ်းရောင်ကော်မတီဝင်များထံသို့ ငွေထုတ်ချက်လက်မှတ် လွှဲပြောင်းပေးအပ်ခဲ့သည်။



မြဝတီမြို့နယ် ရေပူ/မွေးမြူရေးဇုန်ကျေးရွာသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်စီမံကိန်း(ငါးကဏ္ဍ) အရင်းမပျောက် မတည်ငွေ ကျပ်သိန်း ၃၀၀ ကို စတင်ထုတ်ပေးခဲ့ပြီး ယခုထုတ်ပေးခြင်းသည် ဆဋ္ဌမအကြိမ်မြောက် ထုတ်ပေးခြင်းဖြစ်ကာ အတိုးငွေ ကျပ်သိန်း ၂၀၀ ခန့်နှင့် အသင်းဝင် ၉၆ ဦးရှိပြီး ဒေသတွင်း ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ အဆင်ပြေချောမွေ့စွာ ပုံမှန်ပြန်လည်လည်ပတ်နိုင်ရေးနှင့် အလုပ်သမားများအတွက် ဥပဒေနှင့်အညီ လုပ်ခလစာပေးချေနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ




**နေပြည်တော် ဖေဖော်ဝါရီ ၂၃**
ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိစက်ရုံ၊ အလုပ်ရုံများ အဆင်ပြေချောမွေ့စွာ ပုံမှန်ပြန်လည်လည်ပတ်နိုင်ရေးနှင့် အလုပ်သမားများအတွက် ဥပဒေနှင့်အညီ လုပ်ခလစာပေးချေနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ တက်ရောက်ကြပြီး ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်နှင့် ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန် ၂၉ ဇုန်မှ စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများသည် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ကိုဗစ်-၁၉ ရောဂါကြောင့် စက်ရုံ၊ အလုပ်ရုံများ ရပ်နားပိတ်သိမ်းမှုများကြောင့် အလုပ်သမား တစ်သိန်းကျော် အလုပ်လက်မဲ့ဖြစ်ခဲ့ရပါကြောင်း၊ ယခုအရေးပေါ်ကာလတွင် စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများကိုလည်း CDM လှုပ်ရှားမှုတွင် ပါဝင်အောင် လှုံ့ဆော်စည်းရုံးမှုများရှိပါကြောင်း၊ ထို့ကြောင့် စက်ရုံ၊ အလုပ်ရုံအချို့သည် လုပ်ငန်းများ ရပ်ဆိုင်းမှုများရှိသည့်အတွက် ကုန်ထုတ်လုပ်မှုများ လျော့နည်းကျဆင်းခဲ့ရပါကြောင်း၊ အလုပ်ရှင်များလည်း ထိခိုက်နစ်နာမှုများရှိသကဲ့သို့ အလုပ်သမားများလည်း လုပ်ခလစာမရရှိကြဘဲ စားဝတ်နေရေးခက်ခဲကျပ်တည်းမှုများ ဖြစ်ပေါ်ခဲ့ကြပါကြောင်း၊ ယင်းသို့ အရေးပေါ်ကာလအတွင်း CDM လှုပ်ရှားဆောင်ရွက်ခြိမ်းခြောက်မှုများကြောင့် အလုပ်သမားများ အခက်အခဲဖြစ်ကာ စက်ရုံ၊ အလုပ်ရုံများ လည်ပတ်ရန်ခက်ခဲမှုများရှိလာပြီး ဆက်လက်လည်ပတ်ဆောင်ရွက်နေသည့် စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်ဆင်းနေသည့် အလုပ်သမားများအတွက် ဥပဒေနှင့်အညီ လုပ်ခလစာများပေးချေနိုင်ရေးနှင့် အလုပ်သမားများအား CDM တွင် ပါဝင်ရန် ခြိမ်းခြောက်မှုများ လျော့ပါးစေရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

**တိုးတက်မြင့်မားလာမည်**

နိုင်ငံအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ အဆင်ပြေချောမွေ့စွာ ပုံမှန်ပြန်လည်လည်ပတ်နိုင်မှသာ အလုပ်သမားများ လုပ်ခလစာရရှိပြီး ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားလာကာ နိုင်ငံ၏စီးပွားရေးကဏ္ဍသည်လည်း တိုးတက်မြင့်မားလာမည်ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် CDM လှုပ်ရှားမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ၌ ကုန်ကြမ်းပြတ်လပ်ခြင်း၊ အမှာစာမရရှိခြင်း၊ အရှုံးပေါ်ခြင်း၊ စက်ရုံ၊ အလုပ်ရုံများ ယာယီပိတ်သိမ်းခြင်း၊ CDM တွင် ပါဝင်သူအချို့သည် စက်ရုံပေါက်မှစောင့်ကာ အလုပ်ဆင်းရန်လာရောက်သည့် အလုပ်သမားများအား အလုပ်မဆင်းရန် တားဆီးနှောင့်ယှက်ခြင်းများ ဖြစ်ပေါ်လျက်ရှိခြင်းများကို သိရှိရပါကြောင်း၊ သို့သော် တချို့စက်ရုံ၊ အလုပ်ရုံများသည် ပုံမှန်လည်ပတ်မှုရှိသဖြင့် CDM မပါဝင်ဘဲ ပုံမှန်အလုပ်ဆင်းနေသည့် အလုပ်သမားများအတွက် လုပ်ခလစာကို ပေးချေရမည်ဖြစ်ပါကြောင်း၊ မကြာခင် လကုန်တော့မည်ဖြစ်သဖြင့် အလုပ်ဆင်းသည့် အလုပ်သမားများအတွက် အခကြေးငွေပေးချေရေး ဥပဒေအရ လုပ်ခလစာပေးချေနိုင်ရေးနှင့် ယခုကာလအတွင်း အကြောင်းအမျိုးမျိုးကြောင့် ပျက်ကွက်သည့်ရက်များအတွက် ဥပဒေနှင့်အညီ လုပ်ခဖြတ်တောက်ကာ ထုတ်ပေးရန်ကျန်သည့် လုပ်ခလစာများ အပြည့်အဝ ထုတ်ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

**ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်လာမည်**

ထို့ပြင် CDM ခြိမ်းခြောက်မှုများ လျော့နည်းသွားရေးနှင့် အလုပ်သမားများ လုပ်ငန်းခွင်သို့ ချောချောမောမော အမြန်ပြန်လည်ဝင်ရောက်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ သို့မှသာ စက်ရုံ၊ အလုပ်ရုံများ အဆင်ပြေစွာ ပုံမှန်ပြန်လည်လည်ပတ်နိုင်မည်ဖြစ်ပြီး ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း၊ မိမိဝန်ကြီးဌာနအနေဖြင့် ယခုကာလအတွင်း အလုပ်သမားများ ကြုံတွေ့နေရသည့်အခက်အခဲများကို အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးနှင့် အလုပ်သမားများ၏ ဥပဒေပါရပိုင်ခွင့်များ မှန်မှန်ကန်ကန်နှင့် အပြည့်အဝရရှိစေရေးကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး စက်မှုဇုန်အသီးသီးမှ တာဝန်ရှိသူများကလည်း စက်ရုံ၊ အလုပ်ရုံများ ပုံမှန်ပြန်လည်လည်ပတ်နိုင်ရေးနှင့် အလုပ်သမားများအခွင့်အရေးကို အလေးထားဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်းနှင့် ယခုတက်ရောက်လာကြသည့် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အလုပ်ရှင်ကိုယ်စားလှယ်များ၊ စက်မှုဇုန်များမှ ကိုယ်စားလှယ်များက စက်ရုံ၊ အလုပ်ရုံများ အဆင်ပြေချောမွေ့စွာ ပုံမှန်ပြန်လည်လည်ပတ်နိုင်ရေးနှင့် အလုပ်ခွင်ဝင်နေသည့် အလုပ်သမားများအတွက် ဥပဒေနှင့်အညီ လုပ်ခလစာပေးချေနိုင်ရေးတို့အတွက် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ အကြံဉာဏ်များ၊ ဖြည့်ဆည်းပေးရန်လိုအပ်ချက်များကို ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ရှင်းလင်းဆွေးနွေးပေးကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန် ၂၉ ဇုန်၌ စက်ရုံ၊ အလုပ်ရုံများ ဖွင့်လှစ်လည်ပတ်ဆောင်ရွက်နေမှု၊ လက်ရှိအခြေအနေအရ CDM အဖွဲ့များ ခြိမ်းခြောက်ခံရမှုကြောင့် စက်ရုံများသို့ မလာရောက်နိုင်ဘဲ လုပ်ငန်းခွင်ပျက်ကွက်နေသည့် လုပ်သားအင်အားအခြေအနေ၊ CDM မပါဝင်ဘဲ ဆက်လက်လည်ပတ်နေသည့် စက်ရုံ၊ အလုပ်ရုံများနှင့် လုပ်သားအင်အားအခြေအနေ၊ လကုန်ရက်တွင် အလုပ်သမားများအား လုပ်ခလစာထုတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ထားရှိမှု၊ အလုပ်သမားများအား CDM တွင် ပါဝင်ဆောင်ရွက်မှုလျော့နည်းစေရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် စက်ရုံ၊ အလုပ်ရုံများ ပုံမှန်ပြန်လည်လည်ပတ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

**တင်ပြဆွေးနွေး**

ဆက်လက်၍ UMFCCI မှ အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်နှင့် အလုပ်ရှင်ကိုယ်စားလှယ်များက စက်ရုံ၊ အလုပ်ရုံများ ပုံမှန်ပြန်လည်လည်ပတ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များကိုလည်းကောင်း၊ စက်မှုဇုန်အသီးသီးမှ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များက အလုပ်သမားများ အလုပ်ခွင်ရေရှည်တည်မြဲရေး၊ ဘဏ်များနှင့်ချိတ်ဆက်၍ လုပ်ခလစာပေးချေနိုင်ရေးနှင့် စက်မှုဇုန်အလိုက် လုပ်ငန်းလိုအပ်ချက်များ၊ လုပ်ငန်းအခက်အခဲများကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုးက ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများနှင့်ပတ်သက်၍ ပြန်လည် သုံးသပ်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က အလုပ်ရှင်၊ အလုပ်သမားရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ အရေးပေါ်ဖြေရှင်းရန်ရှိပါက အလုပ်သမားရေးရာဆိုင်ရာ ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ကြရန်နှင့် စက်ရုံ၊ အလုပ်ရုံများ ပုံမှန်ပြန်လည် လည်ပတ်နိုင်ရေး၊ အလုပ်သမားများ CDM လှုပ်ရှားမှုတွင် ပါဝင်မှုလျော့နည်းရေး၊ ဥပဒေနှင့်အညီ လုပ်ခလစာပေးချေနိုင်ရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ တွေ့ဆုံ

**မော်လမြိုင် ဖေဖော်ဝါရီ ၂၃**
မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းနှင့် ကောင်စီဝင်များသည် ယနေ့ မွန်းလွဲ ၁ နာရီခွဲက မွန်ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီရုံး အောင်ဆန်းခန်းမတွင် ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့ တွေ့ဆုံရာတွင် မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး ကောင်စီဝင်များက မိတ်ဆက်အမှာစကားပြောကြားသည်။ ထို့နောက် ဌာနဆိုင်ရာများမှ လိုအပ်သည်များကို ရှင်းလင်းတင်ပြရာ မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များက လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးပေးခဲ့ပြီး ကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ၁-၃-၂၀၂၁ ရက်နေ့အစား ၁၅-၃-၂၀၂၁ ရက်နေ့သို့ ပြောင်းလဲဖွင့်လှစ်ပေးသွားမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**
**ကြေညာချက်အမှတ် ( ၃ / ၂၀၂၁ )**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက် )

၁။ ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲသည် (၂၅)ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေထီစာအုပ်များကို ထီစာအုပ်ဝယ်ယူခွင့်ရရှိသူများထံသို့ မူလအက္ခရာ (၃၉)လုံး၊ ထီအုပ်ရေ (၃၁၉၀၉၀၂) အုပ်ကို ခွဲဝေရောင်းချခဲ့ပြီး၊ ထီကံစမ်းသူပြည်သူများကို ထီဆုငွေအဖြစ် ၆၀% အား ဆုမဲများအဖြစ် ပြန်လည်ခွဲဝေပေးသွားမည်ဖြစ်ပါသည်။

၂။ ယခုအခါတွင် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး / ပြည်နယ်အားလုံးတွင် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများအရ ထီလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ လက်ပွေ့/တွန်းလှည်း ထီရောင်းသူများ ထီရောင်းချနိုင်မှုမရှိခြင်း၊ ထီကံစမ်းသူပြည်သူများမှာလည်း ထီထိုးရန် အခက်အခဲများ ဖြစ်ပေါ်နေကြောင်း သိရှိရပါသဖြင့် နိုင်ငံတော်မှ ပြည်သူများ၏အလုပ်အကိုင်နှင့် စီးပွားရေးအခက်အခဲများ အဆင်ပြေစေရေးအတွက် (၂၅) ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ထီလက်မှတ်များတွင် ဖော်ပြထားသော (၁-၃-၂၀၂၁) ရက်နေ့အစား (၁၅-၃-၂၀၂၁) ရက်နေ့သို့ ပြောင်းလဲဖွင့်လှစ်ပေးသွားမည်ဖြစ်ပါသည်။

၃။ (၂၆) ကြိမ်မြောက်အတွက် အောင်ဘာလေထီလက်မှတ်များကို ပုံမှန်အတိုင်း ၂၀၂၁ ခုနှစ်၊ မတ်လ (၁) ရက်နေ့မှ စတင်ရောင်းချသွားမည်ဖြစ်ပြီး၊ အောင်ဘာလေထီဖွင့်ပွဲကို ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

## မြန်မာစီးပွားရေးသံမှူးများ၏ နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးဆောင်ရွက်နိုင်မှုနှင့် အမယ်သစ်ပို့ကုန်များတိုးချဲ့တင်ပို့နိုင်ရေး ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**



မြန်မာစီးပွားရေးသံမှူးများ၏ နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးဆောင်ရွက်နိုင်မှုနှင့် အမယ်သစ်ပို့ကုန်များ တိုးချဲ့တင်ပို့နိုင်ရေးဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ (၁)၌ Virtual စနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက စီးပွားရေးသံမှူးများသည် မိမိတို့တာဝန်ထမ်းဆောင်နေသည့် နိုင်ငံများ၏ စီးပွားရေးဆိုင်ရာကိစ္စရပ်များကို သိရှိရမည်ဖြစ်သည့်အပြင် နိုင်ငံရေး၊ လူမှုရေးအခြေအနေများကိုလည်း ခြုံငုံသိထားရန် လိုအပ်ကြောင်း၊ စီးပွားရေးရှေ့တန်းတိုက်စစ်မှူးများဖြစ်သည့်အားလျော်စွာ နိုင်ငံတော်၏ စီးပွားရေးတိုးတက်စေရန်အတွက် ပို့ကုန်များ ဈေးကွက်များချဲ့ထွင်ရေး၊ ဈေးကွက်ခိုင်မာရေးနှင့် ပို့ကုန်အမယ်သစ်များကို တိုးချဲ့တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားစေလိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စီးပွားရေးသံမှူးများ၏ အခန်းကဏ္ဍ အရေးပါမှုကို အထူးအလေးထားပါကြောင်းနှင့် စီးပွားရေးသံမှူးများအား project-based နှင့် ရွေးချယ်ခဲ့ပြီး နောက်ပိုင်းတွင် result-based ဖြင့် အခြေခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက မူဝါဒပိုင်းဆိုင်ရာနှင့်စပ်လျဉ်း၍ နိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့လာရေး၊ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုဖိတ်ခေါ်ပါကြောင်း၊ မိတ်ဖက်နိုင်ငံများ/မိမိတို့နိုင်ငံအား စိတ်ဝင်စားသည့်နိုင်ငံများနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ကြေညာချက်အမှတ် ၁/၂၀၂၁ ကို ဌာန၏ website တွင် မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ထုတ်ပြန်ထားပြီး ထုတ်ပြန်ချက်များအတိုင်း ဥပဒေနှင့်အညီ ဆောင်ရွက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံလိုသူများမှ ဆက်သွယ်လာလျှင် အချက်အလက်များ မျှဝေပေးစေလိုကြောင်းနှင့် ကိုဗစ်အလွန်ကာလတွင် နိုင်ငံအတော်များများ၌ လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ပေးမှုများရှိရာ မိမိတို့ တာဝန်ထမ်းဆောင်နေသည့် နိုင်ငံများ၌ ဆောင်ရွက်နေသည့်အခြေအနေများကို လေ့လာပြီး ပြန်လည်တင်ပြသွားရန် မှာကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးရေး လျင်လျင်မြန်မြန်တိုးတက်ရန် စီးပွားရေးသံမှူးများ၏ အခန်းကဏ္ဍမှာအရေးပါကြောင်း၊ နိုင်ငံတကာနှင့် ဆက်ဆံရေးကိုလည်း အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံမှာ လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် စီးပွားရေးဖြစ်ပြီး GDP ၏ ၂၅ ရာခိုင်နှုန်းခန့်မှာလည်း အဆိုပါကဏ္ဍမှ ပါဝင်လျက်ရှိရာ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးသည် စားနပ်ရိက္ခာအတွက်သာမဟုတ်ဘဲ အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဖန်တီးပေးနေပါကြောင်း၊ Agrofood system ဖွံ့ဖြိုးအောင် ဆောင်ရွက်သွားရန်နှင့် အဓိကထုတ်ကုန်များဖြစ်သော ပဲ၊ ဆန်၊ ရေထွက်ကုန်များအပြင် အခြားထုတ်ကုန်များ၏ ဈေးကွက်ရရှိရေးကြိုးပမ်းသွားရန် မှာကြားလိုပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၊ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် Bilateral Trade Agreement များမှာ နည်းပါးနေသေးရာ မိမိတို့၏ ထုတ်ကုန်များ အရည်အသွေးမီ တင်ပို့နိုင်ရေးအတွက် Sanitary and Phytosanitary Agreement များ ချုပ်ဆိုသွားနိုင်ရေး ဆောင်ရွက်သွားသင့်သည်များကို အကြံပြုတင်ပြပေးစေလိုကြောင်း မှာကြားသည်။

အစည်းအဝေး ပထမနေ့တွင် အမေရိကန်နိုင်ငံ၊ တောင်အာဖရိကနိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ ဘယ်လ်ဂျီယံနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ရှိ စီးပွားရေးသံမှူးများက ၎င်းတို့တာဝန်ထမ်းဆောင်နေသည့် နိုင်ငံများနှင့် မြန်မာနိုင်ငံတို့အကြား နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးဆောင်ရွက်နိုင်မှုနှင့် အမယ်သစ်ပို့ကုန်များ တိုးချဲ့တင်ပို့နိုင်ရေးဆောင်ရွက်မည့် အခြေအနေများကို တင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

အစည်းအဝေး ဒုတိယနေ့ကို ဖေဖော်ဝါရီ ၂၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ(ပေကျင်း၊ နန်နင်း၊ ဟောင်ကောင်၊ ကူမင်း)၊ စင်ကာပူနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံတို့မှ စီးပွားရေးသံမှူးများ/ ကမ္ဘာ့ကုန်သွယ်ရေးဆိုင်ရာသံမှူးတို့က တင်ပြဆွေးနွေးသွားမည်ဖြစ်သည်။

ယနေ့ကျင်းပသည့် အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## စိုက်ပျိုးရေးသုတေသနခြံ (တပ်ကုန်း)၌ မိုးနှောင်းရာသီသုတေသနများ အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

စိုက်ပျိုးရေးသုတေသနဦးစီးဌာနအောက်ရှိ တပ်ကုန်းစိုက်ပျိုးရေးသုတေသနခြံသည် ပြောင်းသီးနှံ၊ နေကြာသီးနှံ၊ ပဲတီစိမ်း၊ ကုလားပဲ၊ မတ်ပဲ၊ ပဲစင်းငုံသီးနှံ သုတေသနလုပ်ငန်းများကို ဒေသနှင့်ကိုက်ညီသော အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်သည့် မျိုးသစ်များ စမ်းသပ်ဖော်ထုတ်ရန်၊ သဘာဝအရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းပြီး သီးနှံအလိုက် အကျိုးအမြတ် အများဆုံးရရှိနိုင်သည့် စိုက်ပျိုးနည်းစနစ်များ၊ သီးနှံပုံစံများ ဖော်ထုတ်ရန်၊ ဒေသအတွင်းရှိ စိုက်ပျိုးရေးသီးနှံဆိုင်ရာ ပြဿနာများ သုတေသနပြုဆောင်ရွက်ရန်၊ တောင်သူများအတွက် အရည်အသွေးကောင်းမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးရန်နှင့် သုတေသနပြုရရှိလာသည့် သီးနှံမျိုးသစ်များနှင့် နည်းပညာများအား လက်တွေ့ပညာပေးဆောင်ရွက်ရန် ဟူသည့် ရည်ရွယ်ချက်များဖြင့် သီးနှံသုတေသနများ ဆောင်ရွက်လျက်ရှိသည်။

ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းသည် ဖေဖော်ဝါရီ ၂၀ ရက်တွင် အဆိုပါခြံရှိ သုတေသနဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ရာတွင် မိမိတို့၏ သုတေသနခြံအနေဖြင့် သုတေသနလုပ်ငန်းများ လက်ရှိအခြေအနေထက် ပိုမိုခေတ်မီမှုရှိလာစေရေးအတွက် သုတေသနပညာရှင် ဝန်ထမ်းများအနေဖြင့် အားလုံးပူးပေါင်းပါဝင်ကာ တက်ညီလက်ညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သုတေသနပညာရှင်များအနေဖြင့် တောင်သူများ၏ လိုအပ်ချက်နှင့် ပြဿနာများကို အမှန်တကယ် ထိထိရောက်ရောက် အကျိုးရှိစွာ ဖြေရှင်းပေးနိုင်စေမည့် အဆင့်မြင့်သိပ္ပံနည်းကျ သုတေသနလုပ်ငန်းများ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ထိုသို့ သုတေသနလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ဌာန၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ဌာနရှိဝန်ထမ်းများ၏ လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုများ ပိုမိုရရှိလာရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့စိုက်ပျိုးရေးပညာရှင်များအနေဖြင့် မိမိတို့သုတေသနပြုဆောင်ရွက်မှုမှ ရရှိလာသည့် သီးနှံမျိုး သို့မဟုတ် နည်းပညာ တစ်မျိုးမျိုးသည် တောင်သူများအတွက် အကျိုးအမြတ် ပိုမိုရရှိကာ အသုံးတည့်သည်ဆိုပါက ဝမ်းသာပီတိဖြစ်ရပြီး အမြဲကုသိုလ်ရနေနိုင်သည့် မွန်မြတ်လှသည့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်နေရသည်မှာ လွန်စွာဂုဏ်ယူဖွယ်ကောင်းသောကြောင့် သုတေသနလုပ်ငန်းများကို အာရုံစိုက်ပြုလုပ်ကြရန် မှာကြားသည်။

ဆက်လက်၍ သုတေသနခြံအတွင်း မိုးနှောင်းရာသီတွင် သုတေသနပြုဆောင်ရွက်လျက်ရှိသည့် အစေ့ထုတ်ပြောင်းမျိုးများဖြစ်သည့် ရေဆင်း-၁၀၊ ရေဆင်း-၁၁ မျိုးများ မျိုးစေ့ပိုမိုထွက်ရှိစေရေးသုတေသန (တစ်တန်းကျော်အဖိုနှံနုတ်ပယ်ခြင်း)နှင့် TK-1,TK-2 စသည့် ပြောင်းမျိုးသစ်များ၏ မိဘလိုင်းများပွားများခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ရေဆင်း-၁ စပ်မျိုးနေကြာ မျိုးစေ့ထုတ်လုပ်ခြင်းနှင့် မိဘလိုင်းပွားများခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို တပ်ကုန်းသုတေသနခြံ တာဝန်ခံ ဦးသာထွန်းနှင့် သီးနှံတာဝန်ခံများက လိုက်လံရှင်းလင်းပြသခဲ့ရာ သီးနှံသုတေသနနှင့်ပတ်သက်သော ဖြည့်စွက်အကြံပြုချက်များနှင့် သုတေသနမှတ်တမ်းကောက်ယူခြင်းများအတွက် လိုအပ်ချက်များကို ဆွေးနွေးခြင်း၊ အားပေးဆောင်ရွက်ခြင်းများဖြင့် သုတေသနစွမ်းဆောင်ရည်မြှင့်တင်ရေးတို့ကို ပြောကြားခဲ့ကြောင်း သိရသည်။



**သတင်း-ညီညီသန်း(နေပြည်တော်)၊ ဓာတ်ပုံ-အောင်မိုး(စိုက်ပျိုးရေး)**

# သက်ဆိုင်သူသို့....

**သက်ထားဆွေ**

နိုင်ငံ့ဝန်ထမ်းဆိုသည်မှာ......

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုထားသော ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ရပ်၏ ဖွဲ့စည်းပုံပါရာထူးတစ်ခုခုတွင် ခန့်အပ်ခြင်းခံရသည့်၊ နိုင်ငံတော်ရသုံးမှန်းခြေငွေစာရင်းမှ ကျခံထုတ်ပေးသည့် လစာနှင့်စရိတ်များကို ခံစားခွင့်ရှိသည့်ဝန်ထမ်းကိုဆိုသည်။

နိုင်ငံ့ဝန်ထမ်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည့်အပြင် နိုင်ငံ့ဝန်ထမ်းများနှင့် အဓိကသက်ဆိုင်သော နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများတွင် ပြဋ္ဌာန်းထားရှိသည့် ထမ်းဆောင်ရမည့်တာဝန်၊ လိုက်နာရမည့်စည်းကမ်း၊ စောင့်ထိန်းရမည့်ကျင့်ဝတ်တို့ကိုလည်း သိရှိ၊ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

သက်ဆိုင်သူနိုင်ငံ့ဝန်ထမ်းများအား ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများမှ လက်ရှိကာလနှင့်ဆက်စပ်လျက်ရှိသော ပြဋ္ဌာန်းချက်အချို့ကို ထုတ်နုတ်၍တင်ပြရမည်ဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၂၆၊ ပုဒ်မခွဲ (က) တွင် "နိုင်ငံ့ဝန်ထမ်းများသည် ပါတီ နိုင်ငံရေးကင်းရှင်းရမည်" ဟုလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ပုဒ်မ ၁၀ တွင် "ဝန်ထမ်းသည် နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိရိုသေခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကိုလိုက်နာခြင်း၊ မိမိအား ပေးအပ်ထားသော တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ခြင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ ဝန်ထမ်းအဖွဲ့အစည်းအလိုက် သီးခြားသတ်မှတ်ထားသော လုပ်ငန်းခွင်စည်းကမ်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကိုလိုက်နာခြင်း၊ ပါတီနိုင်ငံရေးကင်းရှင်းခြင်းတို့ကို လိုက်နာရန် တာဝန်ရှိသည်" ဟုလည်းကောင်း ပြဋ္ဌာန်းထားရှိပါသည်။

နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ပုဒ်မ ၃၇ တွင် "ဝန်ထမ်းသည် နိုင်ငံ့ဝန်ထမ်းဥပဒေအရပြုလုပ်သော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများကို စောင့်ထိန်းလိုက်နာရမည့်အပြင် ဝန်ထမ်းအဖွဲ့အစည်း၏ လုပ်ငန်းသဘာဝနှင့် ဝန်ထမ်းအမျိုးအစားအလိုက် သီးခြားသတ်မှတ်ထားသည့်ကျင့်ဝတ်နှင့် လုပ်ငန်းခွင်စည်းကမ်းများကိုလည်း စောင့်ထိန်းလိုက်နာရမည်" ဟုလည်းကောင်း၊ ပုဒ်မ ၃၈ တွင် "ဝန်ထမ်း ကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှုနှင့် တာဝန်ပျက်ကွက်မှုတို့အတွက် ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ ဌာနဆိုင်ရာနည်းလမ်းအရ အရေးယူနိုင်သည်။ ဝန်ထမ်း၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုသည် ပြစ်မှုမြောက်နိုင်သည့်ကိစ္စဖြစ်ပါက ဥပဒေကြောင်းအရ အရေးယူရန်ဆောင်ရွက်ရမည်" ဟုလည်းကောင်း ပြဋ္ဌာန်းထားပါသည်။

နိုင်ငံ့ဝန်ထမ်းများအတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၆၁ တွင် အလုပ်ချိန်နှင့်သက်ဆိုင်သည့်စည်းကမ်းများကို ပြဋ္ဌာန်းထားရာ ခွင့်စည်းကမ်းများကိုဖောက်ဖျက်ပြီး ခွင့်မဲ့ပျက်ကွက်ခြင်းမပြုရပါ။ ထို့အတူ တာဝန်ထမ်းဆောင်မှုဆိုင်ရာနှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၆၂ တွင် ဥပဒေနှင့်အညီ ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်ခြင်းမပြုရပါ။ ထို့အပြင် ပြုမူဆက်ဆံမှုဆိုင်ရာ စည်းကမ်းနှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၆၃ တွင် အလုပ်ခွင်ငြိမ်းချမ်းသာယာမှုကိုဖြစ်စေ၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှုကိုဖြစ်စေ ပျက်ပြားစေရန် လှုံ့ဆော်ခြင်း သို့မဟုတ် ပြုလုပ်ခြင်း သို့မဟုတ် ထိုသို့ပြုလုပ်ခြင်းကို အားပေးကူညီခြင်း၊ ဝန်ထမ်းအဖွဲ့အစည်း၊ ဝန်ထမ်းအမျိုးအစားအလိုက် စောင့်ထိန်းလိုက်နာရန် သတ်မှတ်ထားသည့် အခြားကျင့်ဝတ်နှင့်စည်းကမ်းများကို ဖောက်ဖျက်ခြင်း၊ တာဝန်အရ အထက်အကြီးအမှူးက ဥပဒေနှင့်အညီပေးသည့်အမိန့်ကို ဝန်ထမ်းကိုယ်တိုင်ဖီဆန်ခြင်း၊ အခြားဝန်ထမ်းတို့ကို ဆန့်ကျင်စေရန် လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ သွေးဆောင်စည်းရုံးခြင်း၊ လုံခြုံမှုအဆင့်အတန်း သတ်မှတ်ထားသည့် ဌာနဆိုင်ရာ စာရွက်စာတမ်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် ပျက်ကွက်ခြင်း သို့မဟုတ် လုပ်ငန်းဆိုင်ရာ လျှို့ဝှက်ချက်များကို မသက်ဆိုင်သူများအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသိပေးခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်စေမည့် စာအုပ်စာတမ်းများရေးသားခြင်း သို့မဟုတ် ဖြန့်ဝေခြင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည့် လှုပ်ရှားမှုတစ်ခုခုတွင် ပါဝင်ခြင်း သို့မဟုတ် လှုံ့ဆော်ခြင်း သို့မဟုတ် အားပေးကူညီခြင်းတို့ကို မကျူးလွန်ကြရပါ။

သို့ဖြစ်၍ သက်ဆိုင်သူ နိုင်ငံ့ဝန်ထမ်းများသည် အလုပ်ချိန်နှင့်သက်ဆိုင်သည့် စည်းကမ်းများ၊ တာဝန်ထမ်းဆောင်မှု၊ လုပ်ရည်ကိုင်ရည်တို့နှင့် သက်ဆိုင်သည့် စည်းကမ်းများနှင့် လုပ်ငန်းခွင်အတွင်း ပြုမူဆက်ဆံမှုဆိုင်ရာ စည်းကမ်းများကို လိုက်နာကြရမည်ဖြစ်ပါသည်။

**နိုင်ငံ့ဝန်ထမ်းများအတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၆၁ တွင် အလုပ်ချိန်နှင့်သက်ဆိုင်သည့် စည်းကမ်းများကို ပြဋ္ဌာန်းထားရာ ခွင့်စည်းကမ်းများကို ဖောက်ဖျက်ပြီး ခွင့်မဲ့ပျက်ကွက်ခြင်းမပြုရပါ။ ထို့အတူ တာဝန်ထမ်းဆောင်မှုဆိုင်ရာနှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၆၂ တွင် ဥပဒေနှင့်အညီ ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ခြင်းမပြုရပါ။**

**နိုင်ငံ့ဝန်ထမ်းသည် ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်မှုတစ်ခုကို ဖောက်ဖျက်ကျူးလွန်ပါက ဌာနဆိုင်ရာ အရေးယူအပြစ်ပေးခြင်းအပြင် မိမိ၏ကျူးလွန်မှုသည် ဥပဒေကြောင်းနှင့် အရေးယူနိုင်သည့် ကျူးလွန်မှုဖြစ်ပါက ဥပဒေကြောင်းအရ လည်း အရေးယူအပြစ်ပေးခြင်းခံရနိုင်ပါသည်။**

နိုင်ငံ့ဝန်ထမ်းသည် ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်မှုတစ်ခုကို ဖောက်ဖျက်ကျူးလွန်ပါက ဌာနဆိုင်ရာ အရေးယူအပြစ်ပေးခြင်းအပြင် မိမိ၏ကျူးလွန်မှုသည် ဥပဒေကြောင်းနှင့် အရေးယူနိုင်သည့် ကျူးလွန်မှုဖြစ်ပါက ဥပဒေကြောင်းအရလည်း အရေးယူအပြစ်ပေးခြင်းခံရနိုင်ပါသည်။

သို့ဖြစ်၍ သက်ဆိုင်သူ.... နိုင်ငံ့ဝန်ထမ်းမောင်တို့ကြားကုန်လော့၊ မယ်တို့ကြားကုန်လော့။ အထက်ပါ ပြဋ္ဌာန်းသတ်မှတ်ချက်များကို သိရှိပြီး လိုက်နာကျင့်သုံး ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ရာတွင်-

"- ကျွန်ုပ်တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏သစ္စာကို စောင့်သိရိုသေပါမည်။
- ကျွန်ုပ်တို့သည် ပြည်ထောင်စုမပြိုကွဲရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ပါမည်။
- ကျွန်ုပ်တို့သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ပါမည်။
- ကျွန်ုပ်တို့သည် အမိနိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ဦးတည် ကြိုးပမ်းဆောင်ရွက်ပါမည်။
- ကျွန်ုပ်တို့သည် နိုင်ငံ့ဝန်ထမ်းများ ပီသစွာဖြင့် ပါတီနိုင်ငံရေးကင်းရှင်းအောင် နေထိုင်ပါမည်။
- ကျွန်ုပ်တို့သည် နိုင်ငံတော်က ပေးအပ်သော အမိန့်နှင့်တာဝန်များကို ဦးလည်မသုန် သက်စွန့်ကြိုးပမ်းဆောင်ရွက်သွားပါမည်"ဟူသော နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန်(၆)ချက်ကို ဦးထိပ်ပန်ဆင်ပြီး စောင့်ထိန်းလိုက်နာဆောင်ရွက်သွားကြပါစို့ဟု အဓိဋ္ဌာန်ပြုလျက် တိုက်တွန်းလိုက်ရပါသည်။

## မောင်တောမြို့နယ်၌ ရေပေးရေးလုပ်ငန်းများဆောင်ရွက်

**စစ်တွေ ဖေဖော်ဝါရီ ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မောင်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် မကျည်းကုန်းကျေးရွာတွင် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ရေပိုက်သွယ်တန်းခြင်းနှင့် ရေဝေကန်တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း



သိရသည်။

**ဆွေးနွေးပြောကြား**

မောင်တောမြို့နယ် မကျည်းကုန်းကျေးရွာတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၁ ဒသမ ၇၇၂ သန်းဖြင့် အလျား ပေ ၈၀၀၀၊ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းနှင့် အလျား ကိုးပေ၊ အကျယ် ခြောက်ပေ၊ အမြင့် ငါးပေရှိသော ရေဝေကန်နှစ်ကန်တည်ဆောက်ခြင်းလုပ်ငန်းကို ဂရွပနဒီလှိုင်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ၎င်းလုပ်ငန်းများဆောင်ရွက်နေမှုကို မောင်တောခရိုင် ကျေးလက်ဦးစီးမှူး ဦးဦးစောထွန်းနှင့်ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ သတ်မှတ်အတိုင်းအတာပြည့်မီရေးတို့ကို ဆွေးနွေးပြောကြားခဲ့ကြသည်။

အဆိုပါရေပေးရေးလုပ်ငန်းများပြီးစီးပါက မကျည်းကုန်းကျေးရွာရှိ အိမ်ခြေ ၈၄ အိမ်၊ လူဦးရေ ၄၁၅ ဦးကို အကျိုးပြုနိုင်မည်ဖြစ်ကာ ရေရှားပါးမှုကိုကာကွယ်ပြီး ရေလုံလောက်စွာသုံးစွဲသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ဇေယျာသီရိမြို့နယ် အိုင်စောက်စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းက Contract Farming စနစ်ဖြင့် မိုးစပါးများ စိုက်ပျိုးထုတ်လုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် အိုင်စောက်စိုက်ပျိုးရေးနှင့်အထွေထွေသမဝါယမအသင်းရှိအသင်းသားပိုင်လယ်ယာမြေ ၆၆ ဧကပေါ်၌ ယခုနှစ် မိုးရာသီတွင် အသင်းနှင့် အသင်းသားစာချုပ်ချုပ်ဆို၍ Contract Farming စနစ်ဖြင့် မနောသုခစပါးမျိုးများကို စိုက်ပျိုးထုတ်လုပ်ရာတွင် ထွန်ယက်ချိန်မှ ရိတ်သိမ်းချိန်အထိ လိုအပ်သော စိုက်ပျိုးစရိတ်အပေါ် အခြေခံ၍ အသင်းသားတစ်ဦးလျှင် တစ်ဧကပုံပိုးငွေကျပ် ၂၂၀၀၀၀ နှုန်းကို ငွေကြိုတင်ထုတ်ချေးပေးခဲ့ပြီး သီးနှံပေါ်ချိန်တွင် ရယူထားသော ချေးငွေအတွက် စပါးဈေးတင်း ၁၀၀ လျှင် ငွေကျပ် ၅၅၀၀၀၀ နှုန်းဖြင့် ထုတ်ချေးငွေနှင့်ညီမျှသောစပါးကို စာချုပ်ပါသတ်မှတ်နှုန်းဖြင့် အသင်းကရယူသည့်စနစ်ဖြင့် ဆောင်ရွက်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် ဒေသအလိုက် ကာလပေါက်ဈေးဖြင့် သေချာသောဈေးနှုန်းကို ရရှိခံစားရပြီး အသင်းနှင့်အသင်းသားများအတွက်ပါ နှစ်ဦးနှစ်ဖက် အကျိုးရလဒ်များ ရရှိလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ်နိုင်ငံက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အရေးပေါ်လိုအပ်သည့် နိုင်ငံ ၅၃ နိုင်ငံသို့ အခမဲ့ပံ့ပိုးပေးလျက်ရှိ




**ပေကျင်း ဖေဖော်ဝါရီ ၂၃**
တရုတ်နိုင်ငံသည် ပြည်တွင်းထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အရေးပေါ်လိုအပ်နေသော နိုင်ငံပေါင်း ၅၃ နိုင်ငံသို့ အခမဲ့ကူညီပံ့ပိုးပေးလျက်ရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဝမ်ဝဲန်ဘင်က ယနေ့ပြောကြားသည်။

ယခုအခါ တရုတ်နိုင်ငံမှ အခမဲ့ပံ့ပိုးပေးသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် ပါကစ္စတန်၊ ကမ္ဘောဒီးယား၊ လာအို၊ အီကွေတိုရီယာလ်ဂီနီယာ၊ ဇင်ဘာဘွေ၊ မွန်ဂိုလီးယားနှင့် ဘီလာရုစ်နိုင်ငံတို့သို့ ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း၊ ထို့အတူ တရုတ်နိုင်ငံမှ တင်ပို့ပေးသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများလည်း ဆားဘီးယား၊ ဟန်ဂေရီ၊ ပီရူး၊ ချီလီ၊ မက္ကဆီကို၊ ကိုလံဘီယာ၊ မော်ရိုကို၊ ဆီနီဂေါလ်၊ ယူအေအီးနှင့် တူရကီနိုင်ငံတို့သို့ ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဝမ်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ထည့်သွင်းပြောကြားခဲ့သည်။

ဖော်ပြပါ နိုင်ငံအများစုမှာ ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်ပြီး ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ကူးစက်မှုကို ကျော်လွှားနိုင်ရန် တတ်စွမ်းနိုင်သည့်နိုင်ငံများ အချင်းချင်း လက်ချင်းဆက်ပြီး နိုင်ငံတကာအသိုက်အဝန်း၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးပံ့ပိုးပေးမှုတွင် အပြုသဘောဆောင်သော ပါဝင်ထည့်ဝင်မှုပြုလုပ်ကြလိမ့်မည်ဟု မျှော်လင့်ကြောင်း ဝမ်ကထပ်မံပြောကြားသည်။

တရုတ်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား ကမ္ဘာလုံးဆိုင်ရာ ကုန်စည်တစ်ခုအနေဖြင့်ပြုလုပ်ရန် ကတိကဝတ်ပြုထားသည့် ပထမဆုံးနိုင်ငံဖြစ်ပြီး အခြားနိုင်ငံအားလုံးနှင့် ကာကွယ်ဆေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို တတ်နိုင်သမျှ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဝမ်က ထပ်လောင်းပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

## အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁ ဒသမ ၂ သန်းကျော်ရှိလာ

**ဂျကာတာ ဖေဖော်ဝါရီ ၂၃**
အင်ဒိုနီးရှားနိုင်ငံ၌ ဖေဖော်ဝါရီ ၂၃ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၇၇၅ ဦးရှိလာခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၂၉၈၆၀၈ ဦးအထိ ရှိလာခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် အင်ဒိုနီးရှားနိုင်ငံ၌ ဖေဖော်ဝါရီ ၂၃ ရက်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၂၃ ဦးရှိခဲ့သဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၃၅၀၁၄ ဦးအထိရှိလာခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ ကျန်းမာရေး ဝန်ကြီးဌာနက ဆက်လက်ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၌ ဖေဖော်ဝါရီ ၂၃ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသူ ၇၉၉၆ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၁၁၀၄၉၉၀ ရှိလာခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါသည် နိုင်ငံအတွင်းရှိ ပြည်နယ် ၃၄ ပြည်နယ်သို့ ပျံ့နှံ့လျက်ရှိပြီး လွန်ခဲ့သည့် တစ်ရက်တာ ကာလအတွင်း အနောက်ဂျာဗား၌ ၄၃၃၄ ဦး၊ အလယ်ဂျာဗား၌ ၈၂၇ ဦး၊ ဂျကာတာ၌ ၇၈၂ ဦး၊ အရှေ့ဂျာဗား၌ ၅၄၆ ဦးနှင့် တောင်ဆူလာဝေစီ၌ ၅၀၆ ဦး အသီးသီး ကူးစက်ခံခဲ့ရကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

■




## ဘရာဇီးနိုင်ငံ၌ ဧပြီလအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်မှု စတင်မည်

**ရီယိုဒီဂျနေးရိုး ဖေဖော်ဝါရီ ၂၃**
ဘရာဇီးနိုင်ငံတွင် ယခုနှစ် ပထမလေးလအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်မျိုး စတင်ထုတ်လုပ်မည်ဟု နိုင်ငံပိုင် ဇီဝသိပ္ပံအဖွဲ့အစည်းက ပြောကြားလိုက်သည်။

ဗြိတိန်ဆေးဝါးကုမ္ပဏီ AstraZeneca နှင့် နည်းပညာလွှဲပြောင်းရေး သဘောတူညီချက်တစ်ရပ်အရ ရီယိုဒီဂျနေးရိုးမြို့အခြေစိုက် Oswaldo Cruz Foundation က ဧပြီလအတွင်း ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်မှုစတင်မည်ဟု အဆိုပါဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ မာကိုအူရီလီယိုခရီဂျာက အင်တာဗျူးတစ်ခုတွင် ပြောကြားသည်။ "ဒီနှစ် ပထမလေးလအတွင်း ပြည်တွင်းမှာ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်နိုင်မယ်လို့ ကျွန်တော်တို့ ရာနှုန်းပြည့် ယုံကြည်မှုရှိပါတယ်"ဟု ၎င်းက ပြောသည်။

ကမ္ဘာပေါ်၌ ကာကွယ်ဆေးဝယ်လိုအား မြင့်မားနေစဉ် ဆေးဝါးကုမ္ပဏီများအပေါ် မှီခိုမှုလျှော့ချရန် ဘရာဇီးနိုင်ငံက ပြည်တွင်း၌ ကာကွယ်ဆေးထုတ်လုပ်ရမည်ဟု ၎င်းကဆိုသည်။ ဘရာဇီးနိုင်ငံတွင် ယနေ့ AstraZeneca ကာကွယ်ဆေး အလုံးရေနှစ်သန်းကျော် ရရှိခဲ့သည်ဟု ၎င်းကပြောသည်။ AstraZeneca နှင့် တရုတ်ဆေးဝါးကုမ္ပဏီ Sinovac မှ ထုတ်လုပ်သည့် CoronaVac တို့က ဘရာဇီးနိုင်ငံ၌ အသုံးပြုခွင့် လျှောက်ထားသည့် ကာကွယ်ဆေးနှစ်မျိုးဖြစ်ကြောင်း သိရသည်။

"ဧပြီ၊ မေ သို့မဟုတ် ဇွန်လမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေသန်း ၁၀၀ ဖြန့်ဖြူးနိုင်မယ်လို့ ကျွန်တော်တို့ လက်ခံယုံကြည်ပါတယ်"ဟု ၎င်းက ပြောသည်။

**ကိုးကား - ဘနားမား**
**ဘာသာပြန် - ကျော်ထိုက်စိုး**

## ထိုင်းနိုင်ငံက Sinovac ကာကွယ်ဆေး အရေးပေါ်အသုံးပြုခွင့် အတည်ပြု

**ဗန်ကောက် ဖေဖော်ဝါရီ ၂၃**
ထိုင်းနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနက ကာကွယ်ဆေးထိုးနှံရေးအစီအစဉ် မစတင်မီ တရုတ်နိုင်ငံ Sinovac Biotech Ltd. ထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အရေးပေါ်အသုံးပြုရန် အတည်ပြုလိုက်ပြီဖြစ်သည်။

ဖေဖော်ဝါရီ ၂၄ ရက်တွင် ထိုင်းနိုင်ငံက မှာယူထားသည့် ပထမအသုတ် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ နှစ်သန်း မရောက်ရှိမီ အရေးပေါ်အသုံးပြုရေး အတည်ပြုချက်ကို ထိုင်းနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန အကြီးအကဲ ပိုင်ဆန်ဒွန်ခွန်က လက်မှတ်ရေးထိုးခဲ့သည်။ Sinovac ကာကွယ်ဆေး တရားဝင်အတည်ပြုမှုမှာ တစ်နှစ်သက်တမ်းရှိကြောင်း ထိုင်းနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန၏ အတည်ပြုစာအရ သိရသည်။ ယခုနှစ်မကုန်မီ ပြည်သူ ၅၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးနှံပေးရန် ရည်ရွယ်သည့် ထိုင်းနိုင်ငံက AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကိုလည်း အရေးပေါ်အသုံးပြုရန် အတည်ပြုခဲ့ပြီးဖြစ်သည်။

ထိုင်းနိုင်ငံက AstraZeneca ကာကွယ်ဆေး အလုံးရေ ၆၁ သန်း မှာယူခဲ့ပြီး အဆိုပါကာကွယ်ဆေးများကို Siam Bioscience Ltd. က နည်းပညာလွှဲပြောင်းပေးမှုအစီအစဉ်အရ ပြည်တွင်း၌ ထုတ်လုပ်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဘလွန်းဘာ့ဂ်၊ ဘာသာပြန် - ကျော်ထိုက်စိုး**



## ရုရှားနိုင်ငံထုတ် Sputnik V ကာကွယ်ဆေး ပထမအသုတ် မက္ကဆီကိုနိုင်ငံသို့ ရောက်ရှိ

**မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၂၃**
ရုရှားနိုင်ငံထုတ် Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို မြောက်အမေရိကနိုင်ငံဖြစ်သည့် မက္ကဆီကိုနိုင်ငံက ယနေ့တွင် ပထမအသုတ်အဖြစ် ကာကွယ်ဆေး လက်ခံရရှိခဲ့သည်။

မက္ကဆီကိုပြည်သူ ၁၂ သန်းကို ထိုးနှံပေးရန် ရုရှားနိုင်ငံက ကာကွယ်ဆေးအလုံးရေ ၂၄ သန်း ပေးပို့မည်ဖြစ်ပြီး ပထမအသုတ်အဖြစ် ကာကွယ်ဆေးအလုံးရေ ၂၀၀၀၀၀ ပေးပို့ခဲ့ခြင်းဖြစ်သည်။ မက္ကဆီကိုနိုင်ငံခြားရေးဝန်ကြီး မာဆယ်လိုအီဘရတ်က ကိုဗစ်-၁၉ ကာကွယ်ဆေးများ တင်ဆောင်လာသည့် လေယာဉ်တစ်စင်း၏ပုံကို တွစ်တာလူမှုကွန်ရက်၌ မျှဝေခဲ့သည်။ မက္ကဆီကိုနိုင်ငံတွင် Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖြင့် ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ဖေဖော်ဝါရီ ၂၄ ရက်တွင် စတင်မည်ဖြစ်သည်။

လက်ရှိအချိန်ထိ ကမ္ဘာ့နိုင်ငံ ၃၀ က Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အရေးပေါ်အသုံးပြုခွင့်ကို အတည်ပြုခဲ့ပြီးဖြစ်ရာ လူသိအများဆုံး ထိပ်တန်း ကာကွယ်ဆေးသုံးမျိုးတွင် ပါဝင်လာခဲ့သည်။

**ကိုးကား - စပွတ်ညစ်**
**ဘာသာပြန် - ကျော်ထိုက်စိုး**

# ဂျပန်နိုင်ငံအစိုးရက ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေ ရုပ်သိမ်းရေးနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးရန် စီစဉ်လျက်ရှိ



**တိုကျို ဖေဖော်ဝါရီ ၂၃**

ဂျပန်နိုင်ငံဝန်ကြီးချုပ် ဆူဂါနှင့် ဂျပန်နိုင်ငံအစိုးရ၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာတုံ့ပြန်ရေးတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် ဝန်ကြီးများသည် အိုဆာကာနှင့် တိုကျိုအပါအဝင် ခရိုင်ငါးခု၌ ချမှတ်ထားသည့် အရေးပေါ်အခြေအနေရုပ်သိမ်းရေးနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၂ ရက်တွင် ဂျပန်နိုင်ငံ၏ နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်မှု ၂၀၀ အောက် ကျဆင်းခဲ့ပြီး ယင်းသို့ ကူးစက်မှုကျဆင်းခဲ့ခြင်းသည် သုံးလအတွင်း ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် အိုဆာကာနှင့် တိုကျိုအပါအဝင် ခရိုင်အများစုက ၎င်းတို့၏ ခရိုင်များတွင် ချမှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေကို စောစီးစွာအဆုံးသတ်ရန်လည်း ဗဟိုအစိုးရသို့ တောင်းဆိုထားကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေရုပ်သိမ်းရေးနှင့်စပ်လျဉ်း၍ ဂျပန်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာတုံ့ပြန်ရေးတွင် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် စီးပွားရေးပြန်လည်ရှင်သန်ရေးဝန်ကြီး နီရှီမူရာက အိုဆာကာနှင့် တိုကျိုတို့မှ မြို့တော်ဝန်များနှင့် ဗီဒီယိုကွန်ဖရင့်ဖြင့် ဆွေးနွေးရန် မျှော်လင့်လျက်ရှိပြီး ဂျပန်နိုင်ငံဝန်ကြီးချုပ်ဆူဂါကလည်း တိုကျိုနှင့် အိုဆာကာအပါအဝင် ခရိုင်ငါးခု၌ ချမှတ်ထားသည့် အရေးပေါ်အခြေအနေ ပြန်လည်ရုပ်သိမ်းရေးဆွေးနွေးရန် ဖေဖော်ဝါရီ ၂၄ ရက်တွင် ဂျပန်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာတုံ့ပြန်ရေး တာဝန်ယူဆောင်ရွက်လျက်ရှိသည့် စီးပွားရေး ပြန်လည်ရှင်သန်ရေးဝန်ကြီး နီရှီမူရာနှင့် ကျန်းမာရေးဝန်ကြီး နိုရီဟီဆာတို့နှင့် တွေ့ဆုံရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၁၄ ဦး ထပ်မံတွေ့ရှိ



**မနီလာ ဖေဖော်ဝါရီ ၂၃**

ဖိလစ်ပိုင်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၄၁၄ ဦး ထပ်မံတွေ့ရှိသဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၅၆၄၈၆၅ ဦး ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုကြောင့် သေဆုံးသူ ၁၂၁၀၇ ဦးရှိပြီး ရောဂါမှပြန်လည်ကျန်းမာလာသူ ၅၂၂၉၄၁ဦးရှိကြောင်း သိရသည်။ နိုင်ငံရှိ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ဖြစ်သည့် OCTA အဖွဲ့က လွန်ခဲ့သောရက်များက နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုများ မြင့်တက်လာကြောင်း ပြောကြားသည်။

နိုင်ငံအတွင်း ဗြိတိန်ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်သူ ၆၂ ဦးရှိကြောင်း သိရသည်။ ဖိလစ်ပိုင်သမ္မတ ဒူတာတေး၏ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များ ဆက်လက်ထားရှိခြင်းကို ကြိုဆိုကြောင်း OCTA အဖွဲ့မှ ဘတ်ချ်အောင်းက ပြောကြားခဲ့သည်။

မနီလာမြို့တော်ဒေသရှိဆေးရုံမှ ကူးစက်ရောဂါဌာနအကြီးအကဲ ရော်ဂန်နီ ဆိုလန်တီက အဆိုပါကန့်သတ်ချက်များချမှတ်ထားခြင်းကြောင့် ကိုဗစ်-၁၉ရောဂါတိုက်ဖျက်ရေးအတွက် တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးလုပ်သားများအတွက် ပြင်ဆင်ချိန် များစွာရရှိကြောင်း ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# အာဖဂန်နစ္စတန်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု စတင်

**ကဘူးလ် ဖေဖော်ဝါရီ ၂၃**

အာဖဂန်နစ္စတန်အစိုးရသည် နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှု နေ့စဉ်လိုလိုဖြစ်ပွားနေသည့်ကြားက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ယနေ့မှစ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အစိုးရသည် အိန္ဒိယအစိုးရမှ လှူဒါန်းထားသည့် Covishield ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အသုံးပြုပြီး ပြည်သူများအား ထိုးနှံပေးမည်ဖြစ်သည်။ ထို့အပြင် ကာကွယ်ဆေးထိုးနှံမှု ဆောင်ရွက်ရာတွင် ဆရာဝန်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သတင်းထောက်များကို ပထမဦးစားပေးအုပ်စုအနေဖြင့် ထိုးနှံပေးသွားရန် စီစဉ်ထားကြောင်း သိရသည်။

"အိန္ဒိယနိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၅၀၀၀၀၀ ဖြင့် ကာကွယ်ဆေးထိုးနှံမှု အစီအစဉ် ပထမအဆင့် ဒီနေ့စတင်ဆောင်ရွက်နိုင်မှုအပေါ် အာဖဂန်ပြည်သူတွေကို ချီးကျူးပါတယ်။ ဒီလိုမျိုး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုဟာ အာဖဂန်ပြည်သူတွေအတွက် အင်မတန်ကြီးမားတဲ့ အခွင့်အရေးတစ်ရပ်ပါပဲ" ဟု အာဖဂန်သမ္မတ အာရှ်ရာ့ဖ်ဂါနီက ပထမအဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ဆောင်ရွက်နေစဉ် ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ယမန်နှစ်ကတည်းက ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုဖြစ်ပွားခဲ့ပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စမ်းသပ်စစ်ဆေးမှုမရှိခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် အားနည်းမှုကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမြင့်တက်ခဲ့ခြင်းဖြစ်သည်။



လက်ရှိအချိန်အထိ အာဖဂန်နစ္စတန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၅၅၆၀၀ ခန့်ရှိပြီး ၎င်းတို့အနက် ၂၄၃၀ ခန့်သည် အဆိုပါရောဂါကြောင့် သေဆုံးခဲ့ကြောင်း တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

သို့သော် ယမန်နှစ် ဩဂုတ်လက အာဖဂန်ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့်လေ့လာချက်အရ အာဖဂန်နစ္စတန်နိုင်ငံတွင် လူ ၁၀ သန်းခန့် (လူဦးရေအားလုံး၏ သုံးပုံတစ်ပုံခန့်) ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရဖွယ်ရှိကြောင်း သိရသည်။

မြို့တော်ကဘူးလ်နှင့် နိုင်ငံတစ်ဝန်းရှိ မြို့ပြဒေသအတော်များများသည် အာဖဂန်အစိုးရနှင့် တာလီဘန်အုပ်စုအကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများပြုလုပ်စဉ် နေ့စဉ်လိုလို အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံအတွင်း ဆယ်စုနှစ်များကြာဖြစ်ပွားခဲ့သည့်ပဋိပက္ခများကြောင့် ဝေးလံခေါင်ဖျားသောဒေသများသို့ ကျန်းမာရေးဝန်ထမ်းများ သွားရောက်ရေးကို အဟန့်အတားဖြစ်ခဲ့ပြီး ပိုလီယိုကာကွယ်ဆေးအပါအဝင် အခြားကာကွယ်ဆေးများ ထိုးနှံမှုအစီအစဉ်ကို နှောင့်နှေးကြန့်ကြာခဲ့သည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ဂျေတီ**

■

# အဇာဘိုင်ဂျန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်း စတင်ဆောင်ရွက်

**ဘာကူ ဖေဖော်ဝါရီ ၂၃**

အဇာဘိုင်ဂျန်နိုင်ငံတွင် တရုတ်နိုင်ငံမှထုတ်လုပ်သော CoronaVac ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးကို အစုလိုက်အပြုံလိုက် ထိုးနှံပေးခဲ့ရာတွင် ဘေးထွက်ဆိုးကျိုး အများအပြားမတွေ့ရှိရကြောင်း ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူများက ပြောကြားသည်။

ဇန်နဝါရီ ၁၈ ရက်ကစတင်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့ရာမှာ ကျန်းမာရေးဝန်ထမ်းတွေအပါအဝင် ကျွန်တော်တို့ရဲ့ ဝန်ထမ်းတွေလည်း ကာကွယ်ဆေးထိုးနှံမှုခံယူခဲ့ပါတယ်ဟု ဘာကူကျန်းမာရေးစင်တာမှ ညွှန်ကြားရေးမှူး အဆီမန်ဟာဆာနော့က ပြောကြားသည်။

ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခဲ့ရာတွင် ဘေးထွက်ဆိုးကျိုး အများအပြားမရှိကြောင်းနှင့် အချို့ဝန်ထမ်းများမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံမှုခံယူခဲ့ကြကြောင်း သိရသည်။ ကျွန်တော်တို့စင်တာမှာ နိုင်ငံသားအများအပြား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ခံယူခဲ့ကြပြီး အခုအချိန်မှာ သံရုံး ၂၃ ရုံးနဲ့ နိုင်ငံတကာအဖွဲ့အစည်း၁၄ ခုက ဝန်ထမ်းတွေကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့ပါတယ်ဟု ၎င်းကပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးရာတွင် သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်များကို ဦးစားပေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ဗြိတိန်နိုင်ငံက မတ်လမှစတင်ကာ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ခရီးသွားလာခွင့်ကန့်သတ်ချက်များကို ဖြေလျှော့ပေးရန် စီစဉ်

**လန်ဒန် ဖေဖော်ဝါရီ ၂၃**

ဗြိတိန်နိုင်ငံသည် မတ်လမှစတင်၍ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ခရီးသွားလာခွင့်ကန့်သတ်ချက်များကို ဖြေလျှော့ပေးရန် စီစဉ်လျက်ရှိကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ထုတ်ဖော်ပြောကြားခဲ့သည်။

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်သည် ကိုဗစ်-၁၉ ရောဂါနှင့် စပ်လျဉ်းသည့် အဆင့်လေးဆင့်ပါရှိသည့် လမ်းပြမြေပုံတစ်ရပ်ကို ဖေဖော်ဝါရီ ၂၂ ရက်တွင် ပါလီမန်၌ ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

ပထမအဆင့်တွင် ကျောင်းများအားလုံးကို မတ် ၈ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်းနှင့် လူဦးရေခြောက်ဦးအထိ စုဝေးခွင့်ကို မတ် ၂၉ ရက်မှစတင်၍ ခွင့်ပြုပေးမည်ဖြစ်ကြောင်း ပါရှိသည်။ ဧပြီ ၁၂ ရက်တွင် စတင်မည့် ဒုတိယအဆင့်တွင် အရေးမကြီးသောဈေးဆိုင်များနှင့် ဆံပင်အလှပြုပြင်ဆိုင်များ ပြန်လည်ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။




အခြားသော ကန့်သတ်ချက်များကိုလည်း အဆင့်အလိုက် ဖြေလျှော့ပေးရန် စီစဉ်လျက်ရှိပြီး ဇွန် ၂၁ ရက်တွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အခြားသော ကန့်သတ်ချက်အဆင့်အားလုံး ဖြေလျှော့ပေးနိုင်မည်ဖြစ်ကြောင်း ဗြိတိန်အစိုးရက ပြောကြားခဲ့သည်။

နိုင်ငံတကာခရီးသွားလာခွင့်ကိုမူ ဒုတိယအဆင့်ပြီးဆုံးသည့်တိုင်အောင် စည်းမျဉ်းများအရ တားမြစ်ပိတ်ပင်ထားမည်ဖြစ်ကြောင်း သိရသည်။ ဗြိတိန်အစိုးရသည် အဆင့်တိုင်းတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်မှ ရရှိသည့်အချက်အလက်များအပေါ် မူတည်၍ နောက်တစ်ဆင့်ဆက်လက်ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ စဉ်းစားသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ဗြိတိန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဒီဇင်ဘာလအတွင်းက စတင်ခဲ့ပြီး ဗြိတိန်နိုင်ငံတွင် အသုံးပြုခဲ့သည့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ဆေးရုံတက်ရခြင်းနှင့် သေဆုံးရခြင်းကို အနည်းဆုံး ၇၅ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ဗြိတိန်နိုင်ငံသည် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကိုလည်း ပြီးခဲ့သည့်လအတွင်းက စတင်အသုံးပြုခဲ့သည်။ ဗြိတိန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၂၀၀၀၀ ကျော်ရှိသွားပြီဖြစ်သော်လည်း နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အရေအတွက်မှာ ကျဆင်းလျက်ရှိကြောင်း သိရသည်။ **ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-အလင်းသစ်**

# အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ငါးသိန်းကျော်ရှိလာ

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၃**

အမေရိကန်နိုင်ငံ၌ ဖေဖော်ဝါရီ ၂၃ ရက်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက် စုစုပေါင်း ငါးသိန်းကျော်အထိရှိလာခဲ့ကြောင်း ဂျွန်ဟော့ကင်းစ်တက္ကသိုလ်က ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများအနက် သေဆုံးသူတစ်သိန်းကျော်မှာ ဇန်နဝါရီလလယ်နောက်ပိုင်းတွင် သေဆုံးခဲ့သူများဖြစ်ကြောင်းသိရသည်။

အမေရိကန်နိုင်ငံ၌ ခရစ္စမတ်နှင့် နှစ်သစ်ကူးကာလများတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက် သိသိသာသာမြင့်တက်ခဲ့ခြင်းဖြစ်ပြီး ဇန်နဝါရီလအတွင်းက နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက် နှစ်သိန်းနီးပါးရှိခဲ့ကာ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူ အရေအတွက်သည်လည်း ၄၀၀၀ အထိ မြင့်တက်မှုရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု လျော့ကျခဲ့ကြောင်း၊ သို့ရာတွင် မတ်လလယ်မတိုင်မီကာလအတွင်း လူဦးရေ ထောင်ပေါင်းများစွာသေဆုံးနိုင်ခြေရှိကြောင်း အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားခဲ့သည်။

**ကာကွယ်ဆေးထိုးနှံပြီးသူ ၄၄ သန်းကျော်ရှိ**

အမေရိကန်နိုင်ငံ၌ ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူ ၄၄ သန်းကျော်ရှိပြီဖြစ်ကြောင်းနှင့် ပြည်သူ ၁၉ သန်းကျော် သို့မဟုတ် နိုင်ငံလူဦးရေ၏ ၆ ရာခိုင်နှုန်းခန့်မှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နှစ်ကြိမ်စလုံး ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။



သို့ရာတွင် အမေရိကန်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်သည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအခြေအနေပေါ် သိသာထိရောက်သည့် အကျိုးသက်ရောက်မှုတစ်ရပ်ကို ရရှိစေမည့် အဆင့်တစ်ခုသို့ ရောက်ရှိသေးခြင်းမရှိကြောင်း ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်**

# နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ အစုလိုက် အပြုံလိုက် ကူးစက်မှုများတွေ့ရှိခဲ့ပြီးနောက် ကျောင်းများပိတ်ထားရန် ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်ဆန် ဆုံးဖြတ်

**ဖနွမ်းပင် ဖေဖော်ဝါရီ ၂၃**

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ အစုလိုက်အပြုံလိုက်ကူးစက်မှုများတွေ့ရှိခဲ့ပြီးနောက် ကမ္ဘောဒီးယားနိုင်ငံမြို့တော် ဖနွမ်းပင်နှင့် တောင်ပိုင်းကန်ဒန်ပြည်နယ်ရှိ ကျောင်းများကို သီတင်းနှစ်ပတ်ကြာပိတ်ထားရန် ဝန်ကြီးချုပ် ဟွန်ဆန်က ယမန်နေ့တွင် ဆုံးဖြတ်ခဲ့သည်။



**ကူးစက်ခံရသူအရေအတွက် ၁၀၀ ခန့်တွေ့ရှိ**

အဆိုပါ ကျောင်းများတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုမှ တားဆီးရန် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတွင် သုံးရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက် ၁၀၀ ခန့်တွေ့ရှိခဲ့ခြင်းမှာ အရေအတွက် များပြားကြောင်း ၎င်းက ပြောကြားသည်။ ဖေဖော်ဝါရီ ၂၀ ရက်တွင် ဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ ရောဂါ အစုလိုက်အပြုံလိုက်ကူးစက်မှုနှင့် ဆက်စပ်နေသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးရန် ၎င်းက ညွှန်ကြားခဲ့သည်။

"နိုင်ငံသားတွေအနေနဲ့ တတ်နိုင်သလောက် အိမ်ပြင်မထွက်ဖို့၊ နှာခေါင်းစည်း ဝတ်ဆင်ဖို့၊ ခပ်ခွာခွာနေထိုင်ဖို့နဲ့ လူစုလူဝေးရှောင်ကြဉ်ဖို့ ကျွန်တော်ပြောလိုပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်တွေကို မလိုက်နာတဲ့ စားသောက်ဆိုင်တွေနဲ့ စီးပွားရေးလုပ်ငန်းတွေကို ပိတ်ပင်ဖို့လည်း ကျွန်တော် ညွှန်ကြားထားပါတယ်"ဟု ၎င်းက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၁၁၂၃၄၄၉၁ ဦး

သေဆုံးသူ ၂၄၈၇၃၉၁ ဦး

ပြန်လည်ကျန်းမာလာသူ ၈၇၈၇၂၀၅၇ ဦး

COVID-19
ကပ်ရောဂါကူးစက်မှုလျှော့ချနိုင်ဖို့
လူထူထပ်သောနေရာများကို ရှောင်ကြဉ်ပါ။



#LETSBEATCOVIDTOGETHER




## မိမိလုပ်ငန်းတာဝန် ထမ်းဆောင်ခြင်းမရှိဘဲ CDM ပြုလုပ်ပြီး ပုဂ္ဂလိကဆေးရုံ၌ အခကြေးငွေဖြင့် ဆေးကုသပေးနေသည့် ဆရာဝန်တစ်ဦးအား အမှုဖွင့်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ညောင်လေးပင်ကျေးရွာနေသူ အမျိုးသမီးတစ်ဦးသည် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၀ နာရီတွင် ကျေးရွာအတွင်း၌ ဆိုင်ကယ်မတော်တဆ တိမ်းမှောက်၍ ယာဘက်လက် ထိခိုက်ဒဏ်ရာရရှိခဲ့ရာ ပြည်မြို့ (ခုတင်-၅၀၀) ပြည်သူ့ဆေးရုံမှာ ဖွင့်လှစ်ကုသခြင်းမရှိသဖြင့် ညနေ ၅ နာရီခန့်တွင် ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသခြင်းမရှိဘဲ ပုဂ္ဂလိက သံလွင်ဆေးရုံ၌ အခကြေးငွေရယူလျက် ဆေးကုသနေသည့် ဒေါက်တာကျော်သူရထံသို့ သွားရောက်ပြသခဲ့ရာ ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၁ နာရီတွင် အမျိုးသမီး၏ ယာဘက် လက်သူကြွယ်နှင့် လက်သန်းနှစ်ချောင်းအား ငွေကျပ် ၁၃ သိန်းပေး၍ ခွဲစိတ်ဖြတ်တောက်ခဲ့ရသည့်အပြင် ဒေါက်တာကျော်သူရက ဒုတိယအကြိမ် ထပ်မံခွဲစိတ်ရန် လိုအပ်ကြောင်း ပြောလာခဲ့သဖြင့် ငွေကြေးမတတ်နိုင်တော့သည့်အတွက် ၎င်းပုဂ္ဂလိကဆေးရုံမှ အမှတ်(၆) တပ်မတော်ဆေးရုံ (ခုတင်-၁၀၀)သို့ လာရောက်ပြသ အရေးပေါ်ခွဲစိတ်ကုသမှုခံယူခဲ့ရသည်။

အဆိုပါအမျိုးသမီးအနေဖြင့် ပုဂ္ဂလိကဆေးရုံ၌ မိမိဒဏ်ရာအား ကုသမှုခံခဲ့ရာမှ ငွေကြေးမတတ်နိုင်တော့သဖြင့် တပ်မတော်ဆေးရုံသို့ ပြောင်းရွှေ့ကုသရာတွင် အချိန်မီ ထပ်မံခွဲစိတ်ခြင်းမပြုလုပ်ပါက အသက်အန္တရာယ်စိုးရိမ်ရသည့်အနေအထားသို့ ရောက်ရှိနေသဖြင့် လူနာ၏ ယာဘက်လက်ခလယ်နှင့် လက်ညှိုးတို့အား မလိုအပ်ဘဲ ဖြတ်တောက်ကုသခဲ့ရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ နစ်နာသူအမျိုးသမီးက ဒေါက်တာကျော်သူရအား တောင်းခံသည့်ငွေကြေးပေးအပ်သော်လည်း ငွေကြေးထပ်မံတောင်းခံခဲ့ခြင်း၊ CDM ပါဝင်ဆောင်ရွက်သည့်အပြင် အခြားဝန်ထမ်းများအား စည်းရုံးခြင်း၊ ပြည်သူများ ကျန်းမာရေးအခက်အခဲဖြစ်စေရန် ဝန်ထမ်းစည်းမျဉ်းနှင့် ဆန့်ကျင်လျက် မတရားငွေကြေးတောင်းခံကုသမှုအပေါ် ဥပဒေနှင့်အညီ အရေးယူပေးနိုင်ပါရန် ပြည်မြို့ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့သို့ တိုင်ကြားခဲ့သဖြင့် စခန်းမှူး ဒုတိယရဲမှူးကျော်အေးလှိုင်က (ပ)၃၂/၂၀၂၁၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅(က) အရ အမှုဖွင့် ဆောင်ရွက်ထားရှိပြီး ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည့်အပြင် မြန်မာနိုင်ငံဆေးကောင်စီသို့လည်း ပြည်သူ့ဝန်ထမ်း ဆရာဝန်တစ်ဦးအနေဖြင့် တာဝန်မဲ့လုပ်ရပ်များအား စာရေးသားတိုင်းတန်းထားကြောင်း သတင်းရရှိသည်။



ဆမ-၁၉၉၀၃ ဒေါက်တာကျော်သူရ ပြည်မြို့ ပြည်သူ့ဆေးရုံတွင် စတင်တာဝန်ထမ်းဆောင်သည့်ရက် ၈-၆-၂၀၂၀

**သတင်းစဉ်**

## ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် ငွေကျပ်သိန်း ၆၈၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် ငွေကျပ်သိန်း ၆၈၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၁ ရက် ည ၁၁ နာရီခန့်တွင် မောင်တောမြို့နယ် ကျောက်ချောင်းကျေးရွာအနီးတွင် မသင်္ကာဖွယ်တွေ့ရှိသူ မာမွတ်ကာမာနှင့် ရှောင်ရှူအာလောင်တို့အား စစ်ဆေးရှာဖွေရာ ၎င်းတို့ သယ်ဆောင်လာသည့် ဆာလာအိတ်များအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၇၀၀၀ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် မောင်တောမြို့နယ် ကြိမ်ချောင်းစစ်ဆေးရေးဂိတ်တွင် ကုန်အာန်အာလီ မောင်းနှင်လာသည့် ယာဉ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၃၀၀၀ (စုစုပေါင်းတန်ဖိုး ငွေကျပ် သိန်း ၆၈၀၀) ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်တရားခံများ စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဗန်းမော်မြို့၌ မီးလောင်မှုဖြစ်ပွား၊ နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံး

**ဗန်းမော် ဖေဖော်ဝါရီ ၂၃**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ယမန်နေ့က မီးလောင်မှုဖြစ်ပွားပြီး နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ နံနက် ၁၁ နာရီ ၅၅ မိနစ်က ဗန်းမော်မြို့ ဟန်တဲရပ်ကွက် ရိုးကြီးရပ်တွင် မီးလောင်မှုဖြစ်ပွားနေကြောင်း သတင်းအရ ဗန်းမော်ခရိုင် မီးသတ်ဦးစီးဌာနက လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမင်းခိုင် ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်နှင့် ရေသယ်ယာဉ်ငါးစီးတို့ဖြင့် သွားရောက်ငြိမ်းသတ်ရာ မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။

မီးလောင်မှုဖြစ်စဉ်အား စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ဗန်းမော်ခရိုင် မီးသတ်ဦးစီးဌာနမှ သိရသည်။

**မိုးဃ်းကျ(မြစ်ကြီးနား)**

# ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံပေး

**စစ်တွေ ဖေဖော်ဝါရီ ၂၃**
ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများအား ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီးရုံးခန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(COVISHIELD)ကို စတင်ထိုးနှံပေးလျက်ရှိသည်။

**ကာကွယ်ဆေး စတင်ထိုးနှံ**

ထိုသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်ရာတွင် ကာကွယ်ဆေး ထိုးနှံခြင်းမပြုမီ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးအတွင်း အောက်ဆီဂျင်ပါဝင်မှုပမာဏ တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးခြင်းဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်း၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများအား စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်များက ကာကွယ်ဆေးထိုးနှံပေးကြသည်။ ယနေ့တွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်းနှင့် အဖွဲ့ဝင်များအပါအဝင် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ စုစုပေါင်း ၅၅ ဦးကို ကာကွယ်ဆေး စတင်ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူများသည် ကာကွယ်ဆေးထိုးနှံပြီး ၂၈ ရက်အကြာတွင် ဒုတိယအကြိမ် ပြန်လည်ထိုးနှံသွားရမည်ဖြစ်ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

၀



# ဖေဖော်ဝါရီ ၂၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၂ ဦး တွေ့ရှိ


**COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၂၃-၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၂၂-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၃-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၁၅၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၂၂) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၄၈၅,၀၉၄) အား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၁,၇၈၃) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄၀) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၃၅၈) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် "ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေ တပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (mask and face shield campaign)" ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းနှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန




## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၈၈၂၇၄၀၄ | ၁၉၁၁၄၁၄၆ | ၅၁၂၅၉၅ |
| ၂။ | အိန္ဒိယ | ၁၁၀၁၆၄၃၄ | ၁၀၇၁၂၆၆၅ | ၁၅၆၄၉၈ |
| ၃။ | ဘရာဇီး | ၁၀၁၉၇၅၃၁ | ၉၁၃၉၂၁၅ | ၂၄၇၂၇၆ |
| ၄။ | ရုရှား | ၄၁၈၉၁၅၃ | ၃၇၃၉၃၄၄ | ၈၄၀၄၇ |
| ၅။ | ဗြိတိန် | ၄၁၂၆၁၅၀ | ၂၅၄၈၆၂၁ | ၁၂၀၇၅၇ |
| ၆။ | ပြင်သစ် | ၃၆၀၉၈၂၇ | ၂၅၀၅၃၂ | ၈၄၆၁၃ |
| ၇။ | စပိန် | ၃၁၅၃၉၇၁ | ၂၅၄၂၃၅၃ | ၆၇၆၃၆ |
| ၈။ | အီတလီ | ၂၈၁၈၈၆၃ | ၂၃၃၄၉၆၈ | ၉၅၉၉၂ |
| ၉။ | တူရကီ | ၂၆၄၆၅၂၆ | ၂၅၂၉၄၅၀ | ၂၈၁၃၈ |
| ၁၀။ | ဂျာမနီ | ၂၃၉၉၅၀၀ | ၂၂၀၇၇၀၀ | ၆၈၇၇၂ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၂၉၈၆၀၈ | ၁၁၀၄၉၉၀ | ၃၅၀၁၄ |
| ၂။ | ဖိလစ်ပိုင် | ၅၆၄၈၆၅ | ၅၂၂၉၄၁ | ၁၂၁၀၇ |
| ၃။ | မလေးရှား | ၂၈၈၂၂၉ | ၂၅၆၆၇၈ | ၁၀၇၆ |
| ၄။ | မြန်မာ | ၁၄၁၇၈၃ | ၁၃၁၃၅၈ | ၃၁၉၇ |
| ၅။ | စင်ကာပူ | ၅၉၈၈၃ | ၅၉၇၄၆ | ၂၉ |
| ၆။ | ထိုင်း | ၂၅၅၉၉ | ၂၄၄၄၆ | ၈၃ |
| ၇။ | ဗီယက်နမ် | ၂၄၀၁ | ၁၇၁၇ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၅၉၃ | ၄၇၅ | ၀ |
| ၉။ | ဘရူနိုင်း | ၁၈၅ | ၁၇၈ | ၃ |
| ၁၀။ | လာအို | ၄၅ | ၄၁ | ၀ |

# ဘူမိဖဿမုဒြာ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော်အစိတ်အပိုင်းများကို ဆီမီးခုံဆိပ်ကမ်းမှ နေပြည်တော်သို့ တတိယအကြိမ် ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

နေပြည်တော်တွင် တည်ထားကိုးကွယ်မည့် ဘူမိဖဿမုဒြာ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော် အစိတ်အပိုင်းများကို Modular Trailer ဖြင့် ဆီမီးခုံ ဆိပ်ကမ်းမှ တည်ထားကိုးကွယ်မည့် နေပြည်တော် ကောင်စီနယ်မြေသို့ တတိယအကြိမ် ပင့်ဆောင် ပူဇော်ခြင်း မဟာမင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ဆီမီးခုံ ကျေးရွာအနီး၌ ကျင်းပပြုလုပ်သည်။

**တက်ရောက်**

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တမာဏိတ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြ ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကိုကိုဦးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ငါန်းဇွန်မြို့နယ် သံဃနာယက ဥက္ကဋ္ဌ ဆရာတော်ကြီး အမှူးပြုသော သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် ပရိတ်တရား တော်များကို တက်ရောက်လာကြသူများက နာယူ ကြည်ညိုကြသည်။



ဆက်လက်၍ ဘူမိဖဿမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတု တော်နှင့် ပလ္လင်တော်အစိတ်အပိုင်းများအား ဆရာတော်ကြီးများ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ထို့နောက် ဘူမိဖဿမုဒြာ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ဆင်းတုတော် နှင့် ပလ္လင်တော်အစိတ်အပိုင်းများအား ပင့်ဆောင်ရန် အတွက် လုံခြုံရေးအဖွဲ့ဝင်များနှင့် ယာဉ်မောင်းများ နေရာယူခြင်း၊ ဥပါသကာများနှင့် ဝတ်အသင်းများ နေရာယူခြင်းတို့ကို အစီအစဉ်အတိုင်း ဆက်လက် ဆောင်ရွက်ကြပြီး ဘူမိဖဿမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော် လောင်းလျာပင်မ ကျောက်တော်ကြီးမှ ပလ္လင်တော်အပိုင်း(၃)၊ ပလ္လင်တော်အပိုင်း(၅) စုစုပေါင်း နှစ်တုံး တင်ဆောင် ထားသည့် Modular Trailer များသည် မင်္ဂလာ အချိန်တွင် စတင်ပင့်ဆောင်ထွက်ခွာတော်မူကြရာ ငါန်းဇွန်မြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော် ကြီး၊ တိုင်းမှူးနှင့် တက်ရောက်လာကြသည့် ဧည့်ပရိတ်သတ်အပေါင်းတို့က လက်ဆယ်ဖြာ ဦးထိပ်ထား၍ ကြည်ညိုကြသည်။

ယင်းနောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနား အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## ပြည်သူအချင်းချင်း သတင်းစကားကောက်နုတ်ချက်

၁။ နိုင်ငံကောင်းကျိုး၊ ပြည်သူလူထုအကျိုးအတွက် တာဝန် ဝတ္တရားများကို လုပ်ခွင်မပျက် ဆက်လက်ထမ်းဆောင်နေကြသော ဝန်ထမ်းကောင်းများကို ခြိမ်းခြောက်ဟန့်တားသူ၊ တားဆီးပိတ်ပင်သူ၊ တာဝန်ဝတ္တရားနှောင့်ယှက်သူများကို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူပါလိမ့်မည်။

၂။ တိုင်းပြည်၊ လူမျိုး၊ ပြည်သူအကျိုးကို အစိုးရအဆက်ဆက် နှစ်ပေါင်းများစွာ အနစ်နာခံလျက် ထမ်းဆောင်ခဲ့ကြသော ဝန်ထမ်း များ၏ လုံခြုံမှုနှင့် ဘေးကင်းမှုကို ဥပဒေဖောက်ဖျက်ကျူးလွန်သူများ စော်ကားခြိမ်းခြောက်ခြင်းမှ ထိရောက်စွာ ကာကွယ်ရန်ဖြစ်ပါသည်။

၃။ ပါတီနိုင်ငံရေး ကင်းရှင်းစွာဖြင့် နိုင်ငံပြည်သူအကျိုးအတွက် နိုင်ငံ့ဝန်ထမ်းများ၏ စေတနာအပြည့်အဝဖြင့် ရိုးသားကြိုးစားမှ မိသားစုလုံခြုံအေးချမ်းရာကြသော ဘဝကို စာနာနားလည်သော အားဖြင့် အနိုင်အထက် မတရားသဖြင့် တားဆီးနှောင့်ယှက်၊ သိက္ခာ ချခြင်းများကို မပြုလုပ်သင့်ပါကြောင်း ရိုးသားစွာ ဖော်ပြအပ်ပါ သည်။

**ဝန်ထမ်းပြည်သူတစ်ဦး**

# အရပ်သားဆရာဝန်များနှင့်သူနာပြုများမရှိ၍ ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများ သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံနှင့် ယင်းမာပင်တိုက်နယ် ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၊ ကျောက်တံခါး ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရစ် ကျေးရွာ တိုက်နယ်ဆေးရုံတို့ရှိ ဆရာဝန်များနှင့် သူနာပြုများက ၎င်းတို့၏လုပ်ငန်းများ ပျက်ကွက် လျက်ရှိပြီး ဒေသခံပြည်သူများအနေဖြင့် ဆေးကုသမှု ခံယူရန် အခက်အခဲများဖြစ်ပေါ်လျက်ရှိသဖြင့် ဆေးရုံ တွင် အလုပ်ဆင်းပြီး တာဝန်ကျေပွန်စွာ ထမ်းဆောင် နေသည့် ဝန်ထမ်းများနှင့်လူနာရှင်များက နယ်မြေခံ တပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြု များ လာရောက်ကုသပေးနိုင်ပါရန် အကူအညီ တောင်းခံမှုကြောင့် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် များမှ တပ်နယ်များအလိုက် တပ်မတော်ဆေးရုံမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့်သူနာပြု များပါဝင်သော ဆေးကုသရေးအဖွဲ့အား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း များ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ အကူအညီတောင်းခံလာမှုကြောင့် တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများနှင့် နယ်မြေခံ တပ်မတော်သားများက အဆိုပါဆေးရုံများသို့ သွားရောက်၍ ဆေးရုံပြန်လည်ဖွင့်လှစ်နိုင်ရေး ဒေသခံပြည်သူများနှင့်ပူးပေါင်းကာ ဆေးရုံပရိဘောဂ များပြန်လည်နေရာချထားခြင်း၊ ဆေးရုံအတွင်းအပြင်



သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းခြင်းများကို ချက်ချင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ဆောင်ရွက်ပေးပြီး တပ်မတော်သား ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများ အား စုဖွဲ့စေလွှတ်ပေးခဲ့ရာ တပ်မတော်သားဆရာဝန် များနှင့် ကျန်းမာရေးဝန်ထမ်းများအား မြို့မိမြို့ဖ များနှင့် ဒေသခံပြည်သူများက ဝမ်းမြောက်လှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ ဆေးရုံများ၌ တပ်မတော်ဆေးကုသ ရေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ သားဖွားမီးယပ် ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေ ရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက် ပေးခဲ့ကြောင်းနှင့် ဒေသခံပြည်သူများအနေဖြင့်လည်း အထူးပင်ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ် ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက် ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေး ထားမှုအခြေအနေများ၊ ကျန်းမာရေးတိုးတက် ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားသည်။ ထို့နောက် စားသောက်ဖွယ်ရာများ ပေးအပ်ကာ ဒေသခံပြည်သူ များအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ပြင်ဆင်ထားရှိမှု အခြေအနေများ ကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့် ဆည်းဆောင် ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ အလောင်းတော်ကဿပ ဗုဒ္ဓပူဇနိယပွဲတော်နှင့် ကပိုင်-သပိတ်ဆေး-ဘုရားဖူးရာသီလမ်း တက်ရောက်ဖွင့်လှစ်

**မုံရွာ ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းသည် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဖြိုးသန့်နှင့်အတူ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ယင်းမာပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့ လိုက်ပါ၍ ယနေ့နံနက် ၈ နာရီက ယင်းမာပင်မြို့နယ် ကပိုင်ကျေးရွာအနီးရှိ ဂုံညှင်းပင်စခန်းရှေ့တွင် ကျင်းပသော အလောင်းတော်ကဿပ ဗုဒ္ဓပူဇနိယပွဲတော်နှင့် ကပိုင်-သပိတ်ဆေး-ဘုရားဖူးရာသီလမ်းဖွင့်ပွဲသို့ တက်ရောက်ခဲ့သည်။



**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ရှေးဦးစွာ အလောင်းတော်ကဿပ ဗုဒ္ဓပူဇနိယပွဲတော်နှင့် ကပိုင်-သပိတ်ဆေး-ဘုရားဖူးရာသီလမ်းဖွင့်ပွဲအထိမ်းအမှတ်မုခ်ဦးအား က/သီကုန်းကျောင်းတိုက်ဆရာတော် ဦးဝိစိတ္တ၊ စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်လင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဖြိုးသန့်၊ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး ဝင်းတင်စိုးနှင့် ယင်းမာပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အမှတ်တရစုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကပိုင်-သပိတ်ဆေး-ဘုရားဖူးရာသီ လမ်းဖောက်လုပ်ထားရှိမှုအခြေအနေနှင့် ဘုရားဖူးလာပြည်သူများလာရောက်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ဘုရားဖူးပြည်သူများအတွက် ဘေးအန္တရာယ်ကင်းရှင်းစေရန် တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် ဘုရားဖူးခရီးသည်များ အဆင်ပြေချောမွေ့အောင် သွားလာလွယ်ကူစေရေး အဓိကဝန်ဆောင်မှုပေးနေသော ဆင်ထိန်းများအတွက် စားစရာမျိုးစုံနှင့်အတူ ဆင်စာများကို ထောက်ပံ့လှူဒါန်းခဲ့သည်။ ထို့နောက် ယင်းမာပင်ခရိုင်အတွင်း လေးမြို့နယ်မှ အလောင်းတော်ကဿပဘုရားသပိတ်ဆေးချောင်း လူကူးတံတား တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကာ လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးအထူးအလေးထားဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် အလောင်းတော်ကဿပစံကျောင်းတော်သို့ ရောက်ရှိပြီး ရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ ရွှေသင်္ကန်းများနှင့် ပန်း၊ ရေချမ်း၊ ဆီမီးနှင့် သစ်သီးဝလံများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်ပြီး အလောင်းတော်ကဿပ စံမြန်းရာ လိုဏ်ဂူတော်အဝင်ကျောက်တံခါးသို့ ရောက်ရှိပြီး ဖူးမြော်ကြည်ညိုကာ ရွှေသင်္ကန်းများ ကပ်လှူပူဇော်ခဲ့ကြသည်။ ထို့နောက် အလောင်းတော်ကဿပဘုရားရင်ပြင်တော် နာယကကျောင်းဆောင်ရှိ ယင်းမာပင်၊ ဆားလင်းကြီး၊ ပုလဲ၊ ကနီ လေးမြို့နယ် ဩဝါဒါစရိယဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**





**❒ တပ်မတော်မှစစ်ရေယာဉ်များမှ**

မြန်မာ့တပ်မတော်မှ စစ်ရေယာဉ်သုံးစင်းသည် မလေးရှားနိုင်ငံ လူမွတ် (Lumut) ရေတပ်ဆိပ်ကမ်းသို့ ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းတွင်ရောက်ရှိခဲ့ပြီး ဖေဖော်ဝါရီ ၂၃ ရက်တွင် မြန်မာနိုင်ငံသား ၁၀၈၆ ဦးကို မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနမှ တာဝန်ရှိသူများထံမှ စနစ်တကျလွှဲပြောင်းလက်ခံခဲ့ပြီး ယင်းနေ့ ညနေပိုင်းတွင် မလေးရှားနိုင်ငံ လူမွတ်(Lumut) ရေတပ်ဆိပ်ကမ်းမှ မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့သည်။

အဆိုပါ မြန်မာနိုင်ငံသားများသည် နေရပ်ပြန်ရန်အတွက် မည်သူဖြစ်ကြောင်း သက်သေခံလက်မှတ် (C of I) ထုတ်ယူထားရှိပြီးသူများဖြစ်ကာ ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိဆေးစစ်အောင်မြင်ပြီးသူများဖြစ်ပြီး စစ်ရေယာဉ်များသို့ ရောက်ရှိလာသော နေရပ်ပြန်မည့်သူများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ အဝတ်အစားအသုံးအဆောင်များ ထောက်ပံ့ပေးခြင်းနှင့် စနစ်တကျ ကြိုဆိုနေရာချထားပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

မြန်မာ့တပ်မတော်မှ စစ်ရေယာဉ်များနှင့်အတူ လိုက်ပါလာသော မြန်မာနိုင်ငံသားများကို ၎င်းတို့၏ မိသားစုများနှင့် အမြန်ပြန်လည်တွေ့ဆုံနိုင်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လမ်းခရီးတစ်လျှောက်လုံခြုံရေး၊ စားသောက်နေထိုင်ရေးနှင့် လိုအပ်သော ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုပေးခြင်းတို့ကို ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)အပါအဝင် စစ်ရေယာဉ်များ၌ တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ဖေဖော်ဝါရီ ၂၇ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မလေးရှားနိုင်ငံတွင် ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ ပြန်လာရန်အခက်အခဲဖြစ်ပေါ်နေသူများအား ယခင်အစိုးရလက်ထက်တွင် ခေါ်ယူရန် တင်ပြခဲ့သော်လည်း ခွင့်ပြုချက်မရရှိခဲ့သည့်အတွက် ခေါ်ယူမှုမအောင်မြင်ခဲ့ကြောင်း၊ ယခုမှသာ ခေါ်ယူမှုအောင်မြင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


**❁ စစ်ကိုင်းတိုင်းဒေသကြီးမှ**

ထို့နောက် ဆရာတော် သံဃာတော်များအား အလှူရှင်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း၊ ဇလုံတောင်တော်ကြီး ပြန်လည်ဖွင့်လှစ်သည့်အခမ်းအနားသို့ ကသာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဝေသုံနှင့် အဖွဲ့၊ ဗန်းမောက်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးမင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဘုရားဖူးလာရောက်နိုင်**

အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများသည်လည်း ဖေဖော်ဝါရီ ၂၃ ရက်မှစတင်၍ ဗန်းမောက်မြို့နယ်အတွင်းရှိ ဇလုံတောင်တော်ကြီးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ ဘုရားဖူးလာရောက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# စောလူးမင်းကျောက်စာကပြောသော ပုဂံရာဇဝင်

**တက္ကသိုလ်မောင်သုလှိုင်**


ပုဂံရာဇဝင်ကို မြန်မာတိုင်း စိတ်ဝင်စားကြသည်။ ယဉ်ကျေးမှုအမွေအဖြစ် ယနေ့တိုင် ထိန်းသိမ်းလာခဲ့သည်။ ပုဂံရာဇဝင်တွင် ထူးခြားဖြစ်စဉ် များစွာ ရှိခဲ့သည်။ အထူးသဖြင့် ပထမမြန်မာနိုင်ငံတည် ဘုရင်အနော်ရထာလက်ထက်တွင် ပုဂံနိုင်ငံတော်ကြီးသည် များစွာဖွံ့ဖြိုးတိုးတက်ခဲ့သည်။ သာသနာတော် ထွန်းကားခဲ့သည်။ စီးပွားရေးဖွံ့ဖြိုးခဲ့သည်။ ဆန်ရေစပါး ပေါကြွယ်ဝခဲ့သည်။ ထိုဖွံ့ဖြိုးတိုးတက်မှုများသည် အနော်ရထာဘုရင်လက်ထက်မှသည် ကျန်စစ်သား၊ အလောင်းစည်သူမင်းလက်ထက်တို့တိုင် အစွန့်ရှည်ခဲ့သည်။

စာရေးသူသည် သမိုင်းသုတေသီတစ်ဦး မဟုတ်သည့်တိုင် ပုဂံရာဇဝင်ကို စိတ်ဝင်စားသူတစ်ဦးဖြစ်သဖြင့် လေ့လာဖြစ်ခဲ့သည်။ တွေ့ရှိလေ့လာမိသမျှကို ဆောင်းပါးများမှသည် ရာဇဝင်ဝတ္ထုတော်ကြီးအထိ ရေးခဲ့ဖူးပြီး ဖြစ်သည်။ အလားတူ နှောင်းခေတ်သမိုင်းပညာရှင်များ၊ ရုပ်ရှင်သမားများကလည်း ပုဂံသုတေသနဆိုင်ရာ စာအုပ်စာပေများ၊ ရုပ်ရှင်ဇာတ်လမ်းများကို ရေးသားရိုက်ကူးခဲ့ကြသည်။ ထိုသို့ရေးသားရိုက်ကူးခဲ့ကြသည်မှာလည်း ရှေးပညာရှင်တို့ ရေးသားပြုစုခဲ့ကြသော မှတ်တမ်းများအရ ဖြစ်သည်။ အထူးသဖြင့် မှန်နန်းရာဇဝင်တော်ကြီး၊ ဇာတာတော်ပုံရာဇဝင်၊ ဦးကုလားရာဇဝင်၊ တွင်းသင်းရာဇဝင်၊ ရာဇဝံသပါဠိ စသည့်မှတ်တမ်းများကို အခြေခံခဲ့ကြသည်။

## မှန်နန်းရာဇဝင်

ထိုရာဇဝင်မှတ်တမ်းများအနက် မှန်နန်းရာဇဝင်တော်ကြီးသည် အစောလျင်ဆုံး မှတ်တမ်းတစ်ခုဟုဆိုရမည်ဖြစ်သည်။ ထိုမှန်နန်းရာဇဝင်တော်ကြီးကို ကုန်းဘောင်မင်းဆက်၏ ခြောက်ဆက်မြောက်မင်းဖြစ်သော ဘကြီးတော်ဘုရား (ခရစ်နှစ် ၁၈၁၉-၁၈၃၇) လက်ထက်တွင် ရေးသားပြုစုခဲ့ခြင်းဖြစ်သည်။ မှန်နန်းရာဇဝင်တော်ကြီးကို ရေးသားပြုစုရန် ဘကြီးတော်ဘုရားသည် ရဟန်းပညာရှိ၊ လူပညာရှိ၊ ပုဏ္ဏားပညာရှိများဖြစ်သော (၁)မုံရွေးဇေတဝန်ဆရာတော်၊ (၂) သော်ကပင်ဆရာတော်၊ (၃) ချည်ပါတောင်ရွာမြောက်ရွာစား မင်းတိုင်ပင်အမတ်ကြီး မဟာဓမ္မသင်္ကြံ၊ (၄) မြင်းစုဝန်ကြီးဦးရောက်၊ (၅) သံတော်ဆင့်ဦးချိန်၊ (၆) စာရေးတော်ကြီးဦးဖျော်၊ (၇) ဘိသိက်တော်ဆက် ပုဏ္ဏားဇယဒေဝ၊ (၈)ဘိသိက်တော်ဆက်ပုဏ္ဏားကုမုန္ဒြ၊ (၉) ဖြဲတိုက်သံဆင့်မောင်၊ (၁၀) စာရေးမောင်လူကြီး၊ (၁၁) စာရေးမောင်အောင်သာ၊ (၁၂) အတွင်းဝန်စောမြို့စားမင်းကြီး သီရိမဟာနန္ဒသင်္ကြံ၊ (၁၃) စဥ့်ကူမြို့စားအတွင်းဝန် အသည်ဝ စသူတို့နှင့် ဖွဲ့စည်းပေးခဲ့သည်။

ထိုစဉ်က လက်လှမ်းမီရာ မှတ်တမ်းမှတ်ရာများကို အခြေခံပြီး မှန်နန်းရာဇဝင်တော်ကြီးအား ရေးသားခဲ့ကြခြင်း ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ




စောလူးမင်းကျောက်စာပါ ရေးထိုးချက်များကို မူရင်းကျောက်စာနှင့်အတူ တွေ့ရစဉ်။
ဓာတ်ပုံ - မြစ်သားသမိုင်း

အဆိုပါ မှန်နန်းရာဇဝင်တော်ကြီးတွင် ပါဝင်သော ပုဂံရာဇဝင်သည်သာ သမိုင်းမှတ်တမ်းအဖြစ် တည်ရှိနေခဲ့ခြင်း ဖြစ်သည်။

အဆိုပါ မှန်နန်းရာဇဝင်တော်ကြီး ပထမတွဲတွင် "အနော်ရထာမင်းကြီးသည် ဥဿာပဲခူးသို့ စစ်ချီလာသော ဂျွန်းစစ်သည်တို့ရန်ကို နှိမ်နင်းကူညီရန် ကျန်စစ်သားဦးဆောင်သည့် ပုဂံစစ်သည်အချို့ကို စေလွှတ်ခဲ့ကြောင်း၊ ဂျွန်းစစ်သည်တို့ကို အောင်မြင်သဖြင့် ဥဿာပဲခူးမင်းက အနော်ရထာမင်းထံ သမီးတော်မဏိစန္ဒာမင်းသမီးငယ်ကို ဆက်သခဲ့ကြောင်း၊ ဥဿာမင်းသမီးမဏိစန္ဒာကို သီရိစန္ဒာဒေဝီဟူသော ဘွဲ့အမည်ကိုပေး၍ မိဖုရားတင်မြှောက်ခဲ့ကြောင်း" ရေးသားဖော်ပြထားသည့် အပြင် မှန်နန်းရာဇဝင်အပါအဝင် အခြားမှတ်တမ်း များတွင်လည်း "စောလူးမင်းသည် ဆိုးသွမ်းသောမင်းတစ်ပါး၊ သာသနာအကျိုးကို လျစ်လျူရှုသော မင်းတစ်ပါးအဖြစ်" ဖော်ပြထားသည်ကို လေ့လာဖတ်ရှုရသည်။ ထို့ကြောင့် နှောင်းခေတ်စာပေ၊ ရုပ်ရှင်သမားတို့ကလည်း ၎င်းအတိုင်းပင် ရေးသားရိုက်ကူးခဲ့ကြသည်။

## စောလူးမင်းကျောက်စာ

ထိုသို့ဖြင့် ရာဇဝင်မှတ်တမ်းများရှိနေစဉ် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့တွင် စောလူးမင်းကျောက်စာကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သတင်းတစ်ရပ်ကို စာရေးသူ ကြားသိခဲ့ရသည်။ ပုဂံရာဇဝင်ကို စိတ်ဝင်စားသူ စာရေးသူသည် စောလူးမင်းကျောက်စာနှင့် ပတ်သက်၍ လေ့လာလိုသဖြင့် အဆင့်ဆင့်စုံစမ်းရာ မြစ်သားမြို့တွင် နေထိုင်သူ





စောလူးမင်းကျောက်စာ မြောက်ဘက်နှင့်တောင်ဘက်မျက်နှာများကို တွေ့ရစဉ်။

လည်းဖြစ်၊ ကျောက်စာတွေ့ရှိ လေ့လာမှတ်တမ်းပြုရာတွင် ပါဝင်သူလည်းဖြစ်သည့် သမိုင်းသုတေသီ ဆရာဦးညွန့်မောင်နှင့် အဆက်အသွယ်ရခဲ့ပြီး ဆရာ၏ကူညီမှုဖြင့် စောလူးမင်းကျောက်စာကို လေ့လာခွင့်ရခဲ့သည်။

တကယ်တော့ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့နှင့် ၁၃ ရက်နေ့တို့တွင် မြစ်သားမြို့ (၁၁) လမ်းတွင်ရှိသော ပေတောပရဟိတကျောင်းဝင်းအတွင်း၌ 'စောလူးမင်း ကျောက်စာ' အပိုင်းအစများကို အမှတ်မထင် တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။ ထိုစဉ်က ကျောက်စာအပိုင်းလေးပိုင်းကိုသာ တွေ့ရှိခဲ့ကြပြီး ငါးပိုင်းရှိမည်ဟု ခန့်မှန်းခဲ့ကြသည်။ တစ်ပိုင်းကိုမူ တစ်စုံတစ်ဦးက တန်ဖိုးမသိဘဲ အခြားသို့ယူဆောင်သွားဟန်ရှိသည်ဟု အချို့က သုံးသပ်ခဲ့ကြသည်။

၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့တွင် ကျောက်စာ အပိုင်းသုံးပိုင်းကို ကနဦးတွေ့ရှိခဲ့ရခြင်းဖြစ်ပြီး အပိုင်း (က) ကို ကျောင်းဝင်းအတွင်း ပွတ်စေတီ နှစ်ဆူရှိသော ကုန်းပေါ်၌လည်းကောင်း၊ အပိုင်း (ခ) ကို သိမ်၏ အရှေ့မြောက်ထောင့်၌လည်းကောင်း၊ အပိုင်း (ဂ) ကို ၎င်းအနီးရှိ ၁၉ ရာစုစေတီတော်၏ မြောက်ဘက်လှေကား အရှေ့ဘက် ကပ်လျက်နေရာတို့တွင်လည်းကောင်း သီးခြားစီတွေ့ရှိရခြင်းဖြစ်ကြောင်း သိရသည်။ စတုတ္ထအပိုင်းကိုမူ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ၎င်းကျောင်းဝင်းအတွင်း၌ပင် ထပ်မံတွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အပိုင်း (က) နှင့် (ခ) သည် တောင်နှင့်မြောက် ၈၂ ပေ၊ (ခ)နှင့်(ဂ)သည် အရှေ့နှင့်အနောက် ၈၃ပေ ကွာဝေးကြပြီး ထိုကျောက်စာကွဲသုံးချပ်တို့သည် ကျောက်သား အမျိုးအစားအားဖြင့်လည်းကောင်း၊ ကွဲနေကြပုံအစွန်းအပိုင်းတို့၏ ပုံသဏ္ဌာန်အရလည်းကောင်း သီးခြားကျောက်စာများမဖြစ်နိုင်ဘဲ မူလကျောက်စာချပ်ကြီး၏ အစိတ်အပိုင်းများအဖြစ် လေ့လာတွေ့ရှိရကြောင်း သိရသည်။

အဆိုပါ ကျောက်စာပါဘာသာရပ်များကို ပြည်ပမှ ပညာရှင် အက္ခရာဗေဒပညာရှင် Mr. Mickey Heart၊ မြန်မာ့သမိုင်းပညာရှင် နိုင်ဘရှင်၊ တမ္ပဝတီဦးဝင်းမောင်အပါအဝင် သမိုင်းပညာရှင်အချို့က လေ့လာခဲ့ကြသည်။ ထိုသို့ လေ့လာခဲ့ရာတွင် Mr. Mickey Heart က ကျောက်စာတောင်ဘက်မျက်နှာရှိ ဘာသာရပ်နှင့် စာကြောင်းရေမှာ -

၁။ မြန်မာဘာသာ (၅) ကြောင်း
၂။ သျှမ်းဘာသာ (၅) ကြောင်း
၃။ ပျူပါဠိဘာသာ (၁၄) ကြောင်း
၄။ ပျူဘာသာ (၅) ကြောင်း

ကျောက်စာ မြောက်ဘက်မျက်နှာရှိ ဘာသာရပ်နှင့် စာကြောင်းရေမှာ -

၁။ မွန်ပါဠိဘာသာ (၈) ကြောင်း
၂။ မွန်ဘာသာ (၁၇) ကြောင်း
၃။ ဂျွန်းဘာသာ (၄) ကြောင်းတို့ တွေ့ရှိရသည်ဟု ဆိုသည်။

အဆိုပါ ကျောက်စာတောင်ဘက်အပေါ်ပိုင်းရှိ ကျောက်စာများကို အဘယ့်ကြောင့် မြန်မာဘာသာအဖြစ် တိကျစွာပြောနိုင်သလဲဟု မြစ်သားမြို့မှ သမိုင်းသုတေသီ ဆရာဦးညွန့်မောင်က အင်တာဗျူးတစ်ခုတွင် Mr. Mickey Heart ကို မေးရာ Mr. Mickey Heart က -

"သာစုခေါ်စေသော်ဝ်နဲ့ အဆုံးသတ်ထားတယ်လေဗျာ၊ "သာစုခေါ်စေသော်ဝ်" ဆိုတာ မြန်မာဘာသာမှာပဲရှိတယ်၊ အခြားဘယ်ဘာသာမှာမှ "ခေါ်စေသော်ဝ်" ဆိုတာ မရှိလို့ပါ"ဟု ပြန်ဖြေခဲ့ကြောင်းသိရသည်။

စာမျက်နှာ ၁၉ သို့ ❖

**ပုဂံမင်းဆက် (၄၃)ဆက်မြောက်ဖြစ်သော စောလူးမင်းသည် မင်းသက်တမ်း ခြောက်နှစ်ခန့်ကာလအတွင်း ကြွေအန်ကစားခြင်း၊ အရက်သေစာသောက်စားခြင်းဖြင့် အချိန်များစွာကို ကုန်လင့်စေပြီး ဘာသာသာသနာရေး လိုက်စားကိုင်းရှိုင်းမှု အားနည်းခဲ့သည်ဆိုသော ယခင်ကရှိခဲ့သည့် ရာဇဝင်မှတ်တမ်းသည် စောလူးမင်းကျောက်စာပါဖော်ပြချက်များက စောလူးမင်းသည် ဘာသာသာသနာကို ရိုသေကိုင်းရှိုင်းသူတစ်ဦးလည်း ဖြစ်ခဲ့ကြောင်း ပြောင်းလဲပေါ်လွင်စေခဲ့။**

# ရှမ်းပြည်နယ် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု ရှင်းလင်း

**တောင်ကြီး ဖေဖော်ဝါရီ ၂၃**

ရှမ်းပြည်နယ် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု ရှင်းလင်းတင်ပြချက်နှင့် လမ်းဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှု တင်ပြခြင်းကို ယနေ့ မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ ကျင်းပသည်။



**တာဝန်ယူဆောင်ရွက်ခဲ့**

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက ရှမ်းပြည်နယ်အတွင်း ဌာနဆိုင်ရာအသီးသီးက ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ဆောင်ရွက်နိုင်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြသည့် အခမ်းအနားဖြစ်ကြောင်း၊ ရှမ်းပြည်နယ်သည် နယ်မြေဒေသ ကျယ်ဝန်းကြီးမားသည့်အတွက် တည်ဆောက်ရေးလုပ်ငန်းများကို စိစစ်ရာတွင် လျှင်မြန်လွယ်ကူနိုင်စေရေးအတွက် ယခင်ကာလက ရှမ်းပြည်နယ်(တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း) တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီများကို ပြည်နယ်ဝန်ကြီးများက ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါ ရှမ်းပြည်နယ် (တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း) တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီများကို ပြန်လည်ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ လမ်းဦးစီးဌာန၏ ညွှန်ကြားရေးမှူး(မြို့ပြ)များကို ဥက္ကဋ္ဌအဖြစ် ခန့်အပ်ပြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့မှ သက်ဆိုင်ရာ ပြည်နယ်အဆင့် ဌာနအကြီးအကဲများကို အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ သက်ဆိုင်ရာလမ်းဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)များကို အတွင်းရေးမှူးများအဖြစ်လည်းကောင်း၊ အသစ်ပြန်လည် ဖွဲ့စည်းပေးခြင်းဖြစ်ကြောင်း၊ ယခုအသစ်ဖွဲ့စည်းပေးထားသည့် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီများအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အတွင်း ပြည်နယ်ငွေလုံး၊ ငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်စေရေး၊ အရည်အသွေးနှင့် စံချိန်စံညွှန်း ပြည့်မီစေရေး၊ အလေအလွင့်နှင့် မသမာမှုများ ကင်းရှင်းရေး၊ စနစ်တကျ စီမံခန့်ခွဲအသုံးပြုနိုင်ရေးတို့အတွက် အလေးထားကြိုးပမ်းအားထုတ်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၁) ဗိုလ်မှူးကြီးလှဦးက လုပ်ငန်းများဆောင်ရွက်ရာတွင် ကြန့်ကြာမှုမရှိစေရေးနှင့် မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးကြရန်၊ သက်ဆိုင်ရာ ဌာနဆိုင်ရာကော်မတီအဖွဲ့များကလည်း ပူးပေါင်းဆောင်ရွက်ပေးကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီဝင်များက တစ်ဦးချင်းမိတ်ဆက်ကြပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီဥက္ကဋ္ဌ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသူရဇော်က စိစစ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသည့် သက်ဆိုင်ရာဌာနများက သိရှိလိုသည်များ ဆွေးနွေးတင်ပြကြသည်။ ထို့နောက် ရှမ်းပြည်နယ်(တောင်ပိုင်း) လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသူရဇော်က ဌာန၏လုပ်ငန်းများ ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံးဝန်ထမ်းများနှင့် ဟားခါးခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဝန်ထမ်းများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့

**ဟားခါး ဖေဖော်ဝါရီ ၂၃**

ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီနှင့် စစ်ဗျူဟာအခြေချ(ဟားခါး)မှ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံးဝန်ထမ်းများနှင့် ဟားခါးခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဝန်ထမ်းများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီက ဟားခါးမြို့ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးငွန်ဆန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဦးတိုးဝင်းက အခြေခံစားသောက်ကုန်များ ထောက်ပံ့ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးငွန်ဆန်းအောင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်၊ ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်မှူးကြီး ဟန်ဝင်းအောင်၊ ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးဟန်ကျင့်ဇမ်း၊ ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဦးတိုးဝင်းနှင့် စစ်ဗျူဟာအခြေချ(ဟားခါး)မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး သန့်ဇင်ဦးတို့က အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာ ဝန်ထမ်းများက လက်ခံရယူကြသည်။

ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံးဝန်ထမ်းများနှင့် ဟားခါးခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဝန်ထမ်းများအား တစ်ဦးလျှင် ဆန် ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သားနှင့် ကြက်သွန်နီ တစ်ပိဿာကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီကလည်းကောင်း၊ ဝန်ထမ်းတစ်ဦးလျှင် ကြက်ဥ ငါးလုံး၊ ရွှေဖီဦးလက်ဖက်ရည် ၁၅ ထုပ်ကို စစ်ဗျူဟာအခြေချ(ဟားခါး)မှလည်းကောင်း ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး ဝန်ထမ်း ၁၇၀၊ ဟားခါးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဝန်ထမ်း ၃၃ ဦးနှင့် ဟားခါးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှဝန်ထမ်း ၃၁ ဦး စုစုပေါင်း ဝန်ထမ်း ၂၃၄ ဦးအတွက် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

○

# ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၃၃ ဦးအား သက်ဆိုင်ရာဒေသများသို့ ဆက်လက်လွှဲပြောင်းပို့ဆောင်

**ချင်းရွှေဟော် ဖေဖော်ဝါရီ ၂၃**

ချင်းရွှေဟော်မြို့ရှိ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ ဝင်ရောက်လာသော တရုတ်နိုင်ငံမှပြန်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူ ၃၃ ဦးအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်နှင့် ကော်မတီအဖွဲ့ဝင်များက ၎င်းတို့၏ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ ပြန်လည်ရောက်ရှိနိုင်ရေး ဖေဖော်ဝါရီ ၂၁ ရက်က ၁၀ ဦးနှင့် ယနေ့ မွန်းလွဲ ၁ နာရီက ၂၃ ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၃၃ ဦးအား လားရှိုးမြို့သို့ ဆက်လက်လွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။

အဆိုပါ မြန်မာနိုင်ငံသားနေရပ်ပြန်ပြည်သူ ၃၃ ဦးမှာ အမျိုးသား ၂၂ ဦး၊ အမျိုးသမီး ၁၁ ဦးတို့ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်မှ တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်မှ နှစ်ဦး၊ စစ်ကိုင်းမြို့နယ်မှ တစ်ဦး၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်မှ တစ်ဦး၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်မှ သုံးဦး၊ ကချင်ပြည်နယ် တနိုင်းမြို့နယ်မှတစ်ဦး၊ နေပြည်တော် တပ်ကုန်းမြို့နယ်မှ သုံးဦး၊ ရှမ်းပြည်နယ် ခိုလမ်မြို့နယ်မှ ခုနစ်ဦး၊ တန့်ယန်းမြို့နယ်မှ နှစ်ဦး၊ နမ္မတူမြို့နယ်မှ တစ်ဦး၊ နမ့်ဆန်မြို့နယ်မှ သုံးဦး၊ လားရှိုးမြို့နယ်မှ ငါးဦး၊ မိုင်းရယ်မြို့နယ်မှ တစ်ဦးနှင့် မိုင်းငေါ့မြို့နယ်မှ နှစ်ဦးတို့ဖြစ်သည်။

၎င်းနေရပ်ပြန် ပြည်သူများအား ချင်းရွှေဟော်မြို့ အမှတ်(၂)ရပ်ကွက်ရှိ မြို့တော်ခန်းမ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းတွင် ကန့်သတ်စောင့်ကြည့်ရေး ၁၄ ရက်ထားရှိပြီး ချင်းရွှေဟော်မြို့ နယ်မြေခံဆေးတပ်ဖွဲ့က ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ Rapid Test Kit စနစ်ဖြင့်စစ်ဆေးပေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါပိုး မတွေ့ရှိရကြောင်း ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီက သက်ဆိုင်ရာဒေသများသို့ ရောက်ရှိနိုင်ရေးအတွက် စနစ်တကျစီစဉ်လွှဲပြောင်း ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**



ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ သင့်ရဲ့လက်တွေမှာ ပါရှိလာနိုင်ပါတယ်၊ မျက်နှာကို မထိပါနဲ့။ လက်ကို သန့်သန့်ရှင်းရှင်းထားပါ။ အပြင်ထွက်တိုင်းနှင့် အပြင်မှပြန်လာပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် မကြာခဏ စနစ်တကျဆေးပါ။



## တစ်ဖက်တစ်လမ်းမှဝင်ငွေရရှိနေသည့် ဝါးတောင်းရက်လုပ်ခြင်းလုပ်ငန်း

**မင်းဘူး ဖေဖော်ဝါရီ ၂၃**

မင်းဘူး(စကု)မြို့နယ် ကြာကန်ကျေးရွာအုပ်စု ပေါက်ကုန်းကျေးရွာမှ ရွာသားများသည် တောင်ယာလုပ်ငန်းဖြင့် အသက်မွေးကြပြီး တစ်ဖက်တစ်လမ်းမှ ဝါးတောင်းရက်လုပ်ခြင်းဖြင့် ဝင်ငွေရှာကြသည်။ ကိုဗစ်-၁၉ ရောဂါကြောင့် ဝါးတောင်းရောင်းအား မကောင်းသော်လည်း အိုးမကွာအိမ်မကွာလုပ်ရ၍ ငွေကြေးအရနည်းသော်လည်း အဆင်ပြေကြကြောင်း သိရသည်။

ပေါက်ကုန်းတစ်ရွာလုံးကလေးလူကြီးဝါးတောင်းရက်လုပ်ခြင်းကိုတတ်ကျွမ်းကြပြီး လုပ်လည်းလုပ်ကိုင်ကြသည်။ ဝါးတောင်းရက်လုပ်ရာတွင် လိုအပ်သည့်ဝါးနှင့်ကြိမ်ကို မင်းဘူးမြို့မှ ဝယ်ယူရက်လုပ်ကြသည်။ တစ်နိုင်တစ်ပိုင် တစ်အိမ်သုံးရက်လုပ်ခြင်းဖြစ်သည့်အတွက် များများစားစားလည်းမလိုပေ။ ဝါးတစ်လုံးလျှင် ကျပ် ၅၀၀၊ ကြိမ် အလုံး ၅၀ ပါ တစ်စည်းလျှင် ငွေကျပ် ၁၀၀၀၀ ပေးဝယ်ကြရသည်။

ဝါးတောင်းတစ်မျိုးတည်းကိုသာအဓိကထားရက်လုပ်ကြပြီး ရောင်းဈေးမှာ တောင်းအကြီးအသေးအလိုက်ငွေကျပ် ၂၀၀၀၊ ၂၅၀၀၊ ၃၀၀၀ စသည်ဖြင့် ဈေးအမျိုးမျိုးရှိသည်။ ဝါးတောင်းအပြင် ဝါးနီးနှင့်ဆက်နွယ်သည့် အခြားပစ္စည်းများလည်း မှာယူသူရှိပါက ပြုလုပ်ရောင်းချပေးကြောင်းသိရသည်။ ၎င်းပစ္စည်းများမှာ ကြက်အုပ်ဆောင်း၊ ထမင်းအုပ်ဆောင်း၊ ဆန်ကော၊ ဆန်ခါ၊ ရိုင်ပတ်၊ အမှိုက်တောင်း၊ တစ်ရှူးဘူး၊ ဘောပင်ခွက်၊ မှန်တင်စင်၊ ဓာတ်ပုံတင်စင်၊ မီးအုပ်ဆောင်းစသည်ဖြင့် ဝါးနီးနှင့်ပတ်သက်သည့်ပစ္စည်းစုံ ရောင်းချပေးကြောင်း ပေါက်ကုန်းကျေးရွာ ဝါးတောင်းရက်လုပ်ရောင်းချသူ ဒေါ်ချိုထံမှ သိရသည်။

**ဇေယျာထက် (မင်းဘူး)**

## မုံရွာမြို့၌ ကြက်ဥဈေးနှုန်းကျဆင်း

**မုံရွာ ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ ကြက်ဥဈေးနှုန်းကျဆင်းနေ၍ ကြက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ အဆင်မပြေကြောင်း မုံရွာမြို့ ကြက်ဇုန်ဥက္ကဋ္ဌ ဦးညွန့်ရွှေထံမှ သိရသည်။

"ကြက်ဥဈေးက တစ်ပိဿာကို ငွေကျပ် ၂၁၀၀ ဝန်းကျင်ပဲရှိတယ်။ ဈေးကျတာပေါ့။ ဒီဈေးက မွေးမြူရေးသမားတွေအဆင်မပြေဘူး။ ဈေးနှုန်းက တဖြည်းဖြည်းချင်းကျနေတာ။ အဓိကကတော့ ဝယ်လိုအားနည်းတာ။ အသွားအလာတွေခက်တယ်။ ကြက်ဥအထွက်နှုန်းကတော့ ကောင်းပါတယ်"ဟု မုံရွာမြို့ ကြက်ဇုန်ဥက္ကဋ္ဌ ဦးညွန့်ရွှေက ပြောကြားသည်။

ကြက်ဥဈေးနှုန်းသည် ဇန်နဝါရီလလယ်ပိုင်းက ကြက်ဥတစ်ပိဿာငွေကျပ် ၂၃၅၀ အထိမြင့်တက်ခဲ့ပြီး ယခု ဖေဖော်ဝါရီလပထမပတ်မှစ၍ ကြက်ဥဈေး စတင်ကျဆင်းလာကာ ယခုလက်ရှိတွင် ကြက်ဥတစ်ပိဿာလျှင် ငွေကျပ် ၂၁၀၀ ဝန်းကျင်သာ ရှိနေခြင်းဖြစ်သည်။

မုံရွာကြက်မွေးမြူဇုန်ကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ တည်ထားခဲ့ပြီး တည်ခဲ့စဉ်က မြေ ၁၂၃ ဒသမ ၄၅ ဧကရှိကာ တစ်ကွက်လျှင် ပေ ၁၀၀၊ အကွက်ပေါင်း ၃၃၀ ဖော်ထားခြင်းဖြစ်ကြောင်း သိရသည်။

မုံရွာမြို့နယ် ကြက်ဇုန်တွင် လုပ်ငန်းရှင် ၅၂ ဦးက ကြက်အကောင်ရေ ၅၈၅၀၀ ကို ပြီးခဲ့သည့် ဇွန် ၂၇ နှင့် ၂၈ ရက်တို့က မုံရွာမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားကြောင်း သိရသည်။

ကြက်မွေးမြူရာတွင် ကုန်ကျစရိတ်အနေဖြင့် ကြက်အကောင် ၁၀၀၀ ပါ ခြံတစ်ခြံကို ကြက်ဖိုး၊ အစာဖိုး၊ ဆေးဖိုးအပါအဝင် သိန်း ၆၀ ကျော် ကုန်ကျကာ လေးလသားအရွယ်တွင် စတင်ဥစမ်းကြောင်း သိရသည်။

**လှလေး**





## ခရမ်းသီးဈေးကွက် ကျဆင်းသည့်အတွက် အမရပူရမြို့နယ်ရှိ ခရမ်းသီးစိုက်ပျိုးသူများ အကျိုးအမြတ်နည်း

**အမရပူရ ဖေဖော်ဝါရီ ၂၃**

မန္တလေးမြို့ အမရပူရမြို့နယ်ရှိ ကုန်းပိုင်းကျသောနေရာများတွင် ခရမ်းကိုစီးပွားဖြစ်စိုက်ပျိုးကြရာ လက်ရှိကာလ ခရမ်းသီးဈေးကွက်ကျဆင်းသည့်အတွက် ခရမ်းစိုက်ပျိုးသူများ အကျိုးအမြတ်နည်းပါးနေကြောင်း သိရသည်။

ခရမ်းစိုက်ပျိုးရန်အတွက် ထယ်ရေးပြင်ထားချိန်တွင် ထိုင်ဝမ်ခရမ်းမျိုးများကို ပျိုးထားရသည်။ အများစုမှာ မြွားနီခရမ်းမျိုးစေ့ကို ဝယ်ယူပျိုးထောင်ကြသည်။ ခရမ်းမျိုးစေ့တစ်ထုပ်လျှင် ငွေကျပ် ၄၅၀၀ ပေးရသည်။ နှစ်ဧက စိုက်ပျိုးမည်ဆိုပါက မျိုးစေ့ ငါးထုပ်ပျိုးထောင်ကြရသည်။ စတင်စိုက်ပျိုးပြီး ပျိုးထောင်သက် ၄၅ ရက်ရသည်နှင့် စတင်စိုက်ပျိုးကြရသည်။

ခရမ်းပင်စတင်စိုက်ပျိုးပြီးနှစ်လခန့်တွင် ခရမ်းသီးစတင်သီးပြီး အပြုအစုကောင်းပါက အနည်းဆုံးလေးလကျော်အထိ အသီးခူးဆွတ်ရောင်းချနိုင်သည်။ တစ်ဧကလျှင် တစ်နေ့ခရမ်းသီးပိဿာချိန် ၁၀၀ ကျော်အထိ ခူးရသည်။ နှစ်စဉ်ခရမ်းသီးအဖွင့်ဈေးကွက်မှာတစ်ပိဿာ ငွေကျပ် ၄၀၀ မှ စတင်သော်လည်း ယခုနှစ် နွေဦးခရမ်းသီးဈေးကွက်မှာ တစ်ပိဿာ ငွေကျပ်၂၀၀ ဖြင့်သာ ရောင်းချရသည်။

လက်ရှိကာလတွင် ခရမ်းသီးဈေးကွက်ကျဆင်းသည့်အတွက် ခရမ်းစိုက်ပျိုးသူများ အကျိုးအမြတ်နည်းကြောင်း သိရသည်။

**နွေနဒီ(မြစ်ငယ်)**

## ဥယျာဉ်ခြံထွက်သီးနှံ ကွမ်းသီးများဆွတ်ခူးချိန် ဈေးကွက်ကောင်းသဖြင့် မယ်စဲ့မြို့နယ်ရှိ ခြံပိုင်ရှင်များပုံမှန်ဝင်ငွေရရှိ

**မယ်စဲ့ ဖေဖော်ဝါရီ ၂၃**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် ရေမြေအဆင်ပြေသော ဥယျာဉ်ခြံမြေများတွင် စိုက်ပျိုးထားသည့် ကွမ်းသီးပင်များ ဆွတ်ခူးချိန် ဈေးကွက်ကောင်းမွန်သဖြင့် ပုံမှန်ဝင်ငွေရရှိကြောင်း ခြံပိုင်ရှင်များထံမှ သိရသည်။

ကွမ်းသီးပင်သည် ရေနှင့်အေးမြသော ရာသီဥတုကိုကြိုက်နှစ်သက်ပြီး စွတ်စိုစိမ့်အေးနေရာတို့တွင် အပင်ဖြစ်ထွန်းသဖြင့် မယ်စဲ့မြို့၌ စိမ့်စမ်းရှိ၍ အရိပ်ကောင်းသောဥယျာဉ်ခြံမြေများ၌ တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြသည်။ ကွမ်းသီးပင်တစ်ပင်လျှင် ပန်းခိုင်သုံးခိုင်ထွက်ရှိပြီး အချို့အပင်တွင် ပန်းခိုင်နှစ်ခိုင်သာထွက်ကာ မိုးကောင်း၍ ရေရပါကသီးအားပိုကောင်းသည်။



ကွမ်းသီးခိုင်တစ်ခိုင်လျှင် သီးအားကောင်းပါက အလုံး ၃၀၀ အထိ သီးပြီး မှည့်လာသောအသီးတို့ကို ချိတ်ဖြင့်ခူးကြသည်။ ခူးယူပြီးသောကွမ်းသီးကို အခွံခွာ၍ ရေဆေးပြီးနေလှမ်းသည်။ အချို့က အပင်ဖောက်ပြီးရောင်းချသည်။ မယ်စဲ့ဒေသရှိ ဥယျာဉ်ခြံများ၌ ကွမ်းသီးအဝိုင်းမျိုးကို စိုက်ပျိုးကြသည်။

“ယခုဆိုရင်ကွမ်းယာစားသုံးမှုများပြားလာတာနဲ့အမျှ ကွမ်းသီးဈေးကွက်လည်း ကောင်းမွန်လာတဲ့အတွက် ကွမ်းသီးအခြောက် တစ်ပိဿာကိုကျပ် ၉၀၀၀ နဲ့ ရောင်းရတယ်။ ဒေသထွက်ကွမ်းသီးကို မြို့နယ်တွင်းစားသုံးသူတွေအပြင် ဖရူဆိုမြို့ကို တင်ပို့ရောင်းချရတယ်။ အရင်နှစ်နယ်စပ်ကုန်သွယ်ရေးလမ်းတွေ ဖွင့်တုန်းကတော့ထိုင်းနိုင်ငံကအနီးအနားကျေးရွာတွေကိုပါ ရောင်းချရတယ်။ ဒေသခံတွေ ကွမ်းယာစားသုံးမှုနဲ့အတူ ကွမ်းသီးဈေးကွက် ပုံမှန်ရှိတဲ့အတွက် ခြံပိုင်ရှင်တွေအတွက်တော့ ကွမ်းသီးဆွတ်ခူးချိန် ပုံမှန်ဝင်ငွေရရှိပါတယ်” ဟု ကွမ်းသီးပင်စိုက်ပျိုးထားသူ ခြံပိုင်ရှင်တစ်ဦးက ပြောကြားသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## ကောက်ရိုးမှို စိုက်ပျိုးခြင်း လက်တွေ့ပြသ

**ကျိုက်ဒုံ ဖေဖော်ဝါရီ ၂၃**

ကရင်ပြည်နယ် ကျိုက်ဒုံမြို့ စိုက်ပျိုးရေးဦးစီးဌာန မြို့ဦးစီးမှူးနှင့်ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၈ နာရီက ဝင်းလုံကျေးရွာ တစ်နိုင်တစ်ပိုင် ဟင်းသီးဟင်းရွက်စိုက်တောင်သူ ဦးဝင်းညွန့်စိုက်ခင်းတွင် ကောက်ရိုးမှိုစိုက်ပျိုးခြင်း လက်တွေ့စိုက်ပျိုးပေးခဲ့သည်။

ထိုသို့ ကောက်ရိုးမှိုစိုက်ပျိုးမှုများ ဆောင်ရွက်ရာတွင် ကျိုက်ဒုံမြို့စိုက်ပျိုးရေးဦးစီးမှူး ဒေါ်လှမြင့်က အသုံးပြုရမည့် မှိုမျိုးထုပ်၊ ဂျပ်စက္ကူ၊ ဖွဲနု၊ နွားချေး၊ မှိုအားဆေးတို့ကို အသုံးပြုရန် အချိုးအစားများ ရှင်းလင်းပြောကြားခဲ့ပြီး ကောက်ရိုးမှိုစိုက်ပျိုးနည်း လက်တွေ့ပြသစိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**သန်းထွန်းနိုင်(ပြန်/ဆက်)**

## ပြည်သူများသို့ ပန်ကြားချက်

၁။ မြန်မာ့စီးပွားရေးဘဏ်သည် နိုင်ငံ့ဝန်ထမ်းလစာများနှင့် အငြိမ်းစားဝန်ထမ်းလစာများအား လစဉ်ထုတ်ပေးမှုကို ဆောင်ရွက်လျက်ရှိပါသည်။ အငြိမ်းစားဝန်ထမ်းများအနေဖြင့် ပင်စင်လစာထုတ်ယူခြင်းကို လစဉ် ရုံးဖွင့်ရက် (၂၁) ရက်နေ့ တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူရန် မလိုအပ်ဘဲ မိမိအဆင်ပြေမည့် အခြားဘဏ်ဖွင့်သည့်ရက်များတွင်လည်း လွယ်ကူအဆင်ပြေစွာ ထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးထားပြီးဖြစ်ပါသည်။

၂။ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှင့်စရိတ်များ ထုတ်ယူနိုင်ရန် ဌာနဆိုင်ရာများအနေဖြင့် သတ်မှတ်ထားသည့် နေ့ရက်များအတိုင်း ပုံမှန်လစာထုတ်ယူနိုင်ရေးကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ အငြိမ်းစားဝန်ထမ်းများအနေဖြင့် ပင်စင်လစာငွေများအား လစဉ် (၂၁) ရက် တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူခြင်းအစား လစဉ် (၂၁) ရက်နောက်ပိုင်း ဘဏ်ဖွင့်သည့်ရက်များတွင် ထုတ်ယူခြင်း၊ Mobile Money စနစ် အသုံးပြု၍ နီးစပ်ရာ Mobile Agent များတွင် ထုတ်ယူခြင်းတို့ကို အဆင်ပြေစွာ ထုတ်ယူနိုင်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူလူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**



တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာအခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိပြီး ပြင်ပမှဆရာဝန်များသည်လည်း ၎င်းတို့၏သဘောဆန္ဒအလျောက် ကုသရေးလုပ်ငန်းများတွင် လာရောက်ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများသို့ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၂၅၁၄၆ ဦး၊ အတွင်းလူနာ ၃၀၇၈ ဦးကို လွှဲပြောင်းခဲ့ပြီး တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ပြည်သူများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေ့ထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၁၀၉၀၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၅၇၃ ဦး စုစုပေါင်း ၁၆၆၃ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန်အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး၎င်းတို့အနက် ၆၄၂ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၉၉၂ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ အနာဂတ်မျိုးဆက်သစ်ကလေးငယ် ၁၆၃၄ ဦးကို မွေးဖွားနိုင်ခဲ့သည်။

တိုင်းရင်းသားပြည်သူများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများ ဖြစ်ပေါ်လာပါက နီးစပ်ရာတပ်မတော်ဆေးရုံများသို့ အချိန်မရွေး ဆက်သွယ်ဆေးကုသမှုခံယူနိုင်ကြောင်းနှင့် သက်ဆိုင်ရာ ဆေးရုံများမှလည်း လွှဲပြောင်းကုသမှုခံယူနိုင်ကြောင်း သိရသည်။

ယနေ့တွင် သက်ဆိုင်ရာမြို့နယ်များရှိ နယ်မြေခံတပ်မတော်ဆေးရုံများသို့ ဆေးရုံလာရောက်ပြသသူများနှင့် ဆေးရုံတက်လူနာများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

**သတင်းစဉ်**

# မုံရွာမြို့နှင့် လယ်ဝေးမြို့နယ်တို့၌ CDM လှုပ်ရှားသူများက နိုင်ငံ့တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအား CDM တွင် ပါဝင်စေရေး Social Punishment ဖိအားပေးလုပ်ဆောင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

CDM လှုပ်ရှားသူများသည် CDM လှုပ်ရှားမှုများတွင် မပါဝင်သော နိုင်ငံ့ဝန်ထမ်းများအား ဆန့်ကျင်နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ဖိအားပေးအကျပ်ကိုင်ခြင်း၊ လူအများကြားတွင် မကြားဝံ့မနာသာ ပြောဆိုအရှက်ခွဲခြင်းနှင့် Social Punishment ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

မုံရွာမြို့၌ ဖေဖော်ဝါရီ ၂၂ ရက်တွင် CDM လှုပ်ရှားသူများက နိုင်ငံ့ဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပူးပေါင်းပါဝင်ရန် အတင်းအဓမ္မဖိအားပေးခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်စေရန် အကျပ်ကိုင်ခြိမ်းခြောက်ခြင်း၊ Social Punishment ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည့်အပြင် ပုံမှန်ရုံးတက်တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနအကြီးအကဲ အရာထမ်း ကိုးဦးတို့၏ ဓာတ်ပုံ၊ ပိုစတာများ ချိတ်ဆွဲ၍ CDM ပြုလုပ်နေသည့် ဝန်ထမ်းများကို ဖိနှိပ်နေသည့် အရာရှိဆိုးများအဖြစ် လူတစ်ဦးချင်းစီ၏ အခွင့်အရေးနစ်နာဆုံးရှုံးစေသည့် ဂုဏ်သိက္ခာညှိုးနွမ်းထိခိုက်စေရန် ပြုလုပ်ဆောင်ရွက်ကြသည်ကို တွေ့ရှိရသည်။

ထို့အတူ နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သစ်ပုတ်ပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများက လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်ရန် ပြင်ဆင်ဆောင်ရွက်စဉ် သစ်ပုတ်ပင်ကျေးရွာ အမှတ်(၅) ရပ်ကွက်နေ အာကာစိုးဦးဆောင်သောအဖွဲ့က အစည်းအဝေး မကျင်းပနိုင်ရန်အတွက် လာရောက်နှောင့်ယှက်ခဲ့သဖြင့် အစည်းအဝေးကျင်းပနိုင်ခြင်းမရှိကြောင်း သိရသည်။

ထိုကဲ့သို့ Social Punishment ပြုလုပ်၍ CDM လုပ်ဆောင်ရန် အကျပ်ကိုင်ခြိမ်းခြောက်ဖိအားပေးမှုများသည် နိုင်ငံ့တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းကောင်းများအပေါ် လူတစ်ဦးချင်း၏ လွတ်လပ်ခွင့်နှင့် အခွင့်အရေးများ ဆုံးရှုံးစေပြီး လူမှုပတ်ဝန်းကျင်တွင် အရှက်ရစေရန် ပြုမူဆောင်ရွက်ခံရခြင်းများဖြစ်သဖြင့် နိုင်ငံ့ဝန်ထမ်းများအပေါ် CDM လုပ်ဆောင်ရန် အတင်းအကျပ်ဖိအားပေး အကျပ်ကိုင်ခြိမ်းခြောက်ဟန့်တားမှုများ ကြုံတွေ့ရပါက တိုင်ကြားနိုင်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ အသိပေးချက်များ ထုတ်ပြန်ထားရှိသဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်ခြင်းမရှိ၍ မိသားစုများ၏ လုံခြုံရေးကိုပါ ခြိမ်းခြောက်ခံရသော ဝန်ထမ်းများက သက်ဆိုင်ရာသို့ တရားဝင်တိုင်ကြားမှုများ ပြုလုပ်လာကြကြောင်းနှင့် Social Punishment ပြုလုပ်မှုများ၊ အခြားဖိအားပေးအကျပ်ကိုင်မှုပြုလုပ်နေသူ အဓမ္မဝါဒီသမားများအား တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား တပ်မတော်ဆေးအဖွဲ့က ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဆေးရုံအချို့၌ ဆရာဝန်နှင့် သူနာပြုများအနေဖြင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးအား မျက်ကွယ်ပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြုဘဲ CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့ရာ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ် ၁၀ မြို့နယ်အဆောင်၌ ကန့်သတ်စောင့်ကြည့်ထားရှိခဲ့သည်။

ထိုသို့ ကန့်သတ်စောင့်ကြည့်ထားရှိသည့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၁၁၄ ဦးကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေခံတပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပွင့်ဖြူမြို့နယ်ရှိ သာသနာ့သမိုင်းဝင် စန္ဒကူးနံ့သာကျောင်းတော်ရာစေတီတော်မြတ်ကြီးအား ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းချက်များနှင့် အညီ ပြန်လည်ဖူးမြော်ခွင့်ပြု

**ပွင့်ဖြူ ဖေဖော်ဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာကျေးရွာရှိ သာသနာ့သမိုင်းဝင် စန္ဒကူးနံ့သာကျောင်းတော်ရာ စေတီတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးဧည့်သည်များ ဖူးမြော်ကြည်ညိုနိုင်ရေး ဖေဖော်ဝါရီ ၈ ရက်မှ စတင်ကာ ကိုဗစ်– ၁၉ ရောဂါကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖူးမြော်ခွင့်ပြုထားကြောင်း အဆိုပါ စန္ဒကူးနံ့သာကျောင်းတော်ရာ စေတီတော်မြတ်ကြီး ၏ဂေါပကအဖွဲ့ထံမှ သိရသည်။

ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာကျေးရွာရှိ သာသနာ့သမိုင်းဝင် စန္ဒကူးနံ့သာကျောင်းတော်ရာ စေတီတော်မြတ်ကြီးသည် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးခရီးသွားဧည့်သည်များ စဉ်ဆက်မပြတ် လာရောက်ဖူးမြော်ကြည်ညိုသည့်စေတီတော်ကြီး တစ်ဆူဖြစ်ပြီး ကိုဗစ် –၁၉ ရောဂါဖြစ်ပွားသည့်ကာလ ကာကွယ်ထိန်းချုပ်သည့်အနေဖြင့် ဘုရားဖူး မြော်ကြည်ညိုခြင်းကို ယာယီပိတ်ထားခဲ့ရာ ယခု အခါ ရဟန်းရှင်လူပြည်သူများ စိတ်အေးချမ်းစွာ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှစတင်ကာ ကိုဗစ် –၁၉ ကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖူးမြော်ခွင့်ပြုထားကြောင်း သိရသည်။

စေတီတော်မြတ်ကြီးအား ထီးတော် သုံးဆင့်၊ အရန်စေတီ ၁၀၈ ဆူ၊ ပစ္စယံ သုံးဆင့်ဖြင့် တည်ထားကိုးကွယ်ထားခြင်းဖြစ်ပြီး ဉာဏ်တော်အမြင့်မှာ ၁၈၉ ပေ ရှိသည်။

ရဟန်းရှင်လူ ပြည်သူများ စေတီတော်မြတ်ကြီးအား လာရောက်ဖူးမြော်ရာတွင် စိတ်အေးချမ်းသာစွာဖြင့် ညအိပ်တည်းခို ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် အခမဲ့ တည်းခိုနားနေနိုင်သော ဇရပ်ဆောင်များကိုလည်း ဆောက်လုပ်ထားရှိပေးထားကြောင်း၊ ထို့အပြင် ဒေသထွက် အစားအစာများဖြစ်သည့် မုန့်လုံးရေပေါ်၊ မုန့်လိပ်ပြာ၊ ဝက်မြေဥ၊ မုန့်ဩဇာ၊ အညာဒေသထွက် ပဲလှော်မျိုးစုံအရောင်းဆိုင်များ၊ အမှတ်တရ လက်ဆောင်ပစ္စည်းအရောင်းဆိုင်များနှင့် စားသောက်ဆိုင်များရှိသဖြင့် စိတ်ချမ်းမြေ့စွာ ဖူးမြော်နိုင်သည်။

ပြည်တွင်း၊ ပြည်ပ ဘုရားဖူးခရီးသွားဧည့်သည်များ အနေဖြင့် မင်းဘူး – ပွင့်ဖြူ ကားလမ်းမှတစ်ဆင့် လယ်ကိုင်းကျောင်းတော်ရာလမ်းနှင့် ပွင့်ဖြူမြို့နယ် ကံသာကြီးကျေးရွာအနီးရှိ ကျောင်းတော်ရာလမ်းခွဲ တို့မှ လာရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။



**ရဲဝင်းနိုင် (ပြန်/ဆက်)**

## အလှဆုံးသော ကျောက်စက်ပန်းဆွဲများ၊ သံစုံမြည်သောကျောက်စက်ပန်းဆွဲများရှိသည့် ဒီးဒုတ်လိုဏ်ဂူ

**မန္တလေး ဖေဖော်ဝါရီ ၂၃**

မန္တလေးမြို့အနီးတွင် အလှဆုံးသော ကျောက်စက်ပန်းဆွဲများ၊ သံစုံမြည်သော ကျောက်စက်ပန်းဆွဲများနှင့် ထင်ရှားသည့်လိုဏ်ဂူတစ်ဂူရှိသည်။ ထိုလိုဏ်ဂူမှာ ပြင်ဦးလွင်မြို့နယ် ဒီးဒုတ်ရေပြာအိုင်အနီးရှိ ဒီးဒုတ်လိုဏ်ဂူပင်ဖြစ်သည်။

ဒီးဒုတ်လိုဏ်ဂူအပါအဝင် အနီးအနားတွင် လိုဏ်ဂူကိုးဂူရှိသည်။ လိုဏ်ဂူကိုးခုတွင် အကြီး ငါးဂူ၊ အသေးလေးဂူရှိသည်။ ဒေသအခေါ်အဝေါ်အားဖြင့် ရှင်မင်းဂူ၊ ဂူနန်းတော်၊ အရိုးဂူ၊ မြေဂူ၊ လင်းနို့ဂူ၊ ဒီးဒုတ်ဂူတို့မှာ ဂူကြီးများဖြစ်ပြီး ကျန်သည့်ဂူမှာ သေးငယ်သောဂူကလေးများပင်ဖြစ်သည်။ ထိုဂူကိုးဂူတွင် ဒီးဒုတ်ဂူမှာ ထူးခြားပြီးလှပသော ကျောက်စက်ပန်းဆွဲမျိုးစုံရှိနေသည်။ ထိုကျောက်စက်ပန်းဆွဲများကို လက်ဖြင့်တီးခတ်ပါက ဗုံသံကဲ့သို့ သံစုံမြည်ပြီးနားထောင်၍ ကောင်းလှသည်။



ဂူမှာကြီးမားပြီးကျောက်စက်ပန်းဆွဲများမှာ သဘာဝအတိုင်းပုံမျိုးစုံ ပေါ်နေသည်။ ဂူအတွင်းသို့ ဆင်းပါက လက်နှိပ်ဓာတ်မီးဖြင့် ဆင်းကြရသည်။ ဂူအတွင်းစတင်ဝင်လိုက်သည်နှင့် ဆင်ဖြူ ဆင်မည်းပုံကျောက်စက်ပန်းဆွဲကို စတင်တွေ့ရှိနိုင်သည်။ ထို့နောက် ဆက်လက်ဆင်းသွားပါက လူဝံ၊ မျောက်ဝံပုံ၊ ယုန်နှစ်ကောင်နှင့် ခြင်္သေ့ပုံ၊ လှပသောကျောက်စက်ပန်းဆွဲများ၊ ကျောက်စက်မိုးမျှော်၊ ဘုရားပုံကျောက်စက်ပန်းဆွဲ၊ သိကြားရုပ်တုပုံကျောက် စက်ပန်းဆွဲ၊ကျောက်မဏ္ဍပ်၊ အပူခန်း၊ အအေးခန်းနှင့် အခြားပုံစံမျိုးစုံကျောက်စက်ပန်းဆွဲများကိုတွေ့နိုင်သည်။ အအေးခန်းမှာ ရှစ်ပေခန့်အထိဆင်းနိုင်ပြီး အေးမြနေသည်။ အပူခန်းမှာလည်း အပူရှိန်များရှိနေသည်။ ကျောက်စက်ပန်းဆွဲများကို မီးသင့်ထားသည့်အနေအထားများလည်း တွေ့ရှိရသည်။

ဒီးဒုတ်လိုင်ဂူမှာ ကြီးမားကျယ်ပြန့်ပြီးအခန်းပေါင်း ၄၀ ခန့်ရှိပြီး သဘာဝအတိုင်းကျောက်စက်ပန်းဆွဲများဖြစ်ကာ အခန်းလေးခန်းမှာပိတ်သွားသည်ကို တွေ့မြင်ရသည်။ ကျောက်စက်ပန်းဆွဲများမှာ လှပဆန်းကျယ်ပြီး အချို့သော ကျောက်စက်ပန်းဆွဲများမှာ တီးခတ်လိုက်ပါက သံစုံမျိုးစုံမြည်ကာ သာယာနာပျော်ဖွယ်ဖြစ်နေသည်။ ဒီးဒုတ်ဂူမှာ အခန်းများနှင့် သီးခြားစီတည်ရှိနေကာ ၁၂ ရာသီပတ်လုံး အေးမြနေသည်။ ပိုမိုထူးခြားသည်မှာ လင်းနို့များ နေထိုင်သော်လည်း ငှက်ချေးနံ့မရှိသောလိုဏ်ဂူပင်ဖြစ်သည်။

**နွေနဒီ(မြစ်ငယ်)**

## ထန်းတက်မြေအိုး၊ သောက်ရေအိုး ဈေးကွက်အတွင်း ဝင်ရောက်

**ချောက် ဖေဖော်ဝါရီ ၂၃**

အညာဒေသ၌ နွေဦးပေါက်ကာလကို ရောက်လာပြီဖြစ်ရာ ထန်းတက်မြေအိုးနှင့် သောက်ရေအိုးများ ဈေးကွက်အတွင်းစတင်ဝင်ရောက်လာပြီဖြစ်ရာ အရောင်းအဝယ်မှာလည်း သက်ဝင်လှုပ်ရှားလျက်ရှိကြောင်း သိရသည်။

အညာဒေသ၌ ထန်းသမားခေါ် ထန်းတောင်သူတစ်ဦးလျှင် အနည်းဆုံး မြေအိုးအလုံးရေ ၅၀ မှ ၁၀၀ ကျော် အသုံးပြုရကြောင်း သိရသည်။

ယင်းအပြင် သောက်ရေအိုးဈေးကွက်သည် တစ်နှစ်လုံးရောင်းချကြကြောင်း၊ မတ်လမှ စတင်၍ ဇွန်လအတွင်း သောက်ရေအိုးအများဆုံးရောင်းရသည့်ကာလဖြစ်ပြီး သောက်ရေအိုး အနေအထားပေါ်မူတည်၍ လက်လီဈေးမှာ သောက်ရေအိုးတစ်လုံးလျှင် ငွေကျပ် ၁၅၀၀ မှ ငွေကျပ် ၂၀၀၀ ဝန်းကျင်ရောင်း ရကြောင်း အညာဒေသရေနံချောင်းမြို့နယ်မှ သောက်ရေအိုးလက်လီရောင်းချသူတစ်ဦးက ပြောကြားသည်။

နွေ၏အညာပုံရိပ်တွင် သောက်ရေအိုးသည် လူနေရပ်ကွက်နှင့် ကျေးရွာများရှိ အများပြည်သူ သွားလာသောလမ်းများရှိ သစ်ပင်ကြီးငယ်များ၏ အရိပ်အာဝါသအောက်၌ ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ရေချမ်းစင်များကို တွေ့ရသည့်အပြင် ခရီးသွားများအတွက် ရေစာပြေသည့်အပြင် လှူဒါန်းသည့်ရေကုသိုလ်ရှင်များအတွက် ရေအကျိုးဆယ်ပါး ရရှိနေကြသည်။

အညာဒေသ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးရှိ မြို့နယ်အချို့က မိရိုးဖလာလုပ်ကိုင်ကြကာ သောက်ရေအိုး၊ ထန်းမြေအိုး၊ သင်္ကြန်ကြိုအိုး၊ ပန်းအိုး၊ မီးဖိုချောင်သုံးပစ္စည်းအမျိုးမျိုးထုတ်လုပ်ကြကာ နွေရာသီကာလသည် အခြားရာသီများထက် သောက်ရေအိုးမှာ ဈေးကွက်ပိုမိုရရှိကြောင်း သိရသည်။

**ရွှေမန်းကျည်းဦးဆန်းညွန့်**

## မယ်စဲ့မြို့၌ ဈေးဆိုင်များ ပုံမှန်ဖွင့်လှစ်ရောင်းချ



**မယ်စဲ့ ဖေဖော်ဝါရီ ၂၃**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် ကုန်စုံဆိုင်များ၊ စားသောက်ဆိုင်များ၊ ဈေးဆိုင်များ ပုံမှန်ဖွင့်လှစ်ရောင်းချလျက်ရှိသည်။

မယ်စဲ့မြို့ပေါ်ရပ်ကွက်ရှိ ကုန်စုံဆိုင်များတွင် အခြေခံစားသောက်ကုန်များ၊ ဆန်၊ ဆီ၊ ဟင်းသီးဟင်းရွက် အစရှိသည့် စားသောက်ကုန်များ ဈေးတက်မှုမရှိဘဲ ပုံမှန်ဈေးဖြင့်သာရောင်းချနေကြောင်း၊ ပြည်နယ်အတွင်း မော်တော်ယာဉ်လိုင်းများ ပုံမှန်ပြေးဆွဲနေသည့်အတွက် ကုန်ပစ္စည်းများကို လွိုင်ကော်မြို့မှ မှာယူရောင်းချမှု အဆင်ပြေလျက်ရှိကြောင်း၊ လက်ရှိတွင် ဈေးရောင်းဈေးဝယ်များအနေဖြင့် ပုံမှန်တည်ငြိမ်အေးချမ်းစွာရောင်းဝယ်လျက်ရှိကြောင်းနှင့် စားသောက်ဆိုင်များအနေဖြင့်လည်း လာရောက်စားသောက်သူများကို ပုံမှန်ရောင်းချလျက်ရှိကြောင်း ဈေးသည်များထံမှ သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# နိုင်ငံတစ်ဝန်း၌ အငြိမ်းစားဝန်ထမ်းများအား မြို့နယ် မြန်မာ့စီးပွားရေးဘဏ်များတွင် ပင်စင်လစာများ ဆက်လက်ထုတ်ပေး


ကျိုက်မရောမြို့နယ်
ဓာတ်ပုံ – ချိုချို(ပြန်/ဆက်)


ရန်ကုန်မြို့
ဓာတ်ပုံ – ကျော်ဆန်းမြင့်


ပွင့်ဖြူမြို့နယ်
ဓာတ်ပုံ – ရဲဝင်းနိုင်(ပြန်/ဆက်)


ဆိပ်ဖြူမြို့နယ်
ဓာတ်ပုံ – စိုးလင်းနိုင်(ပြန်/ဆက်)


ကျိုက်ထိုမြို့နယ်
ဓာတ်ပုံ – ဝင်းမောင်


သရက်ချောင်းမြို့နယ်
ဓာတ်ပုံ-မြို့နယ်(ပြန်/ဆက်)


ရွာငံမြို့နယ်
ဓာတ်ပုံ-မြို့နယ်(ပြန်/ဆက်)


မိတ္ထီလာမြို့နယ်
ဓာတ်ပုံ – သိန်းမြင့်ကျော်(မိတ္ထီလာ)

# အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာငွေများ ဆက်လက်ထုတ်ပေး

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်၌ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားဝန်ထမ်းများအား ဖေဖော်ဝါရီလ ပင်စင်လစာများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျထုတ်ပေးလျက်ရှိသည်။

ဒလမြို့နယ်၌ အငြိမ်းစားဝန်ထမ်း ၇၀ ကျော်ခန့်ရှိပြီး ယမန်နေ့က ပင်စင်လစာလာထုတ်သူ ၁၂ ဦးရှိကြောင်း၊ ယနေ့တွင်ပင်စင်လစာများ လာရောက်ထုတ်တဲ့သူများရှိကြောင်း၊ တစ်နေ့တည်းပင်စင်လစာငွေများကို စုပြုံထုတ်ပေးခြင်းမဟုတ်ကြောင်း၊ အငြိမ်းစားဝန်ထမ်းများ အဆင်ပြေစေရေးအတွက် အစိုးရဘဏ်ဖွင့်သည့်ရက်များလည်း လာရောက်ထုတ်နိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာ ဒေါ်မာလာအေးက ပြောကြားသည်။

ညောင်ကုန်းရပ်ကွက်မှ အငြိမ်းစားဝန်ထမ်း အဘိုးအိုတစ်ဦးက “အဘတို့က အသက်လည်းကြီးလာပြီလေ၊ အရင်တုန်းက ရန်ကုန်ဘက်ကို သွားထုတ်ရတာ ပင်ပန်းခဲ့တာပေါ့၊ ခုတော့ ကိုယ့်မြို့နယ်မှာပဲ လာထုတ်ရတော့ အဆင်ပြေသွားလို့ ဝမ်းသာရပါတယ်” ဟု ပြောကြားသည်။

ပင်စင်လစာများလာရောက်ထုတ်ယူသူများအနေဖြင့် ပါးစပ်နှာခေါင်းစည်းများကို စနစ်တကျ တပ်ဆင်စေခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ဆေးစေခြင်း၊ သက်ရွယ်ကြီးသူများအား ကူညီဆောင်ရွက်ပေးခြင်းနှင့် ပင်စင်လစာများထုတ်ယူရာတွင်လည်း စနစ်တကျဖြစ်စေရေး အတွက် စီစဉ်ဆောင်ရွက်ပေးကြောင်း မြင်တွေ့ရသည်။

**နိုင်လင်းကျော်(ဒလ)**

**မော်လမြိုင်**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်းရှိ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများကိုမြန်မာ့စီးပွားရေးဘဏ်(၁)(၂)တို့တွင် ဖေဖော်ဝါရီ ၂၂ ရက်မှစတင်ထုတ်ပေးလျက်ရှိရာ အငြိမ်းစားဝန်ထမ်းများသည် ပင်စင်လစာများကို အေးချမ်းစွာထုတ်ယူလျက်ရှိကြောင်း သိရသည်။

ပင်စင်လစာများ လာရောက်ထုတ်ယူကြသည့် အငြိမ်းစားဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ထုတ်ပေးလျက်ရှိပြီး မော်လမြိုင်မြို့နယ်တွင် မြို့ပြပင်စင်စား ၅၀၀၀ ကျော်၊ နိုင်ငံရေးပင်စင်စား ၁၀၀ ကျော်နှင့် ကာကွယ်ရေးပင်စင်စား




၃၀၀၀ ကျော်ရှိကြောင်း မော်လမြိုင်မြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲ-၂ မှ သိရသည်။

အငြိမ်းစားဝန်ထမ်းပင်စင်လစာများကို ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၆ ရက်အထိ နံနက် ၇ နာရီမှစတင်ကာ ထုတ်ပေးသွားမည်ဖြစ်ပြီး ပြည်သူများကလည်း အေးချမ်းစွာ ငွေသွင်း/ငွေထုတ်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**ဖာပွန်**

ကရင်ပြည်နယ် ဖာပွန်မြို့ မြန်မာ့စီးပွားရေးဘဏ်တွင် အငြိမ်းစား ပင်စင်လစာများ အဆင်ပြေချောမွေ့စွာ လာရောက်ထုတ်ယူလျက်ရှိသည်။

ဖာပွန်မြို့ မြန်မာ့စီးပွားရေးဘဏ်တွင် အငြိမ်းစားပင်စင်ထုတ်ယူမည့် ဝန်ထမ်းဦးရေ ၃၄၀ ခန့်ရှိပြီး ယမန်နေ့က ပင်စင်လာရောက်ထုတ်ယူသူဦးရေ ၁၂၉ ဦးအား စုစုပေါင်းငွေကျပ် ၁၉၅၇၇၁၂၅ ဒသမ ၉၀ ခန့် ထုတ်ပေးခဲ့ကြောင်း၊ ပင်စင်လာရောက်ထုတ်ယူသူများအား မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများက လစဉ် ၂၁ ရက်မှစ၍ အစိုးရရုံးဖွင့်ရက်များတွင် လာရောက်ထုတ်ယူနိုင်ကြောင်း၊ လူစုလူဝေး မဖြစ်ပေါ်စေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်စေခြင်း၊ စနစ်တကျလက်ဆေးခြင်းများကို ဆောင်ရွက်စေပြီး အဆင်ပြေချောမွေ့စွာ အငြိမ်းစားပင်စင်လစာများကို ထုတ်ပေးလျက်ရှိကြောင်း ဖာပွန်မြို့ မြန်မာ့စီးပွားရေးဘဏ်မှ သိရသည်။

**စိုင်းကျော်ဝဏ္ဏ၊ စောအောင်မျိုးလွင်(ပြန်/ဆက်)**

**စစ်ကိုင်း**

စစ်ကိုင်းမြို့ မြန်မာ့စီးပွားရေးဘဏ်မှ မြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား)များ၏ ပင်စင်လစာများကို ဖေဖော်ဝါရီ ၂၂ ရက်မှစတင်၍ အဆင်ပြေချောမွေ့စွာ စတင်ထုတ်ပေးလျက်ရှိသည်။

"နိုင်ငံ့ဝန်ထမ်းများရဲ့ ပင်စင်လစာတွေကို ဖေဖော်ဝါရီ ၂၂ ရက်က စတင်ပြီး ဦးစားပေးအနေနဲ့ စတင်ထုတ်ပေးနေပါတယ်၊ စစ်ကိုင်းမြို့နယ်အတွင်းမှာဆိုရင် နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား) ပင်စင်လစာ ထုတ်ယူသူဦးရေ ၄၇၀၀ ဦးရှိပါတယ်၊ လစဉ် ၂၁ ရက်ဆိုရင် ပုံမှန်ထုတ်ပေးခဲ့ပါတယ်၊ တစ်နေ့ကို လူဦးရေ ၁၀၀၀ လောက်ထိထုတ်ပေးနိုင်အောင် စီစဉ်ဆောင်ရွက်ပေးထားပါတယ်။ ပင်စင်လာရောက်ထုတ်ယူကြတဲ့ အငြိမ်းစားဝန်ထမ်းတွေကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်တွေနဲ့အညီ စနစ်တကျ ထုတ်ပေးနေပါတယ်၊ အားလုံးမကျန်ရအောင် အဆင်ပြေစွာ ထုတ်ပေးသွားမှာပါ " ဟု မြန်မာ့စီးပွားရေးဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပိုးတန်းရပ်ကွက်မှ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)ပင်စင်လစာ လာရောက်ထုတ်ယူသူ တစ်ဦးကလည်း " မနေ့က လာရောက်ထုတ်ယူမလို့ပါပဲ၊ လူများမယ်ထင်လို့ ဒီနေ့မှ လာထုတ်တာပါ၊ ငွေထုတ်ရတာ အဆင်ပြေပါတယ် "ဟု ပြောကြားသည်။

**ဇော်မြင့်နိုင်(ပြန်/ဆက်)**



## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**အိမ်မဲ ဖေဖော်ဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် မြို့မဈေးကြီး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြသည်။

ထိုကဲ့သို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဆေးဘူးသုံးစွဲနည်းအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြရှင်းလင်းပေးခဲ့ပြီး မြို့မဈေးကြီးရှိ ရေစက်မှ ရေထွက်ကိုသရုပ်ပြခဲ့သည်။ ဆက်လက်၍ တာဝန်ရှိသူများက မြို့မဈေးကြီးအတွင်းမှ ဆိုင်သုံးမီတာများ မီးဘေးလုံခြုံရေး ရှိ၊ မရှိကို စစ်ဆေးခဲ့ကြသည်။

အိမ်မဲမြို့နယ် မြို့မဈေးကြီးတွင် ဆိုင်ခန်းပေါင်း ၄၆၅ ခန်းရှိပြီး မြို့မဈေးကြီး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အနေဖြင့် အပတ်စဉ် တာဝန်ရှိသူများက ကြပ်မတ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**

## ကျေးရွာအဝင်လမ်း ကျောက်ရောမြေသားလမ်းဖောက်လုပ်မှု ရာနှုန်းပြည့်ပြီးစီး

**ရှမ်းရွာသစ် ဖေဖော်ဝါရီ ၂၃**

ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေဖြင့် ဒေသနေပြည်သူများ ရာသီမရွေးသွားလာမှုအဆင်ပြေစေရန် ရည်ရွယ်၍ ပိုးပလေကျေးရွာအုပ်စု ထီးလယ်ဒိုကျေးရွာ အဝင်လမ်း ကျောက်ရောမြေသားလမ်း ဖောက်လုပ်မှုကို ဖေဖော်ဝါရီလ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အရှည် ငါးဖာလုံ၊ အကျယ် ၁၅ ပေရှိ ထီးလယ်ဒိုကျေးရွာအဝင်လမ်း ကျောက်ရောမြေသားလမ်း ဖောက်လုပ်ခြင်းကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ပြည့်မီစေရေးနှင့် လုပ်ငန်းများ နှောင့်နှေးမှု မရှိစေရေးအတွက် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ပိုးပလေကျေးရွာအုပ်စုအနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ဒေသနေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့်စီးပွားရေးများ အဘက်ဘက်ကတိုးတက်လာမည့်အပြင် ရာသီမရွေးသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဝေဠု(ပြန်/ဆက်)**

## ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေး လိုက်လံကြည့်ရှု



**မောင်တော ဖေဖော်ဝါရီ ၂၃**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် စာသင်ကြားမှုများကို ရပ်ဆိုင်းထားရှိရာမှ ပြန်လည်ဖွင့်လှစ်ပါက ကျောင်းသား/သူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်စေရေး၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးနှင့် စာသင်ခန်းများအား စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်းများကို ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီက လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး ရဲလွင်နှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်စင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးကြာစိန်အောင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်အေးနှင့် ဆရာ ဆရာမများ ပူးပေါင်းကာ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာ လှပစေရေးအတွက် ကျောင်းဝင်းအတွင်းရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင် ရှင်းလင်းခြင်းနှင့် ကျောင်းစာသင်ခန်းများ သန့်ရှင်းရေးကို ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးအောင်၊ ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ကျော်သူဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ရဲ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူး တင်ဝင်းထွဋ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်ကိုကို၊ ခရိုင်ပညာရေးမှူး ဦးဘထွေးစိန်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **သက်လွင်စိုး(ပြန်/ဆက်)**




ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# သန့်ရှင်းသောရေ အပြည့်အဝသုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေသော မြို့ရန်ကုန်

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော် ရန်ကုန်မြို့ကြီးတွင် ကိုကိုးကျွန်းအပါအဝင် မြို့နယ်ပေါင်း ၄၄ မြို့နယ်ရှိသည့်အနက် အဓိက မြို့တွင်း ခြောက်မြို့နယ်လောက်သာ သန့်ရှင်းသောရေကိုလုံလောက်စွာပေးဝေနိုင်သေးသည့်အတွက် တိုးတက်ပြောင်းလဲလာသော မြို့နယ်များကိုလည်း ရေလုံလောက်စွာပေးဝေသွားနိုင်ရေး အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ရန်ကုန်မြို့တွင် အဓိကအားဖြင့် မြေအောက်အဝီစိရေကိုသာ အားထားနေကြရသည်။

မြင့်မောင်စိုး

နေ့စဉ်ရေဂါလန်သန်း၄၀ ပေးဝေမည့် လဂွန်းပြင် ရေပေးဝေရေးစီမံကိန်း ၈၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်သည်။ ဤစီမံကိန်းသည် လောလောလတ်လတ် ပြည်သူများ ရေကောင်းရရှိနိုင်မည့်အနေအထားဖြစ်သည်။ ဒဂုံမြို့သစ်လေးမြို့နယ်အပါအဝင် သာကေတနှင့် ဒေါပုံမြို့များသို့ လစဉ်ရေပေးဝေမည့် လဂွန်းပြင်ရေပေးဝေရေး စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုသည် ယခုအခါ ၈၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ထိုစီမံကိန်းကို ၂၀၂၂ ခုနှစ်တွင် အားလုံးပြီးစီးရန် လျာထားဆောင်ရွက်နေပြီး ၎င်းစီမံကိန်းပြီးစီးသွားလျှင် တစ်နေ့ကို ရေဂါလန် သန်း ၄၀ ပေးဝေနိုင်မည်ဖြစ်သည်။ ၎င်းစီမံကိန်း ကန်ထရိုက်လုပ်ငန်းများကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် စတင်ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၂၂ ခုနှစ် မတ်လတွင် စီမံကိန်းပြီးစီးရန် ခန့်မှန်းထားရာ လဂွန်းပြင်ရေပေးဝေရေးစီမံကိန်းမှ နေ့စဉ်ရေဂါလန် သန်း ၄၀ ပေးဝေနိုင်မည်ဖြစ်သည်။ ရေပေးဝေရေးဇုန်(၇)ဖြစ်သည့် ဒဂုံမြို့သစ်မြောက်ပိုင်းနှင့် အရှေ့ပိုင်းသို့ နေ့စဉ်ရေဂါလန် ၁၃ သန်း၊ ရေပေးဝေရေးဇုန်(၈)ဖြစ်သော ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် ဆိပ်ကမ်းသို့ နေ့စဉ် ရေဂါလန် ၁၄ သန်း၊ ရေပေးဝေရေးဇုန်(၂)မှာပါဝင်သည့် သာကေတနှင့် ဒေါပုံသို့ နေ့စဉ် ရေဂါလန်သုံးသန်း၊ သီလဝါအထူးစီးပွားရေးဇုန်သို့ နေ့စဉ် ရေဂါလန် ၁၀ သန်း အသီးသီးပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းမှာပါဝင်သော ရေသန့်စင်စက်ရုံတည်ဆောက်ခြင်းကို YCDC မှ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး စမ်းသပ်လည်ပတ်နေပြီဖြစ်သည်။ ၎င်းရေသန့်စင်စက်ရုံသည် အမှတ်(၂)လမ်းနှင့် အမှတ်(၇) လမ်းဆုံအနီးမှာတည်ရှိပြီး လဂွန်းပြင်ဆည်ရေကို ရယူသန့်စင်မည်ဖြစ်၍ လဂွန်းပြင်ရေပေးဝေရေးစီမံကိန်းဟု ခေါ်ဆိုခြင်းဖြစ်သည်။ စီမံကိန်း၏ကျန်အပိုင်းများကို JICA ODA Loan နှင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး ရေပို့ပိုက်လိုင်း (Transmission Pipe)အရှည် ၂၇ ဒသမ ၄ မိုင်၊ ရေဖြန့်ဝေပိုက်လိုင်း (Distribution Pipe)ပိုက်လိုင်း အရှည် ၁၇၉ ဒသမ ၆ မိုင် ရှိသည်။ ပိုက်အရွယ်အစားများကတော့ အသေးဆုံးအချင်း 100 mm မှ အကြီးဆုံးအချင်း 1000 mm အထိ ပိုက်အရွယ်စုံပါဝင်ပြီး Transmission Pipe ပိုက်လိုင်းများ တည်ဆောက်ပြီးဖြစ်သည်။



ရန်ကုန်-ပြည်လမ်းတစ်လျှောက်ဆောင်ရွက်နေသော ပိုက်လုံးအစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို တွေ့ရစဉ်။

ရေဖြန့်ဝေပိုက်လိုင်းနှင့် DMA ပိုက်လိုင်းကွန်ရက်များ တည်ဆောက်ဆဲဖြစ်ပြီး DMA ပိုက်လိုင်းကွန်ရက်ပေါင်း ၅၆ ခု တည်ဆောက်ခြင်းဖြစ်သည်။ သီလဝါအထူးစီးပွားရေးဇုန်သို့ ရေပေးပို့မည့် ပဲခူးမြစ်အောက်ဖြတ် ရေပို့ပိုက်လိုင်းဆက်သွယ်သော(Bago River Pipeline Crossing) လုပ်ငန်းမှာလည်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။ စီမံကိန်းတစ်ခုလုံးအနေဖြင့် ၈၀ ရာခိုင်နှုန်းကျော်ပြီးစီးကာ ရေဖြန့်ဝေပေးနိုင်သော နေရာများကို စမ်းသပ်ပေးဝေရင်းဖြင့် ၂၀၂၂ ခုနှစ် မတ်လတွင် စီမံကိန်းအားလုံးပြီးစီးမည်ဖြစ်သည်။

JICA Apraisal Mission မှ အဆိုပါ စီမံကိန်းအတွက် ချေးငွေရရှိနိုင်ရေး YCDC နှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခြင်း၊ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများကို ၂၀၁၃ ခုနှစ် နှစ်ဦးပိုင်းမှစ၍ ဆောင်ရွက်ခဲ့ရာ တစ်နှစ်ခန့် ကြာမြင့်ခဲ့သည်။ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် မြန်မာနှင့်ဂျပန်နှစ်နိုင်ငံ အစိုးရများအကြား Exchange of Note နှင့် Loan Agreement များကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ချေးငွေပမာဏ ဂျပန်ယန်း ၂၃ ဒသမ ၆၈၃ ဘီလီယံဖြစ်ပြီး အတိုးနှုန်း သုည ဒသမ ၀၁ ရာခိုင်နှုန်းနှင့် ချေးငွေပြန်ဆပ် ရမည့်ကာလ နှစ်ပေါင်းလေးဆယ်ဖြစ်သည်။

ထို့ပြင် ရန်ကုန်စည်ပင်ဧရိယာအတွင်း ယခုထက် ရေလုံလောက်စွာအသုံးပြုနိုင်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ JICA ODA Loan ချေးငွေ၊ ADB ODA Loan ချေးငွေတို့ဖြင့် ရေပေးဝေရေးဇုန် ၁၀ ခုပါဝင်သော Master Plan ကို ရေးဆွဲကာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့မှ သိရသည်။

ရန်ကုန်မြို့လူဦးရေမှာတိုးပွားနေသည့်အတွက် တစ်မြို့လုံးကို လွှမ်းခြုံနိုင်မည့် ရေပေးဝေရေး အစီအမံတွေကို ရေပေးဝေရေးဇုန် ၁၀ ခု ပါဝင်သော Master Plan ရေးဆွဲပြီး စီမံဆောင်ရွက်နေသကဲ့သို့ ရေပေးဝေရေး စီမံကိန်းကြီးများကိုလည်း နိုင်ငံတကာ ODA Loan အစီအစဉ်များနှင့် သတ်မှတ်ထားသည့် နှစ်အလိုက်ပေးဝေနိုင်ရန် ဆောင်ရွက်နေသည်။

ယခုအခါတွင် ဂျပန်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ချေးငွေဖြင့် ကုက္ကိုဝရေပေးဝေရေး စီမံကိန်းကို လာမည့် ၂၀၂၅ ခုနှစ်တွင်ပြီးစီးရန် အကောင်အထည်ဖော်ဆောင်ရွက်နေပြီး ထိုစီမံကိန်းပြီးစီးလျှင် ရေပေးဝေရေးဇုန်(၁)ဖြစ်သော ရန်ကုန် Downtown Area အပြင် မြို့နယ် ၁၄ မြို့နယ်နှင့် ရေပေးဝေရေးဇုန်(၉)အတွင်းရှိ လှိုင်သာယာမြို့နယ်တို့ ပါဝင်မည်ဖြစ်သည်။ ထိုစီမံကိန်းကို အဆင့်လေးဆင့် သတ်မှတ်ထားကာ စီမံကိန်းပထမအဆင့်ပြီးစီးလျှင် တစ်ရက်ရေဂါလန် သန်း ၆၀ အထိရေပေးဝေနိုင်ပြီး နောက်ဆုံး စတုတ္ထအဆင့်အထိ စီမံကိန်းလုပ်ငန်းများ အလုံးစုံပြီးစီးလျှင် တစ်ရက် ရေဂါလန်ပေါင်း သန်း ၁၈၀ အထိ ပေးဝေနိုင်ရန် လျာထားဆောင်ရွက်နေသည်။

ထပ်မံ၍ JICA ODA Loan ချေးငွေဖြင့် လဂွန်းပြင်ရေပေးဝေရေး စီမံကိန်းသည် လာမည့် ၂၀၂၂ ခုနှစ်တွင် ပြီးစီးမည်ဖြစ်သည်။ ထိုစီမံကိန်းမှ ရေပေးဝေရေး ဇုန်(၇/၈)တွင် ပါဝင်သော ဒဂုံလေးမြို့နယ်အပြင် သီလဝါအထူးစီးပွားရေးဇုန်အထိ တစ်ရက်ရေဂါလန် သန်း ၄၀ ခန့်အထိ ပေးဝေနိုင်ရန် စီစဉ်ထားသည်။ အလားတူ ရေပေးဝေရေးဇုန်(၂/၃/၄/၅)အရှေ့ပိုင်းနှင့် ဇုန်(၆)တို့အား ပေးဝေနိုင်ရန် အာရှဖွံ့ဖြိုးရေးဘဏ် ချေးငွေဖြင့် ငမိုးရိပ်ရေလှောင်ကန်မှတစ်ဆင့် ရေပိုက်လိုင်းများသွယ်ယူပြီး ငမိုးရိပ်ရေသန့်စင်စက်ရုံ(ညောင်နှစ်ပင်)မှ တစ်ရက်ရေဂါလန် သန်း ၉၀ ပေးနေပြီး စတုတ္ထအဆင့်ဖြစ်သော တစ်ရက်ရေဂါလန် သန်း ၁၈၀ အထိ ပေးဝေနိုင်ရန် စီစဉ်ဆောင်ရွက်နေသည်။ ဒလမြို့နယ်ပါဝင်နေသော ရေပေးဝေရေးဇုန်(၁၀)အတွက် တိုးမြစ်ရေပေးဝေရေးစီမံကိန်းမှ ပေးဝေရေးစခန်းများအဆင့်မြှင့်တင်ပြီး တွံတေးတူးမြောင်းဘေး တွံတေးမြို့နယ် ဘုရားကြီးကျေးရွာအနီးတွင် Japan JICS Gant ရေသန့်စင်စက်ရုံကြီးကို ၂၀၂၂ ခုနှစ်တွင် အပြီးတည်ဆောက်သွားရန် စီစဉ်ထားကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့မှ သိရသည်။

ရန်ကုန်မြို့တွင် ရေပေးဝေရေး စီမံကိန်းများကိုအချိန်နှင့်တစ်ပြေးညီ တိုးချဲ့ဆောင်ရွက်နေသကဲ့သို့ နှစ်ကာလကြာညောင်း၍ ဆွေးမြည့်နေသော မြေအောက်ရေပိုက်လိုင်းများကို ဘတ်ဂျက်အလိုက် အစားထိုးခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်နှင့်ဆက်စပ်မြို့နယ်များသို့ တစ်နှစ်ထက်တစ်နှစ် သောက်သုံးရေပိုမိုရရှိရေး အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၂၀၁၉-၂၀၂၀ ဘတ်ဂျက်အတွင်း လှော်ကားမှ ရန်ကုန်-ပြည်လမ်းတစ်လျှောက် ဆက်သွယ်သော အဓိကပိုက်လိုင်းကြီး အစားထိုးလဲလှယ်မှုမှာ ၈၀ ရာခိုင်နှုန်းအထိ ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

လှော်ကားရေတွန်းစက်ရုံအထွက်မှ ရန်ကုန်မြို့တွင်းသို့ ရေပေးဝေသည့် အချင်း ၆၆ လက်မ ကွန်ကရစ်ပိုက်အစား 1600 mm DI Pipe ဖြင့် ရန်ကုန်ပြည်လမ်းတစ်လျှောက် ဆက်သွယ်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းသို့ ရောက်ရှိလာပြီဖြစ်သည်။

ရန်ကုန်မြို့ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းအဖွဲ့သည် လှော်ကား-ရန်ကုန်ရေပိုက်လိုင်းကြီးအား အစားထိုးလဲလှယ်ခြင်းကို ဆောင်ရွက်နေသကဲ့သို့ မြို့နယ်အလိုက် ရပ်ကွက်များအတွင်း ပိုက်လိုင်းကွန်ရက်များ တည်ဆောက်ခြင်း၊ လဲလှယ်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့ကို အဓိကအားဖြင့် ဂျိုးဖြူနှင့် လှော်ကားကန်တို့မှ ရေကိုသန့်စင်လျက် ရေပိုက်လိုင်းကြီးများဖြင့် ပေးပို့လျက်ရှိပြီး လဂွန်းပြင်ရေရရှိရေးစီမံကိန်းကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နေသည်။ သို့သော်လည်း ရန်ကုန်မြို့၏ ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ရေအရင်းအမြစ်သစ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ဆွေးမြည့်နေသောပိုက်လိုင်းများကိုလည်း အဆင့်မြှင့်ကော်ပိုက်များဖြင့် အစားထိုးခြင်း၊ မြို့နယ်အလိုက်ရေပိုက်လိုင်းကွန်ရက်များကို နှစ်စဉ်ဘတ်ဂျက်အလိုက် တည်ဆောက်ခြင်း စသည်ဖြင့် ဘက်ပေါင်းစုံမှဆောင်ရွက်နေသည်။

လူဦးရေ ခုနစ်သန်းခန့်နေထိုင်သော ရန်ကုန်မြို့၏ နေ့စဉ်ရေလိုအပ်ချက်သည် ရေဂါလန်သန်း ၂၀၀ အထက်တွင်ရှိသည်။ ကုက္ကိုဝစီမံကိန်း၊ လဂွန်းပြင်စီမံကိန်းများပြီးစီးပါက ရန်ကုန်မြို့၏ ရေလိုအပ်ချက်သည် အထိုက်အလျောက်ကာမိစေနိုင်မည်ဖြစ်သည်။ ရန်ကုန်မြို့တော်သူ မြို့တော်သားများ ရေကောင်းရေသန့်ကောင်းစွာသုံးစွဲနိုင်ရေးအတွက် နှစ်အလိုက်၊ စီမံကိန်းများအလိုက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း။ ။



ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်ရှိ လဂွန်းပြင် ရေရရှိရေးစီမံကိန်း ရေစစ်ကန်ကို တွေ့ရစဉ်။

# COVID–19 ကာကွယ်ဆေးနှင့်ပတ်သက်သော မေးခွန်းနှင့် အဖြေများ(အပိုင်း–၂)

**(၁) မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မည်ကဲ့သို့စတင်ထိုးနှံပေးမှာလဲ**

- ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဦးစားပေးလူအုပ်စုအလိုက် ထိုးနှံပေးသွားပါမည်။ ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဗဟို/တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ပထမအသုတ်အနေနဲ့ စတင်ထိုးနှံပေးမည်ဖြစ်ပြီး၊ ကျန်လူအုပ်စုများကိုလည်း ကာကွယ်ဆေးရရှိမှုအပေါ်မူတည်၍ ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါသည်။

**(၂) ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ စသည့် နာတာရှည်ရောဂါ အခံရှိသောသူများနှင့် ယင်းရောဂါများအတွက် သက်ဆိုင်ရာဆေးဝါးများသောက်သုံးနေရသောသူများအနေဖြင့် ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးလို့ရပါသလား**

- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး၍ရပါသည်။ ဤကဲ့သို့ရောဂါအခံရှိနေသောသူများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရလျှင် အသက်အန္တရာယ်စိုးရိမ်ရသောကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးသင့်သောသူများ ဖြစ်ပါသည်။

**(၃) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်သူတွေမထိုးနှံသင့်ဘူးလဲ**

- ကိုဗစ်-၁၉ ရောဂါ အတည်ပြုခြင်းခံထားရသူလူနာများ၊ သံသယလူနာများနှင့် ရောဂါလက္ခဏာ သက်သာပျောက်ကင်းသွားပြီး (၁၄)ရက် မကျော်သေးသောသူများ၊
- ကိုဗစ်-၁၉ သံသယလက္ခဏာ (ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း... စသည်တို့) ရှိသောသူများ၊
- နို့တိုက်မိခင်နှင့် ကိုယ်ဝန်ဆောင်များနှင့်
- အသက် (၁၈)နှစ်အောက် လူအုပ်စုများတို့ကို ကိုဗစ်-၁၉ ကာကွယ်ဆေး မထိုးနှံသင့်ပါ။

(ကိုယ်အင်္ဂါအစားထိုး (organ transplant) ခွဲစိတ်ကုသမှုခံယူထားသူများ၊ ခုခံအားကျရောဂါရှိနေသူများနှင့် ခုခံအားကျဆင်းစေသည့်ဆေးဝါးတစ်ခုခုသုံးစွဲနေရသူများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းခံယူရန် သင့်/ မသင့်ကို သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ကြိုတင်၍ တိုင်ပင်ပါ။)

**(၄) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်နှကြိမ် ထိုးနှံရမှာပါသလဲ**

ကိုဗစ်-၁၉ကာကွယ်ဆေးအမျိုးအစားအပေါ်တွင်မူတည်ပါသည်။

မြန်မာနိုင်ငံတွင် ထိုးနှံမည့် COVISHIELD ကာကွယ်ဆေးကို(၂)ကြိမ် ထိုးနှံရမှာဖြစ်ပါသည်။ ယေဘုယျအားဖြင့် ပထမအကြိမ် ထိုးနှံပြီးနောက် ရက်သတ္တပတ် (၄)ပတ်ခြားပြီး ဒုတိယအကြိမ် ထပ်မံ ထိုးနှံရမှာဖြစ်ပါသည်။

**(၅) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမတစ်ကြိမ်မှာ ကာကွယ်ဆေးတစ်မျိုးထိုးထားပြီး ဒုတိယတစ်ကြိမ်မှာ အခြားဆေးအမျိုးအစားကို ထိုးနှံလို့ရနိုင်ပါသလား**

ယခုအချိန်အထိလေ့လာတွေ့ရှိချက်များအရ - အခြားဆေးအမျိုးအစားကိုထိုးနှံ၍ မရပါ။ ပထမအကြိမ်တွင် ထိုးနှံထားသော ကာကွယ်ဆေးအမျိုးအစားနှင့်တူညီသော ကာကွယ်ဆေးကို ဒုတိယအကြိမ်ထပ်မံထိုးနှံမှသာ ထိရောက်လုံလောက်သောကိုယ်ခံစွမ်းအား ရရှိမည်ဖြစ်ပါသည်။

**(၆) မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် လက်ရှိတရားဝင် ခွင့်ပြုထားသော ကိုဗစ်–၁၉ ကာကွယ်ဆေးတွေက ဘာတွေပါသလဲ**

မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး (၁)မျိုးဖြစ်သည့် COVISHIELD/ Astrazeneca ကာကွယ်ဆေးကို လတ်တလော တရားဝင်ခွင့်ပြုထားပါသည်။ ဤကာကွယ်ဆေးကို အသက် (၁၈)နှစ်နှင့်အထက် လူကြီးများအတွက်သာ အသုံးပြုခွင့်ပြုပေးထားပါသည်။

(နောက်ထပ်ခွင့်ပြုချက်ရရှိသော ကာကွယ်ဆေးများကိုလည်း ဆက်လက်ဖော်ပြပေးသွားပါမည်။)

**(၇) COVISHIELD ကာကွယ်ဆေးထိုးနှံပြီးလျှင် မည်ကဲ့သို့သော သာမန်လက္ခဏာများ ပြတတ်ပါသလဲ**

**(က) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးထက်ပို၍ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- ဆေးထိုးသည့်နေရာတွင် နာခြင်း၊ နီခြင်း၊ ယောင်ခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊
- နုံးချည့်ခြင်း၊ မအီမသာဖြစ်ခြင်း၊

**(ခ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- ဆေးထိုးသည့်နေရာတွင် အကျိတ်ငယ်ဖြစ်ခြင်း၊
- ဖျားခြင်း၊
- အန်ခြင်း၊
- ရာသီတုပ်ကွေးရောဂါကဲ့သို့ သာမန်လက္ခဏာများ (ဖျားခြင်း၊ အာသီးရောင်ခြင်း၊ နှာချေ/ချောင်းဆိုးခြင်း၊ ချမ်းတုန်ခြင်း...စသည်) တို့ ပြတတ်ပါသည်။

**(ဂ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- မူးဝေခြင်း၊
- ယားယံခြင်း၊
- ချွေးထွက်လွန်ခြင်း၊
- အစာစားချင်စိတ်လျော့နည်းခြင်း၊ ဗိုက်အောင့်ခြင်း၊
- ပြန်ရည်ကျိတ်များကြီးခြင်း တို့ဖြစ်နိုင်ပါသည်။

**ကာကွယ်ဆေးနှင့် ဓာတ်မတည့်မှု ရှိ/မရှိနှင့် ပြင်းထန်သည့်ဘေးထွက်ဆိုးကျိုးများ ရှိ/မရှိ သေချာစေရန် ဆေးထိုးပြီးပါက စောင့်ဆိုင်းသည့် နေရာတွင် "မိနစ်(၃၀)ခန့်" စောင့်ဆိုင်းရန် အရေးကြီးပါသည်။**

**ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်း (ကာကွယ်ဆေးထိုးကတ်)ကို မပျောက်မပျက်စေရန် စနစ်တကျသိမ်းဆည်းထား၍ နောက်တစ်ကြိမ်ကာကွယ်ဆေးထိုးနှံမှုခံယူရန် လာရောက်သည့်အခါတွင် မပျက်မကွက်ယူဆောင်လာရန်လိုအပ်ပါသည်။**

**မှတ်ချက်။** ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် နည်းပညာအသစ်ဖြင့် အချိန်တိုအတွင်း ထုတ်လုပ်ထားသော ကာကွယ်ဆေးအသစ်များဖြစ်၍ ယခုအချိန်၌သိရှိထားသော သတင်းအချက်အလက်များသည် ပြောင်းလဲမှုများရှိလာနိုင်ပါသည်။ သတင်းအချက်အလက်အသစ်များ ထပ်မံ သိရှိရပါက ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

Reference: Serum Institute of India (SII). Fact sheet for vaccine recipient approved for restricted use in emergency situation of ChAdOx1 nCoV- 19 Coronavirus Vaccine (Recombinant), COVISHIELD, in prevention of (covid-19) disease in individuals 18 years of age and older. (Revised: 01 January 2021).
Available at: https://www.seruminstitute.com/product_covishield.php

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ကောလာဟလတွေကို ဟွန်အ ငြင်းဆို



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီး တေးသံရှင်တစ်ဦးဖြစ်သူ ဟွန်အက လတ်တလောမှာ ပေါ်ထွက်နေတဲ့ သူ့ရဲ့အတိတ်က အကြောင်းအရာတွေနဲ့ပတ်သက်တဲ့ကောလာဟလတွေအပေါ် မှန်ကန်မှုမရှိကြောင်း တုံ့ပြန်ခဲ့တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အမျိုးသမီး တေးဂီတအဖွဲ့ Wonder Girls ရဲ့ အဖွဲ့ဝင်တစ်ဦးလည်းဖြစ်တဲ့ ဟွန်အကို ဖေဖော်ဝါရီ ၂၃ ရက်မှာ လူတစ်ဦးက အွန်လိုင်းပေါ်ကနေ တစ်ဆင့် စာရေးသားကာ ဟွန်အ ငယ်စဉ်က သူ့ကိုကျောင်းမှာ အနိုင်ကျင့်ခဲ့ဖူးကြောင်း စွပ်စွဲပြောကြားခဲ့တာပါ။ ဒီအကြောင်းအရာအပေါ်ဟွန်အက သူ့အနေနဲ့ကျောင်းမှာ အနိုင်ကျင့်ခဲ့တာမျိုးမရှိကြောင်း သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့တယ်လို့လည်း သိရပါတယ်။

ဟွန်အကို စွပ်စွဲပြောကြားခဲ့သူက ပေ့ါပ်ကြယ်ပွင့်အနေနဲ့ မူလတန်းအရွယ်က သူ့ကို ရိုက်နှက်အနိုင်ကျင့်ခဲ့တာဖြစ်ကြောင်း၊ ဟွန်အအနေနဲ့ ငယ်ရွယ်စဉ်ကပင် ကြယ်ပွင့်တစ်ဦးအဖြစ် အောင်မြင်ခဲ့ပြီး သူ့ရဲ့အောင်မြင်မှုနဲ့အတူ သူငယ်ရွယ်စဉ် ကျူးလွန်ခဲ့တဲ့အပြစ်တွေဟာလည်း ပျောက်ကွယ်သွားရကြောင်း၊ သူ့မှာလည်း သက်သေမရှိတော့ကြောင်း ပြောကြားခဲ့ပါတယ်။

ဟွန်အကတော့ ဖေဖော်ဝါရီ ၂၃ ရက်မှာပင် သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ သူဟာ ကျောင်းနေစဉ်ကလည်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရိုက်ခဲ့ဖူးတာမရှိကြောင်း ထည့်သွင်းရေးသားဖော်ပြခဲ့ပါတယ်။ သူဟာ အသက်ရှစ်နှစ်အရွယ်မှာ ကလေးသရုပ်ဆောင်တစ်ဦးအဖြစ် အနုပညာလှုပ်ရှားမှုတွေ လုပ်ဆောင်ခဲ့ကာ ၁၂ နှစ်အရွယ်မှာ ကေပေ့ါပ်ကြယ်ပွင့်တစ်ဦးဖြစ်လာရန် စတင်လေ့ကျင့်မှုတွေ လုပ်ဆောင်ခဲ့ရပြီး ကျောင်းမှအပြန် လေ့ကျင့်မှုတွေ ဆက်လက်လုပ်ဆောင်ရတာကြောင့် အားချိန်ပင်မရှိကြောင်း၊ သူ့ရဲ့ငယ်ဘဝမှာ ကြယ်ပွင့်တစ်ဦးဖြစ်ရန် ရည်ရွယ်ချက်တွေနဲ့သာ ရှင်သန်ခဲ့ရကြောင်း ထည့်သွင်းရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။




## ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခဲ့သည့် နှစ်ဖြစ်သော်လည်း ၂၀၂၀ ပြည့်နှစ်သည် ဘစ်ဟစ်အင်တာတိန်းမန့်အတွက် ဝင်ငွေအကောင်းဆုံးနှစ်ဖြစ်

ပြီးခဲ့တဲ့နှစ်အတွင်း တောင်ကိုရီးယားဖျော်ဖြေရေး အေဂျင်စီတစ်ခုဖြစ်တဲ့ ဘစ်ဟစ်အင်တာတိန်းမန့်ဟာ ဝင်ငွေများစွာရရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်အတွင်း ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုဟာ ကပ်ရောဂါအသွင်ဖြစ်ခဲ့ပေမယ့် တောင်ကိုရီးယားအမျိုးသားတေးဂီတအဖွဲ့ BTS ရဲ့ အေဂျင်စီဖြစ်တဲ့ ဘစ်ဟစ်ကတော့ ၂၀၂၀ ပြည့်နှစ်ဟာ အေဂျင်စီသက်တမ်းတစ်လျှောက် ဝင်ငွေအကောင်းဆုံးရရှိခဲ့တဲ့ နှစ်အဖြစ်မှတ်တမ်းဝင်ခဲ့ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဖျော်ဖြေရေးကုမ္ပဏီရဲ့ ပြီးခဲ့တဲ့နှစ်အတွက် ငွေစာရင်းရှင်းပြီးတဲ့နောက်မှာတော့ တစ်နှစ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၇၁၆ ဒသမ ၆၇ သန်းနဲ့ ညီမျှတဲ့ ကိုရီးယားဝမ် ၁၄၂ ဒသမ ၂ ဘီလီယံ ရရှိခဲ့ကြောင်း အစီအရင်ခံစာမှာ ဖော်ပြခဲ့တယ်လို့ သိရပါတယ်။

အသားတင်အမြတ်အနေနဲ့ တွက်ချက်မယ်ဆိုရင် ကိုရီးယားဝမ် ၈၆ ဒသမ ၂ ဘီလီယံရရှိခဲ့ပြီး အဆိုပါ ဝင်ငွေ ပမာဏဟာ ၂၀၁၉ ခုနှစ်အတွင်း ရရှိခဲ့တဲ့ အသားတင်အမြတ်ငွေထက် ၁၉ ရာခိုင်နှုန်း တိုးတက်ရရှိခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။ ဒီတစ်နှစ်ဝင်ငွေတွေရဲ့ အများစုကိုတော့ ပြီးခဲ့တဲ့နှစ်ကုန်ပိုင်းမှာရရှိခဲ့တာလည်း ဖြစ်ပါတယ်။

ဒီဝင်ငွေတွေကို အေဂျင်စီအောက်မှာ လှုပ်ရှားနေတဲ့တေးဂီတအဖွဲ့တွေရဲ့တေးအယ်လ်ဘမ်ရောင်းရငွေနဲ့ တေးဂီတလောကအတွင်း တဖြည်းဖြည်း အောင်မြင်မှုရရှိလာခဲ့ရာကနေ ဝင်ငွေတွေ ရရှိခဲ့တာလည်းဖြစ်ပါတယ်။ ဟစ်ဟစ်အင်တာတိန်းမန့်ရဲ့ အောက်မှာ BTS၊ SEVENTEEN၊ TXT နဲ့ ENHYPEN စတဲ့ တေးဂီတအဖွဲ့တွေ လှုပ်ရှားနေပြီး အဲဒီအထဲမှာ အမျိုးသားတေးဂီတအဖွဲ့ BTS ဟာ အကျော်ကြားဆုံးနဲ့ ဝင်ငွေအကောင်းဆုံးရရှိခဲ့တဲ့ တေးဂီတအဖွဲ့လည်း ဖြစ်ပါတယ်။

## ကင်ကာဒါရှီးရန်းက ကန်းရီဝက်စ်နဲ့ လမ်းခွဲခဲ့တဲ့အကြောင်း ရုပ်သံအစီအစဉ်တွင် ထည့်သွင်းရိုက်ကူးမည်

ဟောလိဝုဒ်ရဲ့ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ကင်ကာဒါရှီးရန်းနဲ့ ကန်းရီဝက်စ်တို့ဟာ လတ်တလောမှာ တရားဝင်လမ်းခွဲလိုက်ပြီဖြစ်ပါတယ်။ ဒီလိုလမ်းခွဲလိုက်တဲ့အဖြစ်အပျက်တွေကို ရုပ်သံသရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ကင်ကာဒါရှီးရန်းက ရုပ်သံအစီအစဉ်သစ်မှာ ထည့်သွင်းရိုက်ကူးသွားမှာဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ထိပ်တန်းကြယ်ပွင့်စုံတွဲဖြစ်တဲ့ ကင်ကာဒါရှီးရန်းနဲ့ ကန်းရီဝက်စ်တို့ဟာ အိမ်ထောင်သက် ခြောက်နှစ်အကြာမှာ တစ်လမ်းစီလျှောက်ဖို့ရာ ဆုံးဖြတ်ခဲ့ကြကြောင်း ဖေဖော်ဝါရီ ၁၉ ရက်မှာ ထုတ်ဖော်ပြောကြားခဲ့တာပါ။ ကျော်ကြားတဲ့ မိသားစုဖြစ်တဲ့ ကာဒါရှီးရန်းမိသားစုဝင်တစ်ဦးဖြစ်တဲ့ ကင်ရဲ့အိမ်ထောင်ရေးအကြောင်း မှတ်တမ်းရုပ်ရှင် ရိုက်ကူးသွားမှာဖြစ်တယ်လို့ ရင်းနှီးတဲ့ သတင်းရင်းမြစ်တစ်ဦးက အတည်ပြုပြောကြားခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ဒီလမ်းခွဲမှုနဲ့ပတ်သက်ပြီး ကင်က သူ့အနေနဲ့ ဝမ်းနည်းမိသော်လည်း သက်သာရာရသွားသလို ခံစားရကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့တယ်လို့ သိရပါတယ်။

## Penthouse 2 ရုပ်ရှင်မှ ဓာတ်ပုံများထုတ်ဖော်ပြသ



လတ်တလောမှာ ကြည့်ရှုသူအများဆုံးသော ဇာတ်လမ်းတွဲတစ်ခုဖြစ်တဲ့ Penthouse 2 ရုပ်ရှင်မှ ဓာတ်ပုံအချို့ကို လတ်တလောမှာ ထုတ်ဖော်ပြသခဲ့ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ ဓာတ်ပုံတွေကတော့ ဇာတ်ဆောင်တွေဖြစ်ကြတဲ့ မင်းသမီး အွန်ဂျင်းနဲ့ မင်းသား ယွန်ဂျောင်ဟွန်းတို့ရဲ့ မင်္ဂလာဓာတ်ပုံတွေဖြစ်ကြပါတယ်။ ပြီးခဲ့တဲ့ ဇာတ်လမ်းတွဲမှာ အွန်ဂျင်းနဲ့ ယွန်ဂျောင်ဟွန်းတို့ ပါဝင်သရုပ်ဆောင်ထားတဲ့ ဇာတ်ကောင်တွေရဲ့ မင်္ဂလာသတင်းကို ထုတ်ဖော်ပြောကြားခဲ့ပြီး မမျှော်လင့်ထားတဲ့သတင်းနဲ့ ပရိသတ်တွေကို အံ့အားသင့်စေခဲ့တာလည်း ဖြစ်ပါတယ်။

အဆိုပါ ဓာတ်ပုံတွေမှာ ဇာတ်ဆောင်နှစ်ဦး အလွန်လိုက်ဖက်နေတာကို တွေ့ရပြီး ဇာတ်လမ်းတွဲသစ်တွေမှာ သူတို့နှစ်ဦးရဲ့ စိတ်ဝင်စားစရာ ဇာတ်လမ်းကိုလည်း ပရိသတ်တွေက မျှော်လင့်နေကြောင်းလည်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်**

## အိုင်ကျွန်းတေးဂီတ ဇယားတွေကို ဦးဆောင်နေတဲ့ SHINee



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ SHINee ဟာ နောက်ဆုံးထွက်ရှိထားတဲ့ အဖွဲ့ရဲ့တေးအယ်လ်ဘမ်သစ်နဲ့ လတ်တလောမှာ အိုင်ကျွန်းတေးဂီတဇယားတွေကို ဦးဆောင်နေကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ တေးဂီတအဖွဲ့ဟာ ဖေဖော်ဝါရီ ၂၂ ရက်က အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ် Don’t Call Me ကို စတင်ထုတ်လွှင့်ခဲ့ပါတယ်။ အဆိုပါ တေးအယ်လ်ဘမ်ဟာ အဖွဲ့ရဲ့ ခုနစ်ခုမြောက်တေးအယ်လ်ဘမ်ဖြစ်ပြီး စတင်ထုတ်လွှင့်ပြီးနောက် ၂၄ နာရီအတွင်း ကမ္ဘာတစ်ဝန်းက အိုင်ကျွန်းတေးဂီတဇယားတွေရဲ့ နံပါတ်တစ်နေရာကို ရယူထားခဲ့တာပါ။ လက်ရှိမှာ အမေရိကန်၊ ကနေဒါ၊ ဘရာဇီး၊ စင်ကာပူစတဲ့ နိုင်ငံတွေအပါအဝင် ကမ္ဘာတစ်ဝန်း နိုင်ငံနဲ့ ဒေသပေါင်း ၄၅ ခုရဲ့ အိုင်ကျွန်းတေးဂီတဇယားတွေကို ဦးဆောင်ထားတာ ဖြစ်ကြောင်းလည်း သိရပါတယ်။

ဒ့ါအပြင် အဆိုပါ တေးအယ်လ်ဘမ်ဟာ ရောင်းအားအကောင်းဆုံးသော ဒစ်ဂျစ်တယ် တေးအယ်လ်ဘမ်အဖြစ် တရုတ်နိုင်ငံ ကျူကျူတေးဂီတဇယား နဲ့ စူပိုတေးဂီတဇယားတွေကိုလည်း ဦးဆောင်နေပြီး ဂျပန်နိုင်ငံမှာလည်း ရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ် ၁၀၀ စာရင်းမှာ ပါဝင်နေကြောင်း သိရပါတယ်။

## မြို့နယ်စည်ပင်သာယာရေးကော်မတီ
## ပြင်ဦးလွင်မြို့
## ကန့်ကွက်လွှာခေါ်ယူခြင်း

၁။ ပြင်ဦးလွင်မြို့၊ သီရိပဒေသာယာဉ်ရပ်နားစခန်း၊ နှစ်ထပ်ပွဲရုံတန်းရှိ တိုက်ခန်းအား ပါရမီဆောက်လုပ်ရေးကုမ္ပဏီမှ ဝယ်ယူထားသူ ဦးမျိုးမင်းဌေး [၉/ပဥလ(နိုင်)၀၂၃၈၄၈]သည် တိုက်ခန်း ဝယ်ယူခဲ့စဉ်အချိန်မှစ၍ ယနေ့အချိန်ထိ ပိုင်ဆိုင်မှုအာမခံစာအုပ်ရရှိထားခြင်းမရှိသေးပါသဖြင့် ပိုင်ဆိုင်မှုစာအုပ် ထုတ်ပေးနိုင်ပါရန် လျှောက်ထားတင်ပြလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက မည်သူမဆို အထောက်အထားအပြည့်အစုံဖြင့် ဤကြော်ငြာသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်၍ဖြစ်စေ၊ စာဖြင့် ရေးသား၍ဖြစ်စေ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | အမည် | ပွဲရုံတန်းဆိုင်ခန်းအမှတ် |
|---|---|---|
| ၁။ | ဦးမျိုးမင်းဌေး | A-14၊ အခန်း(ခ) |

၂။ သတ်မှတ်ရက်ထက်ကျော်လွန်လက်ခံရရှိသော ကန့်ကွက်လွှာများနှင့် ပြည့်စုံတိကျမှုမရှိသော ကန့်ကွက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ကြောင်းနှင့် သတ်မှတ်ကာလကျော်လွန်ပါက ပိုင်ဆိုင်မှုအာမခံစာအုပ်ထုတ်ပေးနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်၊ ရှုခင်းသာလမ်းမ၊ အမှတ်(၉၆၉/ခ)၊ တိုက် A-4 နှင့် A-5 တွင်နေထိုင်သူ ဒေါ်သန္တာထက်[၁၂/သကတ(နိုင်)၁၆၆၂၂၀]နှင့် ဦးကျော်စွာဝင်း[၁၂/သကတ(နိုင်)၁၆၉၈၄၇] ကိုင်ဆောင်သူ မောင်နှမနှစ်ဦးတို့သည် ဖခင် ဦးမျိုးသိန်း ကွယ်လွန်ပြီးနောက် ကျန်ရစ်သော အမွေဆက်ခံပစ္စည်းများအား "မိသားစု စီမံခန့်ခွဲမှု သဘောတူကတိစာချုပ်"အရ အမွေဆက်ခံရရှိသောပစ္စည်းများမှာ အမှတ်(၉၆၉/ခ)၏ တိုက် A-4 နှင့် တိုက် A-5၊ ဇင်္ဂမလမ်းမရှိ Top စက်ဘီးအရောင်းဆိုင်ခန်း၊ မြင်တော်သာလမ်းမရှိ Arrow စက်ဘီးအရောင်းဆိုင်ခန်း၊ တိုက်အမှတ်(၉၆၉/ခ) မြေညီထပ်၏ လေးပုံနှစ်ပုံခွဲဝေရရှိပါသည်။ မောင်ရဲရင့်မျိုးသိန်းနှင့် မောင်သီဟမျိုးသိန်းတို့မှလည်း တိုက်အမှတ်(၉၆၉/ခ)မြေညီထပ်၏ လေးပုံနှစ်ပုံကို ပူးတွဲပိုင်ဆိုင်ရရှိပါသည်။ အထက်ပါပိုင်ဆိုင်မှုများနှင့်ပတ်သက်၍ အခြားမည်သူမျှ ပိုင်ဆိုင်မှုမရှိကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်မင်းကြည်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၈၄)(၃-၉-၂၀၁၉)**
**ဖုန်း-၀၉-၇၉၈၀၁၅၆၅၆၃၊ ၀၉-၂၅၀၂၈၂၈၀၆**

## တရားဝင်ကွာရှင်းပြတ်စဲခြင်း

ကျွန်တော် မောင်သော်ဇင်နိုင်နှင့် မခိုင်ဇင်ထက်[၁၀/ပမန(နိုင်)၁၉၁၈၇၇]တို့သည် (၁၈-၂-၂၀၂၁)ရက်တွင် ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ် တရားရုံးတွင် နှစ်ဦးသဘောတူ လွှတ်လပ်သော သဘောဆန္ဒအရ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မောင်သော်ဇင်နိုင်**
**[၁၂/သဃက(နိုင်)၁၆၈၂၉၄]**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ နွယ်အေး (၁) လမ်းနေ မောင်ဝေယံမြင့်ထွန်း (ခ) H.F ခိုဗိုင်းရ်၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည် -

ကျွန်ုပ်၏မိတ်ဆွေ မောင်ဝေယံမြင့်ထွန်း (ခ) H.F ခိုဗိုင်းရ်နှင့် ဇိုင်နဗ်ဘီ (ခ) မစုဒါလီစိုးတို့သည် လွန်ခဲ့သော (၁)နှစ်ခွဲကျော်မှစ၍ ပေါင်းသင်းနေထိုင်ခြင်းမရှိတော့သည့်အတွက် အသိသက်သေများရှေ့မှောက်တွင် ဓလေ့ထုံးတမ်းအရ သွာလာက် (၃)ကြိမ်ပေးအပ်ခဲ့ပြီးဖြစ်သလို ထိုသို့ပေးခဲ့သည်ကိုလည်း ဇိုင်နဗ်ဘီ(ခ)မစုဒါလီစိုးကိုယ်တိုင် ကြားသိခဲ့ပြီးဖြစ်ကြောင်း၊ ထိုကဲ့သို့ ပြုလုပ်ထားသည်ကိုလည်း မြန်မာမွတ်စလင်မ်သာသနာ့ပညာရှင်များအဖွဲ့ချုပ်သို့ ဓမ္မသတ်မေးမြန်းခြင်းဆိုင်ရာများ ပြုလုပ်ထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **မောင်ဝေယံမြင့်ထွန်း(ခ)H.F ခိုဗိုင်းရ်** | **ဒေါ်ချိုချိုလွင်(LL.B)(D.I.L)** |
| **နွယ်အေး(၁)လမ်း၊ သာကေတမြို့နယ်၊** | **DL.101(WIPO SWITZERLAND)** |
| **ရန်ကုန်မြို့။ ဖုန်း-၀၉-၇၅၃၉၁၃၅၃၉** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၁၃)** |
| | **Ph:09-425302154** |

## ဒေါ်အုန်းသန်း [၁၂/သဃက(နိုင်)၁၁၀၉၉၂]
## ဒေါ်အေးအေးသက် [၁၂/သဃက(နိုင်)၁၁၀၉၉၃]
## ဦးဝင်းစိုး [၁၂/သဃက(နိုင်)၀၄၀၇၈၃] အမှတ်-၆၁(ခ)၊ အင်ကြင်းလမ်း၊ (က)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်နေသူများနှင့် အများသိစေရန်ကြေညာခြင်း

စင်ကာပူနိုင်ငံ၊ Yishun Ring Road, BLK 136 #06-138 နေ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်လင်းနိုင် [၁၂/သဃက(နိုင်) ၀၀၄၆၀၆] (ဘ) ဦးထွန်းရီ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ဖခင်(ဦးထွန်းရီ) ကွယ်လွန်ချိန်တွင် ရွှေ့ပြောင်းနိုင်သောပစ္စည်းအဖြစ် Bank နှစ်ခုတွင် အပ်ထားသော ငွေကျပ်သိန်း ၈၀ကျော်နှင့် ဦးသိန်းဦးအား ခေတ္တပေးအပ်ကူညီထားငွေ သိန်း ၂၀၊ စုစုပေါင်း သိန်း ၁၀၀ ကျော်ခန့်နှင့် (ကား) Probox-Taxi (၁)စီး၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းအဖြစ် အမှတ်-၆၁(ခ)၊ အင်ကြင်းလမ်း၊ (က)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ရရှိထားသော ကန်ထရိုက်တိုက်မှ ကျန်အခန်း (၃)ခန်းဖြစ်သော မြေညီထပ်၊ ပထမထပ်၊ ဒုတိယထပ်တို့သည် အမွေဆိုင်ပစ္စည်းများဖြစ်ကြောင်း ညွှန်ကြားချက်အရ သိရပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်လင်းနိုင်၏ သဘောတူခွင့်ပြုချက်မရှိဘဲ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ကို မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးကျော်လင်းနိုင်** | **ဒေါ်သန္တာဦး** |
| **[၁၂/သဃက(နိုင်)၀၀၄၆၀၆]** | **LL.B,D.B.L,D.M.L,WIPO(SWITZERLAND)** |
| | **(တရားလွှတ်တော်ရှေ့နေ) (စဉ်-၈၅၀၃/၁၂)** |
| | **အမှတ် (၁၂၅/ခ)၊ ဗေယျာသီရိ (၆)လမ်း၊** |
| | **ဗေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ်။** |

**ဖုန်း-၀၉-၇၉၉၆၀၄၉၆၇၊ ၀၉-၂၆၂၈၇၀၆၆၉၊ ၀၉-၇၇၂၇၆၅၀၄၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဘုရင့်နောင်လမ်း၊ မြေတိုင်းအမှတ် (၃၄)၊ မြေကွက်အမှတ် (၃က)၊ ၈၂/၁၀ ရပ်ကွက်၊ အကျယ်အဝန်း ပေ (၂၀ x ၆၀)ရှိ ဦးသောင်းစိန် အမည်ပေါက် စလစ်မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်စာချုပ်အဆက်အစပ်ဖြင့် ပိုင်ဆိုင်သူ ဦးချစ်ဌေး [၁၂/လမန(နိုင်)၀၃၄၉၂၃]မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ၍ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စိမ်းမိုမို [၁၂/ရပသ(နိုင်)၀၄၆၁၇၄]၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအုန်းသောင်း(LL.B)** | **ဦးရောအုန်းသောင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၆၃၁၃) (၄-၁-၁၉၉၅)** | **(စဉ်-၁၄၉၉၅) (၁၃-၁၁-၂၀၁၈)** |

**တိုက် (၂၁ဘီ/၀၀၆)၊ ရတနာမွန်အိမ်ရာ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၉၉၉၈၈၈၃၊ ၀၉-၉၇၆၁၉၂၅၄၃**

## မသက်ဆိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၇၁)၊ ၆-လွှာနေ၊ (ဘ)ဦးစွပ္ပယား၏ သားဖြစ်သူ ဦးဘဲလူး(ခ)ဦးခင်မောင်[၁၀/ပမန(နိုင်)၁၃၇၄၅၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဦးဘဲလူး(ခ) ဦးခင်မောင်၏(ဖခင်) ဦးစွပ္ပယားနှင့် (မိခင်) ဒေါ်ဝလီးတို့တွင် (၁) ဒေါ်သနေဘ၊ (၂) ဒေါ်စက်လက်မာ(ကွယ်လွန်)၊ (၃) ဒေါ်ရားနီး(ကွယ်လွန်)၊ (၄) ဦးဘဲလူး(ခ) ဦးခင်မောင်၊ (၅) ဦးတန်းဂရာ (ခ) ဦးခင်အောင်၊ (၆) ဒေါ်ရာသီခါ(ခ) ဒေါ်နယ်လီဝင်းဟူသော သားသမီး (၆)ဦး ရှိပါသည်။

ဦးတန်းဂရာ (ခ) ဦးခင်အောင်သည် ကျွန်ုပ်၏မိတ်ဆွေ ဦးဘဲလူး(ခ) ဦးခင်မောင် မိသားစု၏ စီးပွားရေး၊ လူမှုရေးကိစ္စများကို ထိခိုက်အောင်ပြုလုပ်သည့်အပြင် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ် ပြုလုပ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ဦးတန်းဂရာ(ခ) ဦးခင်အောင် အပါအဝင် ကျန်ညီအစ်ကိုမောင်နှမများနှင့် ၎င်းတို့ မိသားစုများ၏ စီးပွားရေး၊ လူမှုရေးကိစ္စအဝဝတို့သည် ကျွန်ုပ်၏မိတ်ဆွေ ဦးဘဲလူး(ခ) ဦးခင်မောင် မိသားစုနှင့် မည်သို့မှ ပတ်သက်သက်ဆိုင်ခြင်း မရှိကြောင်းနှင့် ဦးဘဲလူး(ခ) ဦးခင်မောင် မိသားစုမှလည်း ၎င်းတို့၏ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **ညွှန်ကြားချက်အရ** |
| **ဦးဘဲလူး(ခ) ဦးခင်မောင်** | **ဒေါ်ဇင်မာမင်း LL.B,D.B.L,D.I.L** |
| | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၁၁၆၅၁/၁၅-၁၂-၂၀၁၆)** |
| | **အမှတ်(၁၁၇)၊ အောင်မင်္ဂလာပတ်လမ်း၊** |
| | **ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်။** |
| | **ဖုန်း-၀၉-၄၂၀၀၃၁၃၅၂** |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊(မြောက်ပိုင်းခရိုင်)၊ ရွှေပြည်သာမြို့နယ်၊ အမှတ်[၆၉၂(က)]၊ အောင်ချမ်းသာလမ်း၊ အိမ်နှင့်ခြံ ပေ(၂၀x၆၀) ပိုင်ဆိုင်သော ဦးလှမြင့်[SPTA-038561]ပိုင်ဆိုင်သော နေအိမ် ပေ(၂၀X၆၀)အားလုံးကို ဝယ်ယူသူ ဦးစိုးမင်းထွန်း[၁၀/မလမ(နိုင်)၁၇၈၈၇၆]က စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးစိုးမင်းထွန်း[၁၀/မလမ(နိုင်)၁၇၈၈၇၆]**
**ဖုန်း-09-420268663**

## "ကန့်ကွက်နိုင်ပါသည်"

တရင်ပြည်နယ်၊ဘားအံခရိုင်၊ဘားအံမြို့နယ်၊တရုပ်လှ(ကော့ကျိုက်)ကျေးရွာအုပ်စု၊ကွင်းအမှတ်-(၁၂၁၀-တရုပ်လှကွင်း)၊ ဦးပိုင်အမှတ်-(၉၄/၂၉၃/၂၉၃/၁၉၂/၂၉၂/၁၁၁၀၀/၂-ခ)၊ဧရိယာ(၄. ၉၈) ဧကရှိလယ်မြေအမျိုးအစားမြေကွက်အနက်မှမျက်နှာစာ(အတွင်းဘက်) အကျယ်(၁၁၀ပေ×၂၀၀ပေ)ရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားတရားလက်ဝယ်ပိုင်ဆိုင်ပြီး၊အမည်ပေါက်ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဦးသိန်းဇော်မင်း(၃/ဘအန(နိုင်)၀၈၄၀၉၈)ထံမှကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်စရံငွေပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆိုဤကြေညာချက်ပါသည့်နေ့မှစ၍(၇)ရက်အတွင်းခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အတွင်းကန့်ကွက်ခြင်းမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီဆက်လက်ဆောက်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဒေါ်နန်းဆင့်ဆင့်ထွန်း( LL.B ) | ဒေါ်မိုးမိုးအေး ( LL.B ) |
| D.B.L,D.M.L | D.B.L,D.M.L,D.I.L |
| | WIPO,DL-101 Switzerland |
| (စဉ်-၁၂၆၃၉) | (စဉ်-၈၅၅၈) |

(တရားလွှတ်တော်ရှေ့နေများ)
အမှတ်-၈၃၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
(ဖုန်း-၀၉-၄၂၅၃၅၈၂၇၀)

LIGHTHOUSE
ဒဂုံမြို့သစ်(ဆိပ်ကမ်း)
(တောင်ပိုင်း)၊ (မြောက်ပိုင်း)၊
(အရှေ့ပိုင်း)
မြေကွက်များဝယ်ယူလိုပါသည်။
"ပွဲခ(လုံး၀) ပေးရန်မလိုပါ။"
09-424206633
09-424206644

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ဉာဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၈၊ ဥတ္တရသီရိတောင်ရပ်၊ မြေဧရိယာ(၀.၂၂၉)ဧကရှိ မြေကွက်အမှတ်(ဥ-၅၇၃၃)၊ ACE ဆောက်လုပ်ရေးကုမ္ပဏီ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်ကို ဒေါ်မာမာဝင်း [၁၄/ပသန(နိုင်)၀၂၃၃၇၀] (ဘ) ဦးသန်းဝင်းမှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၇၁/၂၀၂၁ (၂၅-၁-၂၀၂၁)တင်ပြ၍ ဦးအောင်ကျော်စိုး[၁၃/ကခန(နိုင်)၀၀၆၇၆၄](ဘ)ဦးလှထူး အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သွေးသည် အသက်

## ဗိုလ်မှူးချုပ်တင်လတ်(လေ-၁၃၄၁)(ငြိမ်း)
### (သံအမတ်ကြီး-ငြိမ်း)
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ အမှတ်(၁၂၃၅)၊ ပိတောက်မြိုင် (၅)လမ်း၊ ၃၄ ရပ်ကွက်နေ (ဦးခင်မောင်-ဒေါ်ခင်မြင့်)တို့၏ သားကြီး၊ ဒေါ်ခင်ဆွေဝင်း၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်ဝတ်မှုံတင်လတ်-ဦးကျော်စိုးလှိုင်၊ ဦးဝေယံတင်လတ်၊ ဦးအာကာတင်လတ်တို့၏ ချစ်လှစွာသော မွေးသဖခင်သည် ၂၃-၂-၂၀၂၂ (အင်္ဂါနေ့) ညနေ ၆:၄၈ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၂၂(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးချုပ်တင်လတ်(လေ-၁၃၄၁)(ငြိမ်း)
### (သံအမတ်ကြီး-ငြိမ်း)
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ရွှေဘုံသာလမ်းနေ (ဦးသာထွန်း) -ဒေါ်တင်ရှိန်တို့၏ သားသမက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၄)ရပ်ကွက် ပိတောက်မြိုင်(၅) လမ်း၊ ခြံနံပါတ် (၁၂၃၅)နေ ဒေါ်ခင်ဆွေဝင်း၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်ဝတ်မှုံတင်လတ်-ဦးကျော်စိုးလှိုင်၊ ဦးဝေယံတင်လတ်၊ ဦးအာကာတင်လတ်တို့၏ ကျေးဇူးရှင် ဖခင်ကြီး၊ (ဦးတင်မောင်ထွန်း)-ဒေါ်ခင်အေးနွဲ့၊ (ဦးနိုင်ထွန်း)- ဒေါ်ရီရီမြင့်၊ ဦးအောင်ဝင်း-ဒေါ်သီတာထွန်း၊ ဦးထွန်းထွန်းဦး-ဒေါ်မာလာထွန်း၊ ဦးကျော်စွာထွန်း-ဒေါ်ဥမ္မာနိုင်တို့၏ ကျေးဇူးရှင် အစ်ကိုကြီး၊ တူ၊ တူမ ရှစ်ယောက်တို့၏ ဘဘကြီးသည် ပင်လုံဆေးရုံကြီး၌ ၆:၄၈ နာရီတွင် ကွယ်လွန်သွားပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်ကြီးစိုင်းမိုးကြည်(ငြိမ်း) အသက်(၅၈)နှစ်
### လက်ထောက်ညွှန်ကြားရေးမှူး(ထုတ်လုပ်ရေးဌာန-YCDC)

ဒေါ်မိုးမိုးခိုင်(ဦးစီးအရာရှိ၊ ရေသန့်ဌာန၊ YCDC)၏ ချစ်လှစွာသော ခင်ပွန်း ဗိုလ်ကြီးစိုင်းမိုးကြည်(ငြိမ်း)သည် ၂၂-၂-၂၀၂၂ ရက် နံနက် ၁ နာရီတွင် အမှတ်(၂) စစ်ဆေးရုံ ခုတင်(၅၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။။

**ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈၅)၊သီဟတပ်ခွဲ**
**ကျောင်းဆင်းအရာရှိများနှင့်မိသားစုဝင်များ**

## အများသိစေရန်ကြေညာခြင်း

အနာဂတ်ကွင်းဆက်အုပ်စု ကုမ္ပဏီလီမိတက် (Registration No.101681297) မှ မတည်ငွေရင်းလျှော့ချခြင်းပြုလုပ်ရန် ရှယ်ယာရှင်အစည်းအဝေးတစ်ရပ်ကို ၁၅-၂-၂၀၂၂ ရက်တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်ပြီးဖြစ်ပါသည်။ မတည်ငွေရင်းမှာ ကျပ်သိန်း ၅၀၀၀ မှ ၁၀ရာခိုင်နှုန်းထိ လျှော့ချ၍ မတည်ငွေရင်းကျပ်သိန်း ၅၀၀ သို့ ပြောင်းလဲသွားမည်ဖြစ်ပြီး သက်ဆိုင်ရာ ရှယ်ယာပိုင်ရှင်များ၏ ရှယ်ယာပိုင်ဆိုင်မှုများကိုလည်း ၁၀ ရာခိုင်နှုန်းအထိ လျှော့ချသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်-

**အနာဂတ်ကွင်းဆက်အုပ်စုကုမ္ပဏီလီမိတက်**
**ဖုန်း-၀၉-၉၇၄၁၆၂၀၀၉**

## "ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ စက်ဆန်းလမ်း၊ အမှတ်(၃၈၂)၊ အကျယ်အဝန်း (၁၆ပေ×၆၀ပေ)ရှိ မြေနှင့် အိမ်အား လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိသော ဒေါ်အေးသန်း(၁၂/ခရန(နိုင်)၀၀၈၂၂၉)ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်စုမာထွေး(၁၂/ခရန(နိုင်)၁၇၄၅၁၀)မှ အပြီးအပိုင်ဝယ်ယူရန် စရံငွေတစ်စိတ်တဒေသ ပေးချေထားပြီး ဖြစ်ပါသည်၊ အဆိုပါ ရောင်းချမည့် အိမ်ခြံမြေနှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ခွင့်ရှိသည်ဆိုပါက ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကြော်ငြာပါသည့် နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေအပ်ပါသည်၊

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| ဒေါ်စုမာထွေး | ဒေါ်ကေသီဖြိုးကျော် |
| (၁၂/ခရန(နိုင်)၁၇၄၅၁၀) | LL.B, D.B.L, D.M.L, Diploma in English |
| အမှတ်-၇၁၊ အနော်ရထာလမ်းသွယ်၊ | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၇၈) |
| အမှတ်(၁၁)ရပ်ကွက်၊ ခရမ်းမြို့နယ်၊ | အမှတ်-၄၃၉၊ အောင်သုခလမ်း၊ |
| ရန်ကုန်တိုင်းဒေသကြီး၊ | (၉)ရပ်ကွက်၊ ခရမ်းမြို့နယ်။ |
| | ၀၉၄၂၄၁၆၈၉၈၉ |

ဇီဝ မျိုးစုံ မျိုးကွဲ တွေ ကြွယ် စေဖို့ သဘာဝ တောတွေ ထိန်း သိမ်းစို့

အဂတိ ပယ်ရှား ပြည်သာယာ
Activate Windo

**အာနိစ္စ**

**နိုင်ငံ**

**သာယာ**

**ဝပြောဖို့**

**သဘာဝ**

**တောတွေ**

**ထိန်းသိမ်း**

**စို့**

## ဝမ်းနည်းခြင်း
## ဦးမောင်ရွှေ (ခ) ဦးဘီအယ်လ်ဂိုအင်ကာ
**အပြည်ပြည်ဆိုင်ရာဓမ္မဂီရိဝိပဿနာအဖွဲ့ (မြန်မာနိုင်ငံ)**

**အသက် (၇၅) နှစ်**

ရန်ကုန်မြို့နေ (ကမ္ဘာ့ဝိပဿနာတရားပြဆရာကြီး ဦးဂိုအင်ကာ၊ ဆရာမကြီး ဒေါ်အိလိုင်ချီဒေဝီဂိုအင်ကာ)တို့၏ သား၊ တရားပြဆရာမကြီး ဒေါ်ဆူရှီလာဂိုအင်ကာ၏ ခင်ပွန်း၊ အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့(မြန်မာနိုင်ငံ)၏ နာယကကြီး ဦးမောင်ရွှေ(ခ) ဦးဘီအယ်လ်ဂိုအင်ကာ(ဗန္ဓုလကုမ္ပဏီလီမိတက်)သည် ၂၂-၂-၂၀၂၁ ရက် နံနက် ၆:၃၀ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့ပြီး ရေဝေးသုသာန်၌ နေ့ချင်းပြီးမီးသင်္ဂြိုဟ်ပြီးစီးကြောင်း ကြားသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါသည်။

**တရားပြဆရာ၊ ဆရာမများ**
**ရိပ်သာအသီးသီးမှ ဂေါပကများ၊ ယောဂီဟောင်းများ**
**အပြည်ပြည်ဆိုင်ရာဓမ္မဂီရိဝိပဿနာအဖွဲ့ (မြန်မာနိုင်ငံ)**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နွယ်နွယ်ဝင်း
**အသက် (၈၁) နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ ပြည်ရိပ်သာလမ်း၊ ခြံအမှတ် (၅၀၅/၆က) နေ (ဦးဟုတ်စွမ်-ဒေါ်သန်းရီ)တို့၏ သမီးကြီး၊ (ဦးဘစန်း-ဒေါ်ခင်ခင်သိုက်)တို့၏ သမီးချွေးမ၊ [ဦးလှိုင်မြင့်စန်း (ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း)]၏ ချစ်လှစွာသောဇနီး၊ ဦးငွေအောင်-ဒေါ်ခင်ကြည်၊ ပါမောက္ခ ဒေါက်တာဦးကြည်စိုး-ဒေါက်တာဒေါ်လှလှတင့်၊ ဦးထွန်းရင်-ဒေါ်သန်းသန်းဆင့်၊ ဒေါ်ကြည်ကြည်လှိုင်တို့၏ ချစ်လှစွာသောအစ်မကြီး၊ MR.Woon Tien Teck-ဒေါ်အေးချိုချိုစန်း၊ ဦးရဲ မြင့်စန်း-ဒေါ်ရွှေစင်မြင့်၊ ဒေါ်နွယ်နီစန်းတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ Ms. Woon Yong Xin၊ MR. Andrew Woon Yong Tian၊ မောင်အာကာမြင့်စန်းတို့၏ ချစ်လှစွာသောအဘွားသည် ၁၉-၂-၂၀၂၁ ရက် နံနက် ၄:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဗိုလ်မှူးကြီး မြင့်ဦး(ငြိမ်း)
**OTS အပတ်စဉ်(၄၁)**
**(ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ စက်မှုဝန်ကြီးဌာန)**

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ မယ်ဇီကုန်း၊ သံလမ်း၊ အမှတ် (၄၂-က)နေ (ဦးစောရှိန်-ဒေါ်အုန်းသင်)တို့၏ သားကြီး၊ (ဦးသန်းငွေ)၏ အစ်ကို၊ ဒေါ်ငွေးရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီး ကျော်စွာထွန်း-ဒေါ်မေမျိုးဇော်၊ ဦးရဲဝင့်ဇော်-ဒေါ်နန်းနွေးနွေးစိုး၊ (ဦးထွဋ်မြတ်ဇော်)-ဒေါ်သန္တာဆွေ၊ မချိုထွေးဇော်တို့၏ ချစ်လှစွာသောဖခင်၊ မြေးလေးယောက်တို့၏ ချစ်လှစွာသော အဘိုးသည် ၂၂-၂-၂၀၂၁ (တနင်္လာနေ့) ည ၈:၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၂၁ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၂-၂၀၂၁ ရက် နံနက် ၁၀:၃၀နာရီတွင် ဒဂုံဆိပ်ကမ်းမြို့နယ်၊ ၁၀/မြောက် ရပ်ကွက်၊ ရတနာအိမ်ရာ၊ မြလမ်း၊ အမှတ်(၈၅) နေအိမ်သို့ ရည်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်တင်တင်စု(မန္တလေး) (၉၃)နှစ်

မန္တလေးမြို့၊ ရုံတော်ကြီးနေ (ဦးဘဘေ- ဒေါ်သိန်းရင်)တို့၏သမီး၊ (ဦးဘဦး-ဒေါ်မမကြီး)တို့၏ သမီးချွေးမ ၊ (ဒေါ်တင်တင်ဦး- ဦးမောင်မောင်)၊ ဦးကိုကိုကြီး-(ဒေါ်သန်းသန်း)၊ (ဦးကိုကိုလေး-ဒေါ်နုနုရီ)၊ (ဒေါ်တင်တင်အေး-ဦးမောင်ကို)၊ ဒေါ်တင်တင်ငွေ-ဦးကြင်၊ (ဦးခင်မောင်သန်း)- ဒေါ်မမကြီး၊ ဒေါက်တာဦးခင်မောင်ဝင်း- ဒေါက်တာဒေါ်နီလာဝင်းတို့၏ ညီမ/အစ်မ၊ (ဦးခင်မောင်အုန်း)၏ဇနီး၊ (ဒေါ်နုနုအုန်း)၊ ဒေါ်နွဲ့နွဲ့အုန်း (ဦးအုန်းကျော်)၊ ဒေါက်တာတင်မောင်မောင်-ဒေါက်တာသိင်္ဂီထွန်း(NZ)၊ ဦးခင်မောင်မောင်-ဒေါ်သက်သက်လွင်၊ ဒေါ်သန်သန်းအုန်း-ဦးဒင်းနစ်ဝင်းသိန်း(NZ)၊ ဒေါ်ရီရီအုန်း၊ ဒေါက်တာသော်သော်နိုင်(Aus.)၊ ဒေါ်စန်းစန်းအုန်း-ဦးသန်းဇော်တို့၏ ချစ်လှစွာသောမွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၁ ယောက်တို့၏အဘွား၊ မြစ် ၁၀ ယောက်တို့၏ ဘွားဘွားကြီး၊ (၂၁) ဗိုလ်ရာညွှန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်နေ ဒေါ်တင်တင်စုသည် ၂၂-၂-၂၀၂၁ ရက် ၁၁:၁၅ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ပါရမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၂၁ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၂-၂၀၂၁ (တနင်္ဂနွေနေ့) နံနက်တွင် ၂၁ ဗိုလ်ရာညွှန့်လမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဝင်းကြိုင်
**အသက်(၆၄)နှစ်**

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်သည် ၂၁-၂-၂၀၂၁ ရက်နေ့ နံနက် ၉ နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင်မောင်- ဆရာမဒေါ်လှသန်း**
**မိသားစု**
**ကမာမတ်စံပြကျေးရွာ၊ ခရမ်းမြို့နယ်**

---

## ဦးကျော်တင့်(Tommy Bapho)
**အသက်(၇၆)နှစ်**

(ဦးဘဖိုး-ဒေါ်သန်းကြည်)တို့၏ သား၊ ဦးကျော်မြင့်၊ ဒေါ်တင်တင်အေး၊ ဦးညွှန့်တင်-ဒေါ်ခင်စန်းမြင့်တို့၏ ညီ/မောင်၊ ဦးဗညားတင်မောင်-ဒေါ်ခင်မြင့်ထူးတို့၏ အစ်ကို၊ (ဦးထွန်းကျော်-ဒေါ်ခင်လှ)တို့၏ သားသမက်၊ မသက်ထားဆွေ(SG)၊ ကိုအောင်ကျော်မြင့်၊ (ကိုဝင်းမြင့်အောင်)တို့၏ဖခင်၊ မောင်အောင်ခန့်ဇော် (SG)၊ မဆုဆုဇော်၊ မောင်အောင်ကောင်းမြင့်(SG)တို့၏ အဘိုး၊ ဒေါ်ခင်ကျော်၏ ချစ်လှစွာသောခင်ပွန်း ဦးကျော်တင့်သည် ၁၉-၂-၂၀၂၁ ရက် နံနက် ၈:၁၈ နာရီတွင် ဘဝတစ်ပါးသို့ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၂-၂၀၂၁ ရက်တွင် အမှတ် (2B/217)၊ မုဒိတာအိမ်ရာ(၂)၊ အင်းစိန်၌ အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးဝင်းကြိုင်
**အသက်(၆၄)နှစ်**

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်သည် ၂၁-၂-၂၀၂၁ ရက်နေ့ နံနက် ၉ နာရီတွင် ပန်းလှိုင်ဆေးရုံ၌ကွယ်လွန်သွားကြောင်းကြားသိပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်မှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
**ခရမ်းမြို့နယ်အသင်း၊ ရန်ကုန်**
**အလုပ်အမှုဆောင်**

## ဦးဝင်းကြိုင်
**အသက်(၆၄)နှစ်**

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်သည် ၂၁-၂-၂၀၂၁ရက်နေ့ နံနက် ၉ နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

---

# သ စ် တော မှန် လျှင် အ သုံး ဝင်၊
# အ စဉ် ထာ ဝ ရ ထိန်း သိမ်း ကြ

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

## ဒုဗိုလ်မှူးကြီး တင်အေး
**ဗိုလ်သင်တန်း(အပတ်စဉ်-၂၁)၊ ကြည်း ၈၀၇၅(ငြိမ်း)**

**အသက်(၈၅)နှစ်**

ဖျာပုံမြို့နေ (ဦးတန်ရှုယုန်-ဒေါ်တင်)တို့၏ သား၊ (ဦးမြင့်အောင်-ဒေါ်အုန်းကြည်)တို့၏ သားသမက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ စက်မှုလယ်ယာလမ်း၊ အမှတ်(၁၀၉၆) နေ ဒေါ်မြင့်မြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမိုးအေး-ဒေါ်ခိုင်ဇာဝင်း၊ ဒေါ်သင်းသင်းအေး(ဆ/မ)၊ ဦးမိုးထိန်လင်း(မြို့တော်စည်ပင်)-ဒေါ်စန္ဒာထွန်း(ဆ/မ)၊ ဦးမိုးထွေး(လက်ထောက်ညွှန်မှူး၊ စစစ)-ဒေါ်သင်းသင်းမိုး(ဆ/မ)၊ ဦးအောင်သန်းထွန်း(A-7ကားဘော်ဒီရုံ)- ဒေါ်ဥမ္မာအေးတို့၏ မွေးသဖခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၂၂-၂-၂၀၂၁ (တနင်္လာနေ့) မွန်းလွဲ ၂:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၂၁ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၂-၂၀၂၁ (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်၌ ရေစက်သွန်းချအမျှပေးဝေလိုပါသောကြောင့် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးဝင်းကြိုင်
**(အထွေထွေအတွင်းရေးမှူး) မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်**

**အသက် (၆၄) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ ကမာမတ်စံပြကျေးရွာနေ (သခင်အုန်းမောင်-ဒေါ်အေးညွှန့်)တို့၏ မြေး၊ [ဦးသိန်းဟန် (အငြိမ်းစားကျောင်းအုပ်)]-ဒေါ်ခင်နွဲ့တို့၏ သားကြီး၊ ဦးလှဦး (တပ်မတော်-ငြိမ်း) - ဒေါ်ခင်မြင့်မြင့်ဆွေ (ကျောင်းဆရာမ-ငြိမ်း)တို့၏ သားသမက်၊ ဦးလွင်ကြည်-ဒေါ်ထား၊ ဦးလှဝင်းရီ-ဒေါ်သန္တာထွန်း၊ ဦးမောင်ငွေ (နှင်းဝတီပုံနှိပ်တိုက်) - ဒေါ်ညွန့်ညွန့်ရီ (ကျောင်းအုပ်ဆရာမကြီး)၊ ဦးအောင်ဇင်သက်-ဒေါ်တင်အေးမူ၊ ဦးသိန်းလွင် (ရောဝတီ ခေတ်မီငါးသားဖောက်စခန်း)-ဒေါ်စန်းစန်းတိုး (ဦးစီးအရာရှိ၊ ငါးလုပ်ငန်းဦးစီးဌာန)၊ ဦးရဲထွဋ်နိုင် (ညွှန်ကြားရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန)- ဒေါ်အေးချမ်းမွန် (ရှေ့နေ)တို့၏ အစ်ကိုကြီး၊ တူ/တူမ ကိုးယောက်တို့၏ ဘကြီး၊ ဒေါ်ခိုင်သဇ္ဇာဦး (မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ပြည်တွင်းကုန်သွယ်မှုဌာနခွဲ-ရန်ကုန်)၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ဘုန်းပြည့်စုံကမ္ဘာကြိုင်စိုး၏ ချစ်လှစွာသောဖခင် ဦးဝင်းကြိုင်သည် ၂၁-၂-၂၀၂၁ (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မွန်းလွဲ ၁၂:၃၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၂-၂၀၂၁ (စနေနေ့) နံနက် ၇ နာရီတွင် ကမာမတ်စံပြကျေးရွာ [ဦးသိန်းဟန် (အငြိမ်းစားကျောင်းအုပ်)]-ဒေါ်ခင်နွဲ့တို့၏ နေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါသောကြောင့် ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဝင်းကြိုင်
**အသက်(၆၄)နှစ်**

**အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်**

မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးကြိုးစားဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ကြီး၏ လေးစားခင်မင်တန်ဖိုးထားရပါသော မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း ဒု-ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရေချိုငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများအသင်း တွဲဖက်အတွင်းရေးမှူး၊ ကမ္ဘာ့ရတနာဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ဝင်၊ ဧရာဝတီခေတ်မီငါးသားဖောက်စခန်းတည်ထောင်သူ ဦးဝင်းကြိုင် အသက်(၆၄)နှစ်သည် ၂၁-၂-၂၀၂၁ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်**
**မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း**
**မြန်မာနိုင်ငံပုစွန်မွေးမြူထုတ်လုပ်ရောင်းချသူများအသင်း**
**မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း**
**မြန်မာနိုင်ငံငါး/ပုစွန်အစာထုတ်လုပ်ရောင်းဝယ်သူများအသင်း**
**မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း**
**မြန်မာနိုင်ငံရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများအသင်း**
**မြန်မာနိုင်ငံဂဏန်းလုပ်ငန်းရှင်များအသင်း**
**မြန်မာနိုင်ငံငါးရှဉ့်လုပ်ငန်းရှင်များအသင်း**
**မြန်မာနိုင်ငံအလှမွေးငါးလုပ်ငန်းရှင်များအသင်း**
**မြန်မာနိုင်ငံငါးပိ၊ ငါးခြောက်၊ ငံပြာရည် ထုတ်လုပ်ရောင်းဝယ်သူများအသင်း**

---

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

# စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်ရှိ ဇလုံတောင်တော်ကြီး ပြန်လည်ဖွင့်လှစ်

**ကသာ ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်အတွင်းရှိ ဇလုံတောင်တော်ကြီးကို ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အများပြည်သူဖူးမြော်ခွင့် ယာယီပိတ်ထားရာမှ ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့၏ ညွှန်ကြားချက်အရ ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဇလုံတောင်တော်ကြီး ဖွင့်ပွဲအခမ်းအနားကို ဇလုံတောင်တော်ရှိ ရင်ပြင်နေရာတွင် ကျင်းပရာ ဗန်းမောက်မြို့မ ပရိယတ္တိစာသင်တိုက်ဆရာတော် အရှင်ဝိစိတ္တ ဦးဆောင်၍ ဆရာတော်၊ သံဃာတော်များ၊ ဒည့်ပရိသတ်များက နမောတဿ သုံးကြိမ် ရွတ်ဆိုပူဇော်ဖွင့်လှစ်ခဲ့ပြီးနောက် ဆရာတော်၊ သံဃာတော်များက အောင်ဂါထာတော်များ၊ ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်နှင့် ပစ္စယနိဒ္ဒေသပါဠိတော်၊ အမျှဝေဂါထာတော်များကို ရွတ်ဖတ်ပူဇော်ခဲ့ပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဖတ်ပူဇော်၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❁



# တပ်မတော်မှစစ်ရေယာဉ်များဖြင့် မလေးရှားနိုင်ငံရောက် နေရပ်ပြန်လိုသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်



နေရပ်ပြန်မည့် မြန်မာနိုင်ငံသားများအတွက် သက်သေခံလက်မှတ်များ ထုတ်ပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း နိုင်ငံရပ်ခြားတွင် ကာလရှည်ကြာစွာ ပိတ်မိဒုက္ခခံနေရသည့် မြန်မာနိုင်ငံသားများအနေဖြင့် မိမိတို့ မြန်မာနိုင်ငံသို့ ပြန်လာသင့်ကြောင်း၊ အဆိုပါ ပြည်ပရောက် မြန်မာနိုင်ငံသားများအား အမြန်ဆုံးပြန်လည်ခေါ်ဆောင်နိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လမ်းညွှန်မှာကြားခဲ့သဖြင့် မလေးရှားနိုင်ငံတွင် ယခင်ကာလများကတည်းက အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိရန် အခက်အခဲများဖြစ်ပေါ်လျက်ရှိသည့် မြန်မာနိုင်ငံသားများကို ခေါ်ဆောင်ရန် တပ်မတော်(ရေ)မှ ဗိုလ်မှူးချုပ် နိုင်မင်းကျော် ဦးဆောင်သည့် စစ်ရေယာဉ်(မုတ္တမ)၊ ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)နှင့် စစ်ရေယာဉ်(ဆင်ဖြူရှင်)တို့သည် ရန်ကုန်မြို့မှ မလေးရှားနိုင်ငံ လူမွတ်(Lumut) ရေတပ်ဆိပ်ကမ်းသို့ ဖေဖော်ဝါရီ ၁၅ ရက်တွင် စတင်ထွက်ခွာခဲ့သည်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❒

## Arrival Card / Departure Card ပြန်လည်သုံးစွဲမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

မြန်မာနိုင်ငံသို့ နိုင်ငံခြားသားများနှင့် မြန်မာနိုင်ငံသားများ ရောက်ရှိလာချိန်နှင့် ပြန်လည်ထွက်ခွာချိန်များတွင် ၎င်းတို့၏ အချက်အလက်များအား မှတ်တမ်းထားရှိရန်လိုအပ်သဖြင့် မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ ဝင်ရောက်/ထွက်ခွာသည့် အခါတိုင်း Arrival Card/ Departure Card ဖြည့်သွင်းသည့်စနစ်ကို မတ် ၁ ရက်မှစ၍ ပြန်လည်သုံးစွဲမည်ဖြစ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

## ကြေးမုံ ယနေ့ ဖတ်စရာ

**တန်ဖိုးကြီးလှ လူ့ဘဝ**

စာမျက်နှာ » ၆

**၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုသည့် ဆန္ဒမဲလက်မှတ်ရိုက်နှိပ်မှုနှင့် စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက် ထုတ်ပြန်ခြင်း**

စာမျက်နှာ » ၇

**ဗြိတိန်နိုင်ငံက မတ်လမှစတင်ကာ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ခရီးသွားလာခွင့် ကန့်သတ်ချက်များကို ဖြေလျှော့ပေးရန် စီစဉ်**

စာမျက်နှာ » ၁၃